# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday , 19 September 2016 (၈၆၈၉)


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သော သဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

**ရေဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ဘက်စုံထောင့်စုံမှ လေ့လာစိစစ်သုံးသပ်နိုင်ရန် ဆောင်ရွက်နေဆဲဖြစ် ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ခံစားချက်များနှင့် သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားပြီး ပထမအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံတင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ - ၈

# Harvard Foundation 2016 Humanitarian of the Year Award

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လက်ခံရယူ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား Dr. S. Allen. Counter က ဆုချီးမြှင့်ပေးအပ်စဉ်။

**ဘော်စတွန် စက်တင်ဘာ ၁၈**

အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိ Harvard University ၏ Harvard Foundation မှ ချီးမြှင့်သည့် Harvard Foundation 2016 Humanitarian of the Year ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် Harvard University, Science Centre ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် Harvard Foundation ၏ Director ဖြစ်သူ Dr. S. Allen. Counter က 2016 Humanitarian of the Year ဆုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ချီးမြှင့်ပေးအပ်ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကမ္ဘာအေးရှိ မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၁၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ကမ္ဘာအေးမိုးလေဝသစခန်းတွင် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူအား အစည်းအဝေးခန်းမ၌ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရာသီဥတုစောင့်ကြည့်လေ့လာရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစီမံကိန်း (ရေဒါတည်ဆောက်ခြင်းစီမံကိန်း) ဆောင်ရွက်နေမှု၊ မိုးလေဝသ သတိပေးနှိုးဆော်ချက်များကို အက်ဖ်အမ်ရေဒီယိုနှင့် ရုပ်သံလွှင့်လိုင်းများ၊ သတင်းစာများနှင့် လူမှုကွန်ရက်များပေါ်တွင် ထုတ်လုပ်ဖြန့်ချိပေးနေမှု၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရာသီဥတုစောင့်ကြည့်လေ့လာရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပို့ဆောင်ရေးနှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)




ကြေးမုံ

# ဒီမိုကရေစီတန်ဖိုးကို အလေးထား

မြန်မာပြည်သူများအတွက် ဒီမိုကရေစီခရီးကြမ်းကို နှစ်ပေါင်း ၂၀ ကျော်ကြာ ဖြတ်သန်းခဲ့ရသည်။ ပင်ပန်းကြမ်းတမ်း စွန့်လွှတ်အနစ်နာခံခြင်းများစွာဖြင့် ဖြတ်သန်းခဲ့ကြရာ မျက်မှောက်ကာလတွင် ဒီမိုကရေစီခရီးလမ်းပေါ်သို့ စတင်လျှောက်လှမ်းနေပြီဖြစ်သည်။ ဒီမိုကရေစီခရီးလမ်းပေါ်သို့ စတင်လျှောက်လှမ်းနေစဉ်တွင်လည်း ခက်ခဲကြမ်းတမ်း ခက်ထန်ပြီး အခက်အခဲများစွာရှိသည်။

မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီ၏ပိုင်စိုးရှင်မှာ ပြည်သူများပင်ဖြစ်သည်။ ပိုင်စိုးရှင်များပီပီ ဒီမိုကရေစီသဘောတရား၊ ဒီမိုကရေစီအခွင့်အရေး၊ ဒီမိုကရေစီတန်ဖိုး၊ ဒီမိုကရေစီအန္တရာယ်များကို သိရှိနားလည်ထားကြရမည်ဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ နိုင်ငံရေးဝါဒစကားသာမဟုတ်၊ ပြည်သူတို့၏အနေအထိုင် အတွေးအခေါ် အလေ့အကျင့်ဖြစ်သည်။ ဒီမိုကရေစီကို ဟောပြောရုံနှင့်မရ၊ ကျင့်သုံးမှရသည်။ ဒီမိုကရေစီဆိုသည်မှာ မိုးပေါ်ကကျလာသော ရတနာမဟုတ်။ သူကပေးမှ ရသော ရတနာလည်းမဟုတ်၊ ပြည်သူတို့က ကိုယ့်ဘဝကို ကိုယ်ဖန်တီးကြသည့် စနစ်သာဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ မည်သည့်အရာဟု အထင်အရှားသိလိုလျှင် ဒီမိုကရေစီဆိတ်သုဉ်းခဲ့သည့် အာဏာရှင်အဖြစ်အပျက်တို့နှင့် နှိုင်းယှဉ်ကြည့်နိုင်သည်။ ဒီမိုကရေစီ၏ အနှစ်သာရကို ခံစား၊ စံစားနေရချိန်တွင် မဆန်းတော့၍ အရသာတွေ့ချင်မှ တွေ့မည်။ အာဏာရှင်စနစ်၏ ခါးသီးမှုများကို ခံစားရသည့်အခါတွင်မှ ဒီမိုကရေစီ၏ အရသာကို ပို၍တန်ဖိုးထားကြမည်ဖြစ်သည်။

ယခုပြည်သူများ မျှော်လင့်စောင့်စားခဲ့ရသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပြည်သူများ စတင်လျှောက်လှမ်းနေပြီဖြစ်သည်။ ဒီမိုကရေစီ၏ အခြေခံမူမှာ အချုပ်အခြာအာဏာသည် ပြည်သူများထံမှ ဆင်းသက်သည်။ အစိုးရသည် ပြည်သူကို အလုပ်အကျွေးပြုဖို့ဖြစ်ပြီး ပြည်သူက အခွင့်အရေးရယူဖို့ဖြစ်သည်။ ပြည်သူ့အခွင့်အရေးအာဏာတို့ကို အစိုးရက ပေးရန်ဖြစ်ပြီး ထိုအခွင့်အရေးအာဏာတို့ကို ပြည်သူတို့ကပင် မပြတ်မလပ် စောင့်ရှောက်ကာကွယ်ရသည်။ ငေးငိုင်၍မနေရ၊ တွေဝေ၍မနေရ၊ နိုးကြား၍နေရသည်။ ဒီမိုကရေစီခရီးလမ်းကို စတင်လျှောက်စဖြစ်၍ သတိကြီးကြီးထားရသည်။ ငေးငိုင်၊ တွေဝေမိပါက အငိုက်မိတတ်သည်။ ဒီမိုကရေစီပန်းတိုင်နှင့် အလှမ်းဝေးတတ်သည်။

ပြည်သူများ ချမ်းသာကြွယ်ဝပြီး ဖွံ့ဖြိုးတိုးတက်သည့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးဖြစ်ပေါ်လာရေးတွင် အစိုးရနှင့်လွှတ်တော်များက ပြည်သူလူထုအကျိုးစီးပွားအတွက် ဦးဆောင်လမ်းဖွင့် ဆောင်ရွက်ပေးသူသာဖြစ်သည်။ အဓိက အခရာဖြစ်သူမှာ ပြည်သူလူထုသာဖြစ်ပြီး အားလုံးကိုယ်ကျိုးမဖက် အတူတကွဝိုင်းဝန်း ကြိုးပမ်းတက်လှမ်းကြရမည်ဖြစ်သည်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော ဒီမိုကရေစီ အနှစ်သာရများကို နိုင်ငံသားတိုင်း တန်းတူညီမျှ ရရှိခံစားနိုင်စေရန် လူမျိုးစွဲ၊ ဘာသာစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ တစ်ဦးအပေါ်တစ်ဦး ယုံကြည်လေးစား ချစ်ခင်မှုများဖြင့် ဒီမိုကရေစီပန်းတိုင်ဆီသို့ အရောက်လှမ်းကြရမည်ဖြစ်သည်။

ယခု ဒီမိုကရေစီအညွန့်အဖူးလေးများ မညှိုးနွမ်းသွားစေရန် မျက်ခြည်မပြတ် ဂရုစိုက်ကြဖို့လိုမည်။ ဒီမိုကရေစီကို တစ်နည်းနည်းဖြင့် တိုက်ဖျက်နေသည့် အန္တရာယ်ရန်စွယ်တို့ကိုလည်း သတိပြုကာကွယ်ကြရန်လိုသည်။ ဒီမိုကရေစီကို ရန်လိုကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းတို့ကိုလည်း သဘောထားကြီးခြင်း၊ သည်းခံခြင်းတို့ဖြင့် အမုန်းမဖက် ဆက်ဆံတတ်ဖို့လိုမည်ဖြစ်သည်။ ဒီမိုကရေစီကို ချစ်မြတ်နိုးသူများ၊ ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်လိုသူများ၊ ဒီမိုကရေစီအရသာကို ခံစားလိုသူများအနေဖြင့် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျင့်ကြံကြရန်လိုအပ်သလို အမှားကင်းအောင်လည်း အထူးသတိထားဖို့လိုသည်။

ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် စတင်လျှောက်လှမ်းစ ဒီမိုကရေစီခရီးလမ်းဖြောင့်ဖြူးအောင်၊ ယခုမှ စတင်စိုက်သည့် ဒီမိုကရေစီမျိုးစေ့အမြစ်တွယ်အောင် အားလုံးတက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ စစ်တွေမြို့၌ ကျင်းပ



**စစ်တွေ စက်တင်ဘာ ၁၈**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမတွင် စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အမျိုးသားယဉ်ကျေးမှု တိုးတက်မြင့်မားရေး ဦးတည်ချက်များနှင့် နိုင်ငံအဝန်း နှစ်စဉ်ကျင်းပလျက်ရှိကြောင်း၊ ယခုဆိုလျှင် (၂၂)ကြိမ်မြောက်ရှိခဲ့ပြီဖြစ်ကြောင်း ယနေ့ပြိုင်ပွဲဝင်များသည် နိုင်ငံတော်အဆင့်သွားရောက်ယှဉ်ပြိုင်မည့် ရခိုင်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ ရွေးချယ်ဆုပေးပွဲဖြစ်သလို မျိုးဆက်သစ် ဝါသနာရှင်များ ရှာဖွေဖော်ထုတ်သည့်ပွဲဟု ခေါ်ဆိုနိုင်ကြောင်း၊ ယခုနှစ်ပြိုင်ပွဲ ထူးခြားမှုတစ်ခုက ရခိုင်တို့၏ ရခိုင်ရိုးရာ ယိမ်းအကနှင့် ကရင်ဒုံးယိမ်းအက နှစ်မျိုးကို တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် တစ်ပြေးညီ ပါဝင်ယှဉ်ပြိုင်ရမည် ဖြစ်ကြောင်း၊ တိုင်းရင်းသားတို့၏ အကတစ်မျိုးကို မဲနှိုက်ရွေးချယ်ခဲ့ရာ ရခိုင်ပြည်နယ်က ပထမဆုံး မဲပေါက်ခဲ့ပြီး သာလီစွရခိုင်ပြည် ယိမ်းအကကို ပြိုင်ပွဲဝင်ယိမ်းအဖြစ် ရွေးချယ်ခံရသည်ကို ဂုဏ်ယူရမှာဖြစ်သလို ရခိုင်ပြည်နယ်အနေဖြင့် ပထမရွှေတံဆိပ်ရရှိရန်အတွက်လည်း အထူးကြိုးပမ်းရမှာဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲ၏ ဦးတည်ချက်များကို ဦးထိပ်ထားပြီး ရခိုင်ပြည်နယ်၏ ဂုဏ်သိက္ခာ မြှင့်တင်နိုင်သူများဖြစ်အောင် စည်းလုံးချစ်ကြည်စွာ ကြိုးစားပါဝင်ယှဉ်ပြိုင်ကြရန် ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက အဖွင့်အမှာ စကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ ခရိုင်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

# (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**ကျောက်တန်း စက်တင်ဘာ ၁၈**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးနှင့် ကျောက်တန်းမြို့မစခန်းမှူး ဒုရဲမှူးကျော်ဆွေတို့ ဦးဆောင်ကြီးကြပ်၍ တိုင်းဒေသကြီး (၁)လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးလွင်၊ တိုင်းဒေသကြီး(၂) လွှတ်တော် ကိုယ်စားလှယ် ဒေါ်သက်သက်မူတို့ပါဝင်သော ရဲတပ်ဖွဲ့အင်အား (၁၁+၄၀)နှင့် ရဲတပ်ဖွဲ့မိသားစု အမျိုးသမီး ၂၅ ဦး တို့သည် စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီခွဲက ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ခြုံနွယ်၊ မြက်ပင်ပေါင်းပင်များ၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**




**စာအုပ်စာပေ လူ့မိတ်ဆွေ**

# မှုခင်းပညာပေးယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းပညာပေးအစီအစဉ်အဖြစ် ၁၀ ဘီးယာဉ်ဖြင့် မှုခင်းပညာပေးပြခန်း ဖွင့်လှစ်၍ ပညာပေးလုပ်ငန်းများကို စက်တင်ဘာ ၁ ရက်မှ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မှုခင်းပညာပေးပြခန်းယာဉ်သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီထိ လှည်းကူးမြို့နယ် ဖောင်ကြီးမင်းကုန်းကျေးရွာအုပ်စုရှိ(၁)ရပ်ကွက် သမဝါယမကောလိပ်ရှေ့နှင့် ဥယျာဉ်ဝကျေးရွာရှိ ကြီးလေးကြီး လမ်းဆုံတို့တွင် ပညာပေးပြသဆောင်ရွက်ခဲ့ရာ ပြည်သူများနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၁၅၀၀ တို့အား လူကုန်ကူးမှုအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့်ယာဉ်အန္တရာယ်များ ကင်းဝေးစေရေးနှင့်မှုခင်းဆိုင်ရာ အသိအမြင်များ ရရှိစေရေးအတွက် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နယူးယောက်မြို့ရှိ မြန်မာအသိုက်အဝန်းနှင့်တွေ့ဆုံ

**နယူးယောက် စက်တင်ဘာ ၁၈**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နယူးယောက်မြို့ရှိ မြန်မာအသိုက်အဝန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များအား ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်မှ ပညာရေးကဏ္ဍမြှင့်တင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးချဲ့မြှင့်တင်ဆောင်ရွက်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာအသိုက်အဝန်းမှ တာဝန်ရှိသူများက ကျန်းမာရေးကဏ္ဍ ပိုမိုတိုးတက် မြင့်မားလာစေရေး၊ ပြည်ဝင်ခွင့်ဗီဇာသက်တမ်း တိုးမြှင့်ဆောင်ရွက်ပေးရေး ကိစ္စရပ်များအား ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**
**နယူးယောက်မြို့၌ မြန်မာအသိုက်အဝန်းနှင့် တိုင်းရင်းသားကိုယ်စားလှယ်များအား တွေ့ဆုံစဉ်။** (သတင်းစဉ်)

**☆ ဒုတိယသမ္မတမှ**
ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက မိုးလေဝသခန့်မှန်းချက်များသည် လယ်ယာစိုက်ပျိုးရေးကိုအခြေခံသည့် မိမိတို့နိုင်ငံအတွက် အရေးကြီးပါကြောင်း၊ ခန့်မှန်းချက်များကို ပြည်သူတို့ထံ တိတိကျကျမှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ထုတ်ပြန်ပေးနိုင်ရန် ကြိုးစားဆောင်ရွက်ရန်လိုအပ်ပါကြောင်းဖြင့် မှာကြားပြီး မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုလေ့လာသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်နှင့် သတိပေးချက်များကို ထုတ်ပြန်ပေးခြင်း၊ မြေငလျင်သတင်း၊ ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခြင်း၊ တိုင်းတာချက်များကို သတ်မှတ်ချိန်များတွင် တိုင်းထွာရယူခြင်း၊ မှတ်တမ်းအချက်အလက်များကို ပြည်တွင်းပြည်ပဖလှယ်ခြင်း၊ တိုင်းတာရရှိသော မှတ်တမ်းအချက်အလက်များကို မိုးလေဝသမြေပုံများ၊ ဂရပ်များပေါ်တွင် ရေးဆွဲခြင်းနှင့် နိုင်ငံတကာ မိုးလေဝသအဖွဲ့အစည်းများ၏ ခန့်မှန်းချက်များကို ဆန်းစစ်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကို ကြိုတင်သိရှိနိုင်ရန်အတွက် JICA အကူအညီဖြင့် မိုးလေဝသရေဒါသုံးလုံးနှင့် အလိုအလျောက် မိုးလေဝသတိုင်းတာရေးကိရိယာ ၃၀ အား ၂၀၁၃-၂၀၁၇ ခုနှစ်အတွင်း တပ်ဆင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ကျောက်ဖြူရှိ မိုးလေဝသရေဒါကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် လက်ခံရရှိပြီး ရန်ကုန်ကမ္ဘာအေးမိုးလေဝသရေဒါမှာ ယခုနှစ် အောက်တိုဘာလတွင် လုပ်ငန်းများစတင်နိုင်မည်ဖြစ်ကာ မန္တလေးမြို့ မိုးလေဝသရေဒါသည် ၂၀၁၇ ခုနှစ် မေလ၌ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ**
**မိုးလေဝသခန့်မှန်းရေး ရေဒါတာဝါအား တွေ့ရစဉ်။**

## ယခုနှစ် ဇန်နဝါရီမှ ဇူလိုင်လအထိ မြန်မာနိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ခုနစ်သိန်းကျော် ဝင်ရောက်မှုရှိခဲ့ပြီး ယခင်နှစ်ကာလထက် ၄ ရာခိုင်နှုန်းတိုးတက်

**ရန်ကုန် စက်တင်ဘာ ၁၈**
ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ခုနစ်လတာကာလအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ခုနစ်သိန်းကျော်ရှိခဲ့ပြီး ယခင်နှစ် ကာလတူနှင့် နှိုင်းယှဉ်ပါက ၄ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ခုနစ်လတာကာလအတွင်း နိုင်ငံခြားသားဧည့်သည့် ခုနစ်သိန်းကျော် လာရောက်ခဲ့မှုတွင် တိုးရစ်ဗီဇာဖြင့် လာရောက်ခဲ့သည့်ဧည့်သည်အရေအတွက်မှာ သုံးသိန်းနီးပါးခန့်ရှိခဲ့ပြီး စီးပွားရေးနှင့် အခြားသောဗီဇာအမျိုးအစားဖြင့် လာရောက်ခဲ့သည့် နိုင်ငံခြားသားဧည့်သည်များမှာ လေးသိန်းခွဲကျော်ရှိခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန စာရင်းများအရ သိရသည်။

တိုးရစ်ဗီဇာဖြင့် လာရောက်ခဲ့သည့်ဧည့်သည်များတွင် လေကြောင်းလိုင်းခရီးစဉ်ဖြင့် ရန်ကုန်လေဆိပ်မှ ဝင်ရောက်လာသူ နှစ်သိန်းကျော်၊ မန္တလေးလေဆိပ်မှ ဝင်ရောက်လာသူ နှစ်သောင်းကျော်၊ နေပြည်တော်လေဆိပ်မှ ဝင်ရောက်လာသူ ၂၀၀ ကျော်၊ သင်္ဘောခရီးစဉ်ဖြင့် လာရောက်သူ ၈၃၄၇ ဦး၊ နယ်စပ်မှတစ်ဆင့်လာရောက်သူ ၃၇၇၀၆ ဦး စုစုပေါင်း သုံးသိန်းနီးပါးခန့် ဖြစ်သည်။

စီးပွားရေးကိစ္စများအပါအဝင် အခြားသောဗီဇာဖြင့်ဝင်ရောက်လာသူမှာ လေကြောင်းခရီးစဉ်ဖြင့် လာရောက်သူ ၄၄၆၄၁၅ ဦး ရှိခဲ့ပြီး ယင်းတွင် ရန်ကုန်လေဆိပ်မှ ၃၈၉၃၀၆ ဦး၊ မန္တလေးလေဆိပ်မှ ၄၉၂၅၂ ဦး၊ နေပြည်တော်လေဆိပ်မှ ၇၈၅၇ ဦး၊ ရေကြောင်းခရီးစဉ်ဖြင့် ၅၃၀၁ ဦး လာရောက်ခဲ့ပြီး စုစုပေါင်း လေးသိန်းခွဲကျော် လာရောက်မှုရှိခဲ့ကြောင်း စာရင်းများအရ သိရသည်။

ယင်းကြောင့် ခုနစ်လတာကာလအတွင်းတွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည် လာရောက်မှု ၇၄၀၇၇၇ ဦး ရှိခဲ့ပြီး ယခင်နှစ်ကထက် ၄ ရာခိုင်နှုန်း တိုးတက်လာသည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

မိုးရာသီကာလ ကျော်လွန်သည်နှင့် ခရီးသွားရာသီ ပြန်လည်စတင်မည်ဖြစ်ရာ နိုင်ငံတကာမှ စိတ်ဝင်စားမှုမြင့်တက်နေသည့် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည် လာရောက်မှုတိုးတက်မြင့်မားလာမည်ဟု မျှော်မှန်းထားကြသည်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ရက် ၁၀၀ စီမံချက်ချမှတ် ဆောင်ရွက်ခဲ့သည့်အပြင် ရက် ၁၀၀ အလွန်တွင် ဆက်လက်ဆောင်ရွက်သွားမည့် ရပ်ရွာလူထုအခြေပြု ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ချက်များ အပါအဝင် ခရီးသွားကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်ဟု သိရသည်။

ယခုနှစ်တွင် ခရီးသွားကဏ္ဍ အချက်အလက်များ မှန်မှန်ကန်ကန် တိတိကျကျရရှိစေရန် အတွက် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဝင်ပေါက်များမှ ခရီးသည် ဝင်/ထွက်မှုစာရင်းများကို စနစ်တကျပြုစုကောက်ခံလျက်ရှိကြောင်း သိရသည်။

**(ဝဝ၁)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နတ်တလင်း စက်တင်ဘာ ၁၈**
ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးဦးဆောင်၍ စခန်းမှူး ဒုတိယရဲမှူး ကျော်ဌေးနှင့် တပ်ဖွဲ့ဝင်အင်အား ၅၀ တို့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၈ နာရီတွင် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့ဆေးရုံဝင်းအတွင်း အမှိုက်များ၊ ချုံနွယ်များ၊ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**(ဝ၇၁)**

# အမေရိကန်ဦးဆောင်သောတပ်ဖွဲ့၏ မှားယွင်းသောတိုက်ခိုက်မှုကြောင့် ဆီးရီးယားတပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရပြီးနောက် လုံခြုံရေးကောင်စီအရေးပေါ် စည်းဝေး

**နယူးယောက် စက်တင်ဘာ ၁၈**

ဆီးရီးယားနိုင်ငံ၌ အမေရိကန်ဦးဆောင်သောတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆီးရီးယားစစ်သည် ၈၀ ထက်မနည်း သေဆုံးရသည်ဆိုသော သတင်းပေါ်ထွက်လာခဲ့ပြီးနောက် ရုရှားနိုင်ငံ၏ တောင်းဆိုချက်အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီအရေးပေါ်အစည်းအဝေး တစ်ရပ်ကို ချက်ချင်းခေါ်ယူခဲ့ရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ဆီးရီးယားအစိုးရတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသေဆုံးရပြီး စစ်ယာဉ်များ ပျက်စီးခဲ့ရသည်ဟု ရုရှားနိုင်ငံက အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့ကို အကြောင်းကြားခဲ့ပြီးနောက် အစ္စလာမ္မစ်နိုင်ငံတော်(အိုင်အက်စ်)၏ ပစ်မှတ်များကို တိုက်ခိုက်မှု ရပ်ဆိုင်းထားကြောင်း သတင်းတွင် ဖော်ပြသည်။

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အိုင်အက်စ်ပစ်မှတ်များဟုယူဆရသော နေရာများကို လေကြောင်းမှ တိုက်ခိုက်စဉ်အတွင်း အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းအဖွဲ့က ဆီးရီးယားအစိုးရတပ်ဖွဲ့ စခန်းတစ်ခုကို မှားယွင်းတိုက်ခိုက်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောကြားကြသည်။

လေကြောင်းတိုက်ခိုက်မှုအတွင်း မှားယွင်းတိုက်ခိုက်မှုကြောင့် ဆီးရီးယား တပ်ဖွဲ့ဝင်များ အသက်ဆုံးရှုံးခဲ့ရခြင်းအတွက် ဝမ်းနည်းမိသည်ဟု အမေရိကန်က ရုရှားအစိုးရအဖွဲ့ထံ အကြောင်းကြားခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက အီးမေးလ်ဖြင့် ပေးပို့သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ဆွေးနွေးနိုင်ရန် အဖွဲ့ဝင် ၁၅ နိုင်ငံ ပါဝင်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် စက်တင်ဘာ ၁၇ ရက် ညတွင် အရေးပေါ် အစည်းအဝေးခေါ်ယူခဲ့ရသည်။

**ရိုက်တာ။**





# ရုရှားနိုင်ငံ၌ အောက်လွှတ်တော်နှင့် ဒေသန္တရရွေးကောက်ပွဲများ ကျင်းပ

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၁၈**

ရုရှားနိုင်ငံ၌ အောက်လွှတ်တော်နှင့် ဒေသန္တရရွေးကောက်ပွဲများကို စက်တင်ဘာ ၁၈ ရက်တွင် စတင်ကျင်းပကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အချိန်ဇုန် ၁၁ ဇုန်အထိ ပိုင်းခြားထားသော ရုရှားနိုင်ငံ၌ ပထမဆုံးဖွင့်လှစ်သော မဲရုံများမှာ နိုင်ငံအရှေ့စွန်းရှိ ကမ်ချတ်ကာ ကျွန်းဆွယ်၌ တည်ရှိသည်။

ရေနံတင်ပို့ရောင်းချသော ရုရှားနိုင်ငံသည် နိုင်ငံတကာ စီးပွားရေး ဒဏ်ခတ်မှုများနှင့် တွေ့ကြုံနေရသော်လည်း သမ္မတ ဗလာဒီမာပူတင်နှင့် ၎င်း၏ ညီညွတ်သော ရုရှားပါတီတို့မှာ ပြည်သူတို့၏ထောက်ခံမှုကို အခိုင်အမာရရှိနေဆဲဖြစ်သည်။

သမ္မတပူတင်အား သစ္စာစောင့်သိသူ ဝန်ကြီးချုပ် ဒီမစ်ထရီ မက်ဗီဒေ့ဦးဆောင်သည့် ညီညွတ်သော ရုရှားပါတီသည် အမတ်နေရာ ၄၅၀ ရှိ အောက်လွှတ်တော်၌ အင်အားအခိုင်အမာရရှိခဲ့သော ပါတီအဖြစ် ရပ်တည်လျက်ရှိသည်။

အောက်လွှတ်တော်သစ်၏ အမတ်နေရာများအတွက် အမတ်နေရာ ၂၂၅ နေရာကို အချိုးကျဖြစ်သော စနစ်အရ ရွေးချယ်တင်မြှောက်မည်ဖြစ်ပြီး နောက်ထပ် အမတ်နေရာ ၂၂၅ နေရာကို အမတ်နေရာ တစ်ဦးတည်းသာရှိသော မဲဆန္ဒနယ်မြေများအလိုက် ရွေးချယ်တင်မြှောက်မည်ဖြစ်သည်။

စုစုပေါင်း နိုင်ငံရေးပါတီ ၁၄ ပါတီတို့မှ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒနယ်မြေအလိုက် အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြကြောင်း ရုရှားတာ့စ် သတင်းဌာနက သတင်းထုတ်ပြန်သည်။

နိုင်ငံပိုင်နက် နယ်မြေအတွင်းနေထိုင်သူ ရုရှားနိုင်ငံသား ၁၁၁ ဒသမ ၆ သန်းနှင့် ပြည်ပရောက် ရုရှားနိုင်ငံသားများ မဲပေးခွင့်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းတွင် မဲရုံပေါင်း ၉၄၀၀၀ ကျော်၊ ပြည်ပရှိ ကောင်စစ်ဝန်ရုံးများတွင် မဲရုံပေါင်း ၃၇၁ ရုံ ဖွင့်လှစ်ထားကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# နယူးယောက်စီးတီးတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူ ၂၉ ဦး ထိခိုက်ဒဏ်ရာရ

**နယူးယောက်စီးတီး စက်တင်ဘာ ၁၈**

စက်တင်ဘာ ၁၇ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်စီးတီး၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူအနည်းဆုံး ၂၉ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သတင်းများအရ သိရသည်။

စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီခွဲအချိန်တွင် နယူးယောက်စီးတီး၏ မန်ဟန်တန်ချဲယ်စီးရပ်ကွက်တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ယင်းပေါက်ကွဲမှုကြောင့် လူ ၂၉ ဦးကျော် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ၎င်းတို့အနက် တစ်ဦးမှာ အသက်အန္တရာယ် စိုးရိမ်ဖွယ်ရှိကြောင်း ရဲအရာရှိများက ဆိုသည်။

နယူးယောက်စီးတီးမြို့တော်ဝန် ဘေလ်ဒီဗလာစီယိုနှင့် ရဲအရာရှိများက အဆိုပါဗုံးပေါက်ကွဲမှုသည် တမင်ရည်ရွယ်ပြီးလုပ်ဆောင်ခြင်းဖြစ်သည်ဟု သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။ သို့သော် မည်သည့် အကြမ်းဖက်အဖွဲ့အစည်း၏ လုပ်ရပ်ဖြစ်သည်ကိုမူ ပြောကြားခဲ့ခြင်းမရှိပေ။

မြို့လယ်လမ်းမကြီးပေါ်ရှိ စားသောက်ဆိုင်များသည် အဆိုပါဗုံးပေါက်ကွဲမှုကြောင့် တုန်လှုပ်ချောက်ချားလျက်ရှိသည်။

ဗုံးပေါက်ကွဲပြီးနောက် ရဲအရာရှိများနှင့် မီးသတ်တပ်ဖွဲ့တို့က အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာဆေးရုံများသို့ ပို့ဆောင်ခဲ့ကြသည်။ အခင်းဖြစ်ပွားရာ ဝန်းကျင်ကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ပင်ထားသည်။

စက်တင်ဘာ ၁၃ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် ကမ္ဘာ့ခေါင်းဆောင်ကြီးများ စုဝေးရောက်ရှိနေသည့်အတွက် နယူးယောက်မြို့တွင် လုံခြုံရေးတင်းကျပ်ထားကြောင်း သိရသည်။

စက်တင်ဘာ ၁၇ ရက် နံနက်အစောပိုင်းတွင် နယူးဂျာစီမြို့ရှိ ရေပိုက်တစ်ခုအတွင်း ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။ အဆိုပါပေါက်ကွဲမှုနှင့် ယခုဗုံးပေါက်ကွဲမှုတို့ ဆက်စပ်မှုရှိမရှိဆိုသည်ကိုမူ အာဏာပိုင်များက ပြောကြားခြင်း မရှိသေးပေ။

**အင်န်အိတ်ချ်ကေ။**






# အဆင့်မြင့်နည်းပညာသုံး စစ်သင်္ဘောသစ် အိန္ဒိယရေတပ်သို့ လွှဲပြောင်းပေးအပ်

**နယူးဒေလီ စက်တင်ဘာ ၁၈**

အိန္ဒိယရေတပ်အတွက် အဆင့်မြင့်နည်းပညာသုံး ပဲ့ထိန်းဒုံးကျည်တပ်ဖျက်သင်္ဘောသစ်တစ်စင်းကို တပ်တော်ဝင်အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ငံပိုင် မာဇဂါယွန် သင်္ဘောတည်ဆောက်ရေး ကုမ္ပဏီက တည်ဆောက်ပေးခဲ့သော စစ်ရေယာဉ်သစ်ကို အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ သင်္ဘောကျင်း၌ အိန္ဒိယရေတပ်အကြီးအကဲ ရေတပ်ဗိုလ်ချုပ် ဆန်နီးလ်လန်ဘာထံသို့ စက်တင်ဘာ ၁၇ ရက်က လွှဲပြောင်းပေးအပ်ခဲ့ပြီး အာရေဗျပင်လယ်အတွင်း ရေချခဲ့ကြောင်း၊ ယင်းစစ်သင်္ဘောသည် ကမ္ဘာပေါ်ရှိ အဆင့်မြင့်နည်းပညာသုံး စစ်သင်္ဘောများတွင် တစ်စင်းအပါအဝင်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ဆင်ဟွာ။**

# နိုင်ငံတကာမြင်ကွင်း

## ရဲရင့်လင်းလက်




အပြည့်အဝမဟုတ်ပေမယ့် တစ်စိတ်တစ်ဒေသ အပစ်အခတ်ရပ်စဲရေးဟာ အမေရိကန်နိုင်ငံနဲ့ ရုရှားနိုင်ငံတွေရဲ့ကြားဝင်စေ့စပ်မှုကြောင့် ဆီးရီးယားနိုင်ငံမှာ စက်တင်ဘာ ၁၂ ရက် ညနေနေဝင်ချိန်က စပြီး အသက်ဝင်လာခဲ့ပါတယ်။ အစ္စလာမ်ဘာသာရေးပွဲတော် အီဒွလ်အသ္ဒာဟာ (Eid al-Adha) အစမှာ စတင်သက်ဝင်ခဲ့တယ်လို့ ပြောရမှာပါ။ ဒီအပစ်အခတ်ရပ်စဲရေးသာ အောင်မြင်ခဲ့မယ်ဆိုရင် ပင်မသူပုန်အင်အားစုတွေထိန်းချုပ်ထားတဲ့ နယ်မြေတွေကို သမ္မတဘာရှားအယ်လ်အာဆတ်ရဲ့ တပ်ဖွဲ့တွေက လေကြောင်းတိုက်ခိုက်မှုတွေ မပြုလုပ်တော့ဘဲ ရပ်ဆိုင်းပေးသွားမှာပါ။ သမ္မတအာဆတ်တပ်ဖွဲ့တွေကရော၊ ပင်မသူပုန်တပ်ဖွဲ့တွေကပါ ဝိုင်းရံပိတ်ဆို့ခံထားရတဲ့ဒေသတွေက ပြည်သူတွေဆီ လူသားချင်းစာနာတဲ့ အကူအညီအထောက်အပံ့တွေ ပို့ဆောင်ပေးခွင့်ကို ခွင့်ပြုပေးသွားမှာပါ။

ဒီသဘောတူညီချက်အရ အမေရိကန်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ ညှိနှိုင်းလက်တွဲပြီး အကြမ်းဖက်အဖွဲ့လို့ သတ်မှတ်ထားတဲ့အဖွဲ့နှစ်ဖွဲ့ကို လေကြောင်းကနေ တိုက်ခိုက်သွားမှာပါ။ ဒီနှစ်ဖွဲ့ကတော့ အစ္စလာမ်နိုင်ငံတော် (Islamic State-IS) နဲ့ သူ့ရဲ့ ပြိုင်ဘက်အကြမ်းဖက်အဖွဲ့ အယ်လ်နူဆရာတပ်ဦး (al-Nusra) တွေပါ။ အယ်လ်နူဆရာအဖွဲ့က ဇူလိုင်လမှာ အယ်လ်ခိုင်ဒါအဖွဲ့နဲ့လမ်းခွဲခဲ့ပြီး ဂျက်ဘက်ဖက်တက်အယ်လ်ရှမ် (Jabhat Fateh al- Sham) လို့ အမည်ပြောင်းခဲ့ပါတယ်။ အင်္ဂလိပ်လို အတိုကောက် (JFS) လို့လည်း ပြောဆိုကြပါတယ်။ ဒီအပစ်အခတ်ရပ်စဲရေးစာချုပ်ကို သမ္မတအာဆတ်အစိုးရအဖွဲ့က အတိအလင်းထောက်ခံခဲ့ပေမယ့် တချို့သူပုန်တပ်ဖွဲ့တွေကတော့ ထောက်ခံတယ်၊ မထောက်ခံဘူးဆိုတာကို ရှင်းရှင်းလင်းလင်း မပြောကြသေးပါဘူး။ ဆီးရီးယားပြည်တွင်းစစ်မှာ အမေရိကန်နိုင်ငံနဲ့ ရုရှားနိုင်ငံတွေဟာ တစ်ဖက်စီကနေ ဝင်တိုက်ပေးနေတာဖြစ်ပြီး (၅)နှစ်သက်တမ်းကြာ ပြည်တွင်းစစ်ကြောင့် ဆီးရီးယားပြည်သူ ၂၅၀၀၀၀ သေဆုံးခဲ့ရပါတယ်။ ပြည်သူ ၁၁ သန်းကလည်း နေအိမ်တွေကို စွန့်ခွာထွက်ပြေးခဲ့ရပါတယ်။

နှစ်ဖက်ကြားရှိနေတဲ့ အပြန်အလှန်မယုံကြည်မှုတွေက နက်နက်ရှိုင်းရှိုင်းရှိနေတာမို့လို့ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲတွေဟာ ၁၀ လလောက် ကြာမြင့်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနဲ့ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်(Sergei Lavrov)တို့က ရေရှည်တည်တံ့မယ့် ရန်လိုမှုအဆုံးသတ်ရေး သဘောတူညီချက်ကို ရရှိခဲ့ပြီဆိုပြီး စက်တင်ဘာ ၁၀ ရက်က ကြေညာခဲ့ပါတယ်။ ဒီရန်လိုမှု အဆုံးသတ်ရေးလုပ်ငန်းစဉ်တွေက နိုင်ငံရေးဖြေရှင်းချက်ရရှိပေမယ့် ဆွေးနွေးပွဲတွေကို ဖန်တီးဖော်ဆောင်ပေးသွားမှာပါ။ ဒီသဘောတူညီချက်အရ ရန်လိုမှုအဆုံးသတ်ရေးလုပ်ငန်းစဉ်တွေကို ၄၈ နာရီတစ်ကြိမ် သက်တမ်းတိုးနိုင်တဲ့ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်တွေနဲ့ စတင်သွားမှာပါ။ ဒီရန်လိုမှု အဆုံးသတ်ရေးလုပ်ငန်းစဉ်မှာ အဆင့်သုံးဆင့်ပါဝင်ပါတယ်။ ပထမအဆင့်မှာ သမ္မတအာဆတ်တပ်ဖွဲ့တွေက သူပုန်တပ်ဖွဲ့တွေ ထိန်းချုပ်ထားတဲ့ နယ်မြေတွေကို လေကြောင်းက တိုက်ခိုက်တာမျိုး လုံးဝလုပ်ခွင့်မရှိတော့ပါဘူး။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ဒီပထမအဆင့် သဘောတူညီချက်အရ သမ္မတအာဆတ်တပ်ဖွဲ့တွေဟာ အကြမ်းဖက်အဖွဲ့ (JFS)ကို တိုက်ခိုက်တာဆိုတဲ့ အကြောင်းပြချက်နဲ့ သူပုန်တပ်ဖွဲ့တွေကို လေကြောင်းကနေ တိုက်ခိုက်ခွင့်ရှိတော့မှာ မဟုတ်ဘူးလို့ ရှင်းလင်းပြောဆိုခဲ့ပါတယ်။ ဒုတိယအဆင့်သဘောတူညီချက်ကတော့ နှစ်ဖက်တပ်ဖွဲ့တွေဟာ ဝိုင်းရံပိတ်ဆို့ခံထားရတဲ့ နယ်မြေတွေနဲ့ သွားလာရခက်ခဲတဲ့ နေရာတွေဆီ လူသားချင်းစာနာတဲ့ အထောက်အပံ့တွေကို အဟန့်အတားအနှောင့်အယှက်မရှိခွင့်ပြုပေးရမှာ ဖြစ်ပါတယ်။ ဒီသဘောတူညီချက်ကို ဦးစားပေးအကောင်အထည်ဖော်ရမယ့်နေရာက ဆီးရီးယားနိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြို့ဖြစ်တဲ့ အလက်ပို(Aleppo)ပါ။ အလက်ပိုမှာ ဆီးရီးယားပြည်သူနှစ်သန်းလောက်နေထိုင်နေကြတာပါ။ သမ္မတအာဆတ်တပ်ဖွဲ့တွေရော သူပုန်တပ်ဖွဲ့တွေပါ ကက်စ်တယ်လို(Castello) မဟာဗျူဟာလမ်းမကြီးကနေ ဆုတ်ခွာပေးရမှာပါ။ ကက်စ်တယ်လိုဟာ အလက်ပိုမြို့မြောက်ဘက်ကနေ သူပုန်တပ်ဖွဲ့တွေ ထိန်းချုပ်ထားရာ မြို့အရှေ့ပိုင်းရပ်ကွက်တွေဆီ သွားရာလမ်းမကြီးပါ။ နှစ်ဖက်တပ်ဖွဲ့တွေက အလက်ပိုမြို့အနောက်တောင်မှာရှိတဲ့ ရေမဆီ(Ramouseh) ရပ်ကွက်ကတစ်ဆင့် ဖြတ်သန်းသွားလာမှုတွေကို ခွင့်ပြုပေးထားရမှာပါ။ တတိယအဆင့်သဘောတူညီချက်ကတော့ အပစ်အခတ်ရပ်စဲရေးနဲ့ လူသားချင်းစာနာထောက်ပံ့မှုတွေကို ခုနစ်ရက်ဆက်တိုက် အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ပြီဆိုရင် အမေရိကန်တပ်ဖွဲ့တွေနဲ့ ရုရှားတပ်ဖွဲ့တွေဟာ အကြမ်းဖက်အဖွဲ့နှစ်ဖွဲ့ကို တိုက်ခိုက်ဖို့အတွက် လက်တွဲစီစဉ်ဆောင်ရွက်ကြမှာပါ။ ပူးတွဲစစ်ဆင်ရေးဌာနချုပ်တစ်ခု ထူထောင်ပြီး တိုက်ပွဲတွေဖြစ်ပွားရာနေရာဒေသတွေမှာ ဘယ်နယ်မြေတွေက အကြမ်းဖက်အဖွဲ့တွေ ထိန်းချုပ်ထားရာ နယ်မြေတွေဆိုတာကို သတ်မှတ်နိုင်ဖို့ သတင်းအချက်အလက်တွေ အပြန်အလှန်ဖလှယ်ကြမှာပါ။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်ကတော့ သမ္မတအာဆတ်တပ်ဖွဲ့တွေဟာ သဘောတူညီချက်ကို အကောင်အထည်ဖော်ဖို့ အဆင်သင့်ပါပဲလို့ပြောကြားခဲ့ပါတယ်။ ရုရှားနိုင်ငံဟာ သမ္မတအာဆတ်တပ်ဖွဲ့တွေကို လေကြောင်းကနေ ကူညီထောက်ပံ့မှုတွေ ပြုလုပ်ပေးနေတာ ၁၁ လကျော်ပါပြီ။ ဒါပေမယ့် အပစ်အခတ်ရပ်စဲရေးအသက်မဝင်ခင် နာရီပိုင်းအလိုမှာပဲ ဆီးရီးယားသမ္မတ အာဆတ်က “အကြမ်းဖက်အဖွဲ့တွေ ထိန်းချုပ်ထားတဲ့ နယ်မြေတွေကို တစ်လက်မ မကျန်ပြန်သိမ်းပိုက်မယ်လို့ ကြုံးဝါးခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့တွေဆိုတာက သမ္မတအာဆတ်ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ သူ့ကိုဆန့်ကျင်နေတဲ့ လက်နက်ကိုင်တပ်ဖွဲ့အားလုံးကို ဆိုလိုတာပါ။ သမ္မတအာဆတ်ကို ဆန့်ကျင်နေတဲ့ နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေကို ကိုယ်စားပြုတဲ့ အဆင့်မြင့်ညှိနှိုင်းရေးအဖွဲ့ (High Negotiation Committee)က ရန်လိုမှုရပ်စဲရေး သဘောတူညီချက်ကို မထောက်ခံခင် သဘောတူညီချက်အတိုင်း အကောင်အထည်ဖော်ပါမယ်ဆိုတဲ့ ကတိတွေ လိုလားကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။ အဓိက သူပုန်တပ်ဖွဲ့(Free Syrian Army) က ရန်လိုမှုရပ်စဲရေးစာချုပ်ကို အပြုသဘော ပူးပေါင်းပါဝင်ဆောင်ရွက်ပါမယ်လို့ ပြောကြားခဲ့ပေမယ့် ဒီသဘောတူညီချက်ကြောင့် သမ္မတအာဆတ်အစိုးရအဖွဲ့ကို အမြတ်ထွက်အောင် လုပ်ပေးသလိုဖြစ်မှာကိုတော့ စိုးရိမ်တယ်လို့ ဖွင့်ဟပြောဆိုခဲ့ပါတယ်။

သူပုန်တပ်ဖွဲ့တွေထဲမှာ သဘောထားပိုပြင်းထန်တဲ့ အီးရားအယ်လ်ရှမ်(Ahraral sham) အဖွဲ့ကတော့ ဒီသဘောတူညီချက်က သူပုန်တပ်ဖွဲ့တွေကြား ညီညွတ်မှုကိုဖြိုခွဲဖို့ ဆောင်ရွက်ခဲ့တာလို့ ပြောကြားခဲ့ပေမယ့် လူသိရှင်ကြားပယ်ချတာမျိုးတော့ မလုပ်ခဲ့ပါဘူး။ အကြမ်းဖက်(JFS)ရဲ့ ပြောရေးဆိုခွင့်ရှိသူ မွတ်စတာမာမိုဟန် (Mostafa Mahamed)ကတော့ သူတို့အဖွဲ့ဟာ တခြားသူပုန်တပ်ဖွဲ့တွေနဲ့ တူညီတဲ့ရည်မှန်းချက်ရှိသလို သူတို့အဖွဲ့ဟာ ဆီးရီးယားလူ့အဖွဲ့အစည်းထဲမှာ နက်နက်ရှိုင်းရှိုင်း တည်ရှိနေတာမိုလို့ သူတို့ကို သီးခြားကန်ထုတ်ဖယ်ရှားလို့မရနိုင်ဘူးလို့ ပြောဆိုခဲ့ပါတယ်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီကရော ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်တို့ကပါ သူတို့အနေနဲ့ အရင်အပစ်အခတ်ရပ်စဲရေးတွေတုန်းက အမှားမျိုးတွေကို ထပ်ပြီးအဖြစ်မခံနိုင်ဘူးလို့ အလေးအနက်ထားပြောကြားခဲ့ပါတယ်။ အရင်အပစ်အခတ်ရပ်စဲရေးတွေမှာ တစ်ဖက်နဲ့တစ်ဖက် ချိုးဖောက်မှုတွေ ကျူးလွန်တယ်ဆိုပြီး အပြန်အလှန်စွပ်စွဲရာကနေ ရက်ပိုင်း(ဒါမှမဟုတ်) ရက်သတ္တပတ်အနည်းငယ်အတွင်း ပျက်ပြားခဲ့တာပါ။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အမေရိကန်နိုင်ငံနဲ့ ရုရှားနိုင်ငံတို့ ပူးတွဲညှိနှိုင်းဆောင်ရွက်ခဲ့တဲ့ ဖေဖော်ဝါရီလ အပစ်အခတ်ရပ်စဲရေးကာလကို ရည်ညွှန်းပြီး အဲဒီကာလမှာ သမ္မတအာဆတ်တပ်ဖွဲ့တွေက သူပုန်တပ်ဖွဲ့တွေကို လေကြောင်းကနေ တိုက်ခိုက်ခဲ့တဲ့အတွက် သူပုန်တပ်ဖွဲ့တွေက မလွှဲသာမရှောင်သာ ပြန်ပစ်ခတ်တိုက်ခိုက်ခဲ့ရတယ်လို့ ပြောကြားခဲ့ပါတယ်။ လက်တွေ့စစ်မြေပြင်မှာ အကြမ်းဖက်အဖွဲ့ (JFS) နဲ့ အဓိကသူပုန်တပ်ဖွဲ့တွေကို ပိုင်းပိုင်းခြားခြားခွဲခြားသတ်မှတ်နိုင်ဖို့ ခက်ခဲတာတို့ကိုလည်း ဂျွန်ကယ်ရီက ထောက်ပြခဲ့ပါတယ်။ သီအိုရီအရပြောရရင် ဒီတစ်ကြိမ် အပစ်အခတ်ရပ်စဲရေးမှာ ရုရှားနိုင်ငံဟာ သမ္မတအာဆတ်တပ်ဖွဲ့တွေက သူပုန်တပ်ဖွဲ့တွေကို လေကြောင်းတိုက်ပွဲမဆင်နွှဲအောင် တာဝန်ယူရမှာဖြစ်ပြီး အမေရိကန်နိုင်ငံကတော့ ဘယ်ဟာက သူပုန်တပ်ဖွဲ့၊ ဘယ်ဟာက အကြမ်းဖက်တပ်ဖွဲ့ဆိုတာကို ခွဲခြားသတ်မှတ်ပေးရမှာပါ။ အိမ်ဖြူတော် သတင်းပြန်ကြားရေးတာဝန်ခံ ဂျော့ရှ်အားနက် (Josh Earnest) က ဒီတစ်ကြိမ်အပစ်အခတ်ရပ်စဲရေးအောင်မြင်မှုဟာ ရုရှားနိုင်ငံကအမှန်တကယ်လိုက်နာဆောင်ရွက်မှုပဲ ဖြစ်နိုင်မယ်ဆိုတာကို အသိအမှတ်ပြု ဝန်ခံပြောကြားခဲ့ပါတယ်။ ဆီးရီးယားလေ့လာသူတွေနဲ့ နိုင်ငံခြားသုံးသပ်ဝေဖန်သူအများစုကတော့ အဓိက သူပုန်တပ်ဖွဲ့တွေဟာ အကြမ်းဖက်အဖွဲ့ (JFS) နဲ့ လက်တွဲဖြုတ်ရမယ်ဆိုတာကို ပကတိအခြေအနေတွေအရ လက်တွေ့မကျဘူးလို့ ယူဆကြပါတယ်။ ယေဘုယျသဘောပြောရရင်တော့ ဆီးရီးယားပြည်တွင်းစစ်ရဲ့ပကတိစစ်မြေပြင်အနေအထားကိုမထင်ဟပ်နိုင်တဲ့ ဘယ်လိုအပစ်အခတ်ရပ်စဲရေး စာချုပ်ပဲဖြစ်ဖြစ် လက်တွေ့မှာ မအောင်မြင်နိုင်ဘူးဆိုတာက ရှောင်လွှဲလို့မရနိုင်တဲ့အမှန်တရားပါ။ ။



# စာအုပ်စာပေလျှို့မိတ်ဆွေ ဗီရိုထဲမှာသော့ပိတ်နေ

**သွင်ဆန်းမောင်**

ခုခေတ်ကလေးတွေ စာမဖတ်ကြတော့ဘူးဗျို့။ ဒါကောင်းတဲ့ကိစ္စတော့မဟုတ်ဘူး။ ကျုပ်တို့နိုင်ငံအတွက် အတော်ရင်လေးစရာကောင်းတယ်။ ဒါက စာနည်းနည်းပါးပါး ဖတ်ထားတဲ့လူကြီးတွေက လူတတ်ကြီးတွေလုပ်ပြီး လွယ်လွယ် ပြောတတ်ကြတယ်။ ဒီအသိမကြွယ်သေးတဲ့ကလေးငယ်လေးတွေ စာဖတ်ချင်စိတ်တွေ ဖြစ်ပေါ်လာအောင် ခင်ဗျားတို့က ဘယ်နည်းဘယ်ပုံများ ပံ့ပိုးပေးထားလို့လဲ။ ဒီလိုမေးရင် ကျွန်တော်က လူ့ဂွစာကြီးဖြစ်ဦးမယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဇူလိုင်လအတွက် ဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်ခဲ့တဲ့ မန္တလေးစာကြည့်တိုက်တည်ထောင်သူ ကိုဖော်ဖော်ဆိုတဲ့ လူငယ်လေးက ကျွန်တော့်လို ဘေးထိုင်ပြီး ဘုမပြောဘူး။ သူလုပ်နိုင်တာလေးက စပြီး လုပ်ပြခဲ့တယ်။

အသက်ဆယ့်ခြောက်နှစ်ပဲရှိသေးတဲ့ ကိုဖော်ဖော် စာအုပ်သုံးလေးအုပ်ကို ရင်ဝယ်ပိုက်ပြီး မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စည်သာရွာလေးကနေ ရန်ကုန်မြို့ကြီးကို ရဲရဲဝံ့ဝံ့၊ စွန့်စွန့်စားစား အဖော်မပါတစ်ကိုယ်တည်း တက်လာခဲ့တယ်။ သူ့ရဲ့ မဟာရည်မှန်းချက် ကြီးက ကျွန်တော့်လို လူ့ဂွစာတစ်ယောက်ကို ဟားတိုက်ရယ်မောစေတဲ့ ပြက်လုံးတစ်ခု။ ပျက်စီးယိုယွင်းနေတဲ့ မြန်မာနိုင်ငံတော်ကြီးကို စာအုပ်၊ စာပေတွေနဲ့ ပြန်လည်တည်ဆောက်အုံ့ဆိုပဲ။ ကမ္ဘာပတ်ပြီး ဒေါက်တာဘွဲ့တွေနိုင်သလောက်ထမ်းပြီး ပြန်လာကြတဲ့ ဆရာ့ဆရာကြီးတွေလည်း မြန်မာပြည်ပြန်ရောက်ခါစက ဒီစကားမျိုးတွေကို ပါးစပ်က အမြှုပ်ထွက်အောင် ပြောဖူးကြတာပဲ မဟုတ်လား။

လေးတန်းအထိပဲ ပညာသင်ဖူးတဲ့ ဒီမခန့်တဲ့ ကလေးလေးက အပြောသက်သက်မဟုတ်ဘူးဗျ။ စစချင်းတော့ဘီယာဆိုင်မှာ ပန်းကန်ဆေးတဲ့အလုပ်၊ အိမ်သာဆေးတဲ့ အလုပ်ကစပြီး လုပ်တယ်။ အလုပ်ပြီးတာနဲ့ စာအုပ်ကို ပြေးကိုင်တော့တာ။ အအားမနေဘူး။ စာတွေအရမ်းဝတ်လို့ စာကြည့်တိုက်တွေမှာ စာအုပ်တွေသွားပြီး ငှားဖတ်ကြည့်တယ်။ သူ့လိုစားပွဲထိုးလေးကို သိပ်အရာမသွင်းကြဘူး။ ကတ်ရှိလို့လား။ အထောက်အထားတစ်ခုခုပြပါ ဆိုတာမျိုးတွေ လုပ်လာတော့ စိတ်မရှည်တဲ့အဆုံး သူ့လုပ်အားခလေးတွေနဲ့ အပိုင်ပဲ ဝတ်ဖတ်လိုက်တယ်။

စာတွေဖတ်ထားတဲ့ ကလေးဆိုတော့ အကင်းက ခပ်ပါးပါး။ အကြော်ဆရာနဲ့ တည့်အောင်ပေါင်းတယ်။ သူခိုင်းတာ အကုန်မငြီးမငြူလုပ်ပေးပြီး ငါးကင်တဲ့နည်းကို မရမက သင်ယူပါတယ်။ တခြားအကြော်အလှော်တွေလည်း ရရင်ရသလို သင်တယ်။ တစ်နှစ်လောက်အကြာမှာ ရဲဝံ့စွန့်စားသူပီပီ အဲ့ဒီဆိုင်ကနေ အပြီးထွက်လာခဲ့တယ်။ လှည်းတန်းမှာ ကိုယ်ပိုင်ငါးကင်ဆိုင်လေးကို သတ္တိရှိရှိနဲ့ စပြီးဖွင့်တယ်။

ကံဇာတ်ဆရာက သူ့ကို ဝင်ခွင့်စာမေးပွဲစစ်သေးတာ။ ငါးကင်ဆိုင်လေး စဖွင့်တဲ့နေ့မှာ ငါးဆယ်ကောင်ယူသွားတာ နှစ်ကောင်ပဲရောင်းရတာဆိုတော့ အရင်းမကျေဘူး။ အတော်စိတ်ညစ်သွားခဲ့တယ်။ သူ့ဘေးမှာသာ စာအုပ်တွေ ရှိမနေဘူးဆိုရင် ကိုဖော်ဖော်ဆိုပြီး အခုလို နာမည်ဘယ်ကျော်ပါ့မလဲ။

သူငယ်ချင်းမိတ်ဆွေအစစ်ဖြစ်တဲ့ စာအုပ်တွေနဲ့ စကားစမြည်ပြောကြည့်လိုက်တော့ စိတ်ဓာတ်ခွန်အားတွေ တိုးပွားလာတယ်။ ယုံကြည်ချက်တွေက မြဲမြံခိုင်မာလာတယ်။ မဆုတ်မနစ်တဲ့ဇွဲနဲ့ ကြိုးစားအားထုတ်ခြင်းက သူ့ရဲ့ငါးကင်ဆိုင်လေးကို တဖြည်းဖြည်းရောင်းအားတက်လာစေတယ်။ စာအုပ်၊ စာပေတွေကပေးတဲ့အသိနဲ့ အခက်အခဲတွေကို တံတားအဖြစ် ပြောင်းလဲပြီး ကျော်ဖြတ်လာခဲ့တယ်။

ဆိုင်လေးဖွင့်လို့ တစ်လလောက်အကြာမှာ သူငှားနေတဲ့ ဆင်မလိုက်သဘော်ကျင်း အခန်းလေးမှာ ပထမဆုံး မန္တလေးစာကြည့်တိုက်ကို စတင်ပြီး ဖွင့်လှစ်လိုက်တယ်။ ငါးကင်ရောင်းလို့ရတဲ့ အမြတ်ငွေတွေထဲက တစ်နေ့ကို စာအုပ်ဝယ်ဖို့ ငွေသုံးထောင်ကိုသက်သက်ဖယ်ထားတယ်။ စာသိပ်ဖတ်ချင်တဲ့သူတွေ သူ့လိုမဖြစ်ရလေအောင် မှတ်ပုံတင်အထောက်အထားတွေ ပေးစရာမလိုဘူး။ Member ဝင်စရာလည်း မလိုဘူး။ စာဖတ်ချင်တဲ့ ဘယ်သူ့ကိုမဆို အယုတ်အလတ်အမြတ်မရွေး အခမဲ့ငှားပေးခဲ့တယ်။ ဆိုင်ကိုလာ မဖတ်နိုင်တဲ့သူတွေ၊ လာမငှားနိုင်တဲ့သူတွေကို စက်ဘီးလေးနဲ့ အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ပေးခဲ့တယ်။ သူ့အလုပ်မှာ သူပျော်နေသလို ပင်ပန်းပုံမရပါဘူး။

လမ်းဘေးမှာ ပေတေလေလွင့်နေတဲ့ လူငယ်တွေကို လမ်းမှန်ပေါ်ရောက်အောင် သူက အရက်ဖိုးပေးတန်ပေးပြီး စာအုပ်လေး တစ်အုပ်စ၊ နှစ်အုပ်စကို ချော့ပြီးဖတ်ခိုင်းတယ်။ ကြာလာတော့ စာဖတ်ထားတဲ့ အရက်သမားက အရက်ဖိုးတောင်းဖို့ ရှက်လာတယ်။ ကြောက်လာတယ်။ ခုဆို သူတို့ဘဝတွေ အရင်လို ဆန်ကုန်မြေလေးတွေ မဟုတ်ကြတော့ဘူး။ အဖိုးတန်လူ့စွမ်းအားအရင်းအမြစ်လေးတွေ ဖြစ်နေကြပြီ။

သူသူငါငါ အဆော့မက်တဲ့ ကလေးတွေအတွက် ဇယ်ခုံတွေထားထားပေးတယ်။ ဂီတာလေးတွေလည်း ရှိတယ်။ ကစားရလို့ပျင်းလာတဲ့အခါ သူတို့တွေ စာမဖတ်ဘူးလို့ ဘယ်သူပြောမလဲ။ စာအုပ်ပျောက်မှာ စိုးလို့ စာအုပ်မငှားဘူးဆိုရင် ကျွန်တော့်ရည်မှန်းချက်ကြီး ဘယ်အောင်မြင်တော့မှာလဲ။ ဖွင့်ထားတဲ့ စာကြည့်တိုက်တွေ ပိတ်လိုက်ရတယ်ဆိုတာ စာကြည့်တိုက်ဖွင့်တဲ့သူတွေက စာအုပ်စာပေကို တကယ်မချစ်ကြလို့နေမှာပါ။ ဒါက သူ့သုံးသပ်ချက်။

သူ့အယူအဆနဲ့ပတ်သက်ပြီး ဆင်ခြေပေးဖို့ ကျွန်တော်ကြံသေးတယ်။ နိုင်ငံတကာက စာကြည့်တိုက်နဲ့ဆိုင်တဲ့ ဘာသာရပ်တွေသင်ယူလာတဲ့ ဆရာကြီးတွေတောင် လုပ်လာခဲ့လို့ ပြုတ်လာခဲ့တာ အားလုံးအသိ။ သူလို ငချွတ်လေးကများဆိုပြီး။ အပြစ်ပြောဖို့ပြင်ထားတဲ့ ကျွန်တော့်ပါးစပ် အဟောင်းသားဖြစ်ခဲ့ရတယ်။ သူက ငါးကင်ဆိုင်ထွက်တဲ့ အချိန်တွေမှာ စာဖတ်ချင်တဲ့သူတွေ ဖတ်လို့ရအောင် သူ့စာကြည့်တိုက်တံခါးတွေကို ဒီအတိုင်းဖွင့်ထားခဲ့တာဆိုပဲ။ ဒီလိုစာကြည့်တိုက်တံခါး ဖွင့်ဖွင့်ထားတော့ အကျဉ်းထောင်တံခါးတွေ အလိုလိုပိတ်ကုန်တော့မယ်လေ။

တချို့လည်း ကောင်းပေ့ဆိုတဲ့ စာအုပ်မျိုးတွေကိုရွေးယူသွားကြတယ်။ ယူပါစေလေ။ သူတို့စာအုပ်တစ်အုပ်ရသွားနည်းလားဆိုပြီး သဘောထားတယ်တဲ့။ ခုဆိုသူ့စာကြည့်တိုက်တွေက မပြုတ်တဲ့အပြင် နောက်ထပ်စာကြည့်တိုက်ငါးလုံးကို အောင်အောင်မြင်မြင် ဖွင့်ပြလိုက်ပြီတဲ့ဗျာ။ အညာသားလေးကို အထင်သေးလို့ စာအုပ်မငှားခဲ့တဲ့သူတွေ ခုတော့ ကိုဖော်ဖော်ရဲ့သတင်းကို မရဲတရဲလေး နားစွင့်နေကြမယ်ထင်ပါတယ်။

အားကျအတုယူရမယ့် ကိုဖော်ဖော်ကို ချစ်ခင်လေးစားလို့ ကျွန်တော်ဖေ့စ်ဘုတ်မှာရှာပြီး Add လိုက်ပါသေးတယ်။ သူ့မှာ Friend တွေကအရမ်းများနေတယ် ထင်ပါရဲ့။ ကျွန်တော်နဲ့သူ သူငယ်ချင်းဖြစ်ခွင့်မရပါဘူး။ ကိစ္စမရှိပါဘူး။ ရန်ကုန်ရောက်တဲ့အခါ သူ့စာကြည့်တိုက်ကို ရောက်အောင်သွားပြီး စာအုပ်တွေလှူရင်း ဇွတ်အတင်း မိတ်ဖွဲ့ပစ်မယ်။ အချိန်ရရင် စာအကြောင်း၊ ပေအကြောင်းလေး ဖြစ်ဖြစ် လူငယ်တွေ စာများများဖတ်လာအောင် ဉာဏ်မီသလောက် ဆွေးနွေးငြင်းခုံချင်ပါသေးတယ်။

ကျွန်တော်လစဉ်ဝယ်ဖတ်လေ့ရှိတဲ့ ရွှေအမြုတေ မဂ္ဂဇင်းကို ဒီလတော့ပိုက်ဆံအဆင်မပြေလို့ မဝယ်ဖတ်ဖြစ်ပါ။ စာအုပ်ဗီရိုလေးထဲက မဖတ်ရသေးဘူးထင်တဲ့ စာအုပ်တစ်အုပ်ကို အသာယူလိုက်ပါတယ်။ ရနံ့သစ် မဂ္ဂဇင်းဟောင်းလေး တစ်အုပ်။

ဒီမဂ္ဂဇင်းထဲမှာပါတဲ့ အကြိုတော်ဝတ္ထုတိုလေးကိုဖတ်ပြီး ကျွန်တော့်စိတ်ထဲ ထိထိခိုက်ခိုက်ဖြစ်မိတယ်။ အဲဒီဝတ္ထုထဲက မိုးမိုးဆိုတဲ့ အရွယ်မရောက်သေးတဲ့အိမ်အကူ ကောင်မလေးတစ်ယောက်ရဲ့ အကြောင်းပါ။ သူ့တာဝန်က ကလေးထိန်း။ အားတဲ့အခါ အသေးအဖွဲ့အိမ်အလုပ်လေးတွေ ဝိုင်းကူပေးရတယ်။ အထူးသဖြင့် မီးမီးဆိုတဲ့ ခြောက်နှစ်အရွယ် သူ့သခင်မလေးကို ကျောင်းပို့၊ ကျောင်းကြို လုပ်ပေးရတာ။ အဲဒီမီးမီးလေးကို အဖွားလုပ်သူက သဲသဲလှုပ်ဖြစ်နေတော့ တစ်အိမ်လုံးက မတို့ရဲ၊ မထိရဲ။ ငိုလိုက်မယ် တကဲကဲ။ နာမည်နဲ့လိုက်အောင် ပြဿနာတွေကို မီးမွှေးပေးလို့ မိုးမိုးမကြာမကြာ အရိုက်ခံရရှာတယ်။ မိုးမိုးအသက်က (၁၂) နှစ်လောက်ပဲရှိဦးမှာပါ။ ဒီအသက်အရွယ်လေးက မိဘအရိပ်နဲ့ဝေးတဲ့ ရန်ကုန်မြို့ကြီးမှာ မိသားစုအတွက် သူလေးကလည်း ပိုက်ဆံလာရှာရတယ်။ သူသိပ်ချစ်တဲ့ ဇာတိရွာလေးကို မပြန်ဖြစ်တာသုံးနှစ်၊ သုံးကမ္ဘာ။ မိုးရွာလည်း လွမ်း၊ လသာလည်းလွမ်း။ မျက်ရည်တွေက ခန်းလုလု။ သုံးတန်းအထိပဲ ကျောင်းနေဖူးပေမယ့် စာရေးစာဖတ်လုပ်ရတဲ့ ကျောင်းသူဘဝလေးကို ရူးသွပ်စွဲလမ်းနေတုန်း။ ဖြစ်နိုင်ရင် ကျောင်းပဲပြန်တက်ချင်ပါသတဲ့။ သူသိပ်ဖြစ်ချင်တာက ပန်းတွေဝေနေအောင် ပန်းထားတဲ့ အဖြူအစိမ်းဝတ်ရွာက ဆရာမလေးလို ကျောင်းဆရာမလေးတစ်ယောက်။ ဝတ္ထုထဲမှာပါတဲ့ ကျွန်မဆိုတဲ့ ဇာတ်ကြောင်းပြောသူက စာရေးသူကိုကိုယ်စားပြုတဲ့ ကျွန်မဖြစ်နေမလားပဲ။ သေချာတာကတော့ ကျွန်မက ဘွဲ့ရပညာတတ်တစ်ယောက် ဖြစ်နေတာပါပဲ။

ကျွန်တော် ဒီအကြိုတော် ဝတ္ထုကိုဖတ်ပြီး ရင်နင့်တာက တစ်ပိုင်း၊ ဘာရယ်မှန်းမသိဘဲ ဘဝင်မကျဖြစ်နေတဲ့ အပိုင်းကလည်းရှိနေသေးတယ်။ ကျွန်တော့်အဖြစ်က အအတစ်ယောက် အိပ်မက်မက်နေသလိုပါပဲ။ မကျေနပ်သေးဘူး။ နောက်တစ်ခေါက်ထပ်ဖတ်ဦးမယ်။ ပက်လက်ကုလားထိုင်ပေါ်မှာ ကျောမှီပြီးဖတ်နေတာဆိုတော့ နည်းနည်းလောက်ဖတ်လိုက် စာအုပ်လေးဖွင့်ပြီးတွေးလိုက်၊ ငေးလိုက်၊ ဖတ်လိုက်၊ နဖူးပေါ် စာအုပ်တင်ပြီး တွေးရင်းတွေးရင်း လူကငိုက်လာတယ်။ မောဟများတာကိုး။

စာအုပ်တွေနဲ့မနိုင်မနင်းဖြစ်နေတဲ့ ကျွန်တော့်ကို စာကြည့်တိုက်ထဲက ခပ်သွက်သွက်ထွက်လာပြီး ပြုံးပြုံးရွှင်ရွှင်နဲ့ ကြိုဆိုသူက TVထဲမှာမြင်ဖူးထားတဲ့ ကိုဖော်ဖော်။ သူကစာအုပ်တွေထည့်လာတဲ့ မြွေရေခွံအိတ်ကြီးကို ကူသယ်ပေးတယ်။ မသယ်ပါနဲ့ဆိုလည်းမရဘူး။ ကြည့်ပါဦး။ ကော်လံကတုံးအင်္ကျီ အဖြူလေးဝတ်လို့ ဂျာနယ်တွေထဲက ပုံအတိုင်းပါပဲ။ နိုင်ငံကျော် တစ်ယောက်ဖြစ်နေတာတောင် ဘဝင်မမြင့်သေးဘဲကိုး။ လေးစားသထက် လေးစားရပြန်တယ်။ လာရကျိုးတော့ နပ်နေပါပြီ။

စာကြည့်တိုက်ထဲကို လှမ်းကြည့်လိုက်တော့ ဟီးထနေတဲ့စာအုပ်တွေနဲ့ ဗိုလ်ချုပ်ပုံကြီးကို မြင်လိုက်ရလို့ ရင်ထဲလှုပ်လှုပ်၊ လက်ဖျားခြေဖျားတောင် အေးစက်စက်ဖြစ်လာသလိုပဲ။ လူတောမတိုးတဲ့ သဘောပေါ့လေ။ လူချင်းတွေ့ရင် ဆွေးနွေးမယ်ဆိုတဲ့ စိတ်ကူးတွေက ကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်တယ်။

"ဦးလေးက ဘယ်ကတောင်လာတာလဲဗျ။ ထိုင်ပါဦး။ ဒီစာအုပ်တွေက လှူဖို့ယူလာတာထင်တယ်နော်၊ ကျေးဇူးတင်ပါတယ်"

ကိုဖော်ဖော်က စာအုပ်တွေကိုမြင်တာ ရတနာထုပ်ကြီးကို မြင်တဲ့အတိုင်းပဲ။ သူ့မျက်လုံးတွေက တောက်ပလင်းလက်လို့။ ဒါက သူ့ရင်ထဲမှာ ပျော်ရွှင်ကြည်နူးနေတာကို အရိုးရှင်းဆုံးပုံစံနဲ့ ပြတာထင်ရဲ့။

"ပဲခူးကလာတာပါ။ တော်သေးတယ်။ ကျွန်တော်က ကိုဖော်ဖော်နဲ့တွေ့ပါ့မလားလို့။ ဟုတ်တယ်။ စာအုပ်တွေက လှူမလို့ ယူလာတာပါ။ အဲဒီစာအုပ်လေး ကျွန်တော့်ကို ခဏလောက်နော်"

"ဩော် ဟုတ်ကဲ့။ ဟုတ်ကဲ့။ ယူပါ။"

ခပ်လှမ်းလှမ်းက စာဖတ်နေတဲ့ လူငယ်လေးက ကျွန်တော့်လုပ်ရပ်ကို နားမလည်တဲ့ ပုံစံနဲ့ လှမ်းကြည့်နေတယ်။ မဂ္ဂဇင်းစာအုပ်ကို လှန်နေတဲ့ ကျွန်တော့်လက်တွေက အနည်းငယ်တုန်နေတယ်။ အကြိမ်ပေါင်းများစွာ ဖတ်ထားလို့ ဘယ်နေရာမှာ ဘာရှိတာကို သိထားပေမယ့် ခုတော့ ရှာရခက်လိုက်တာ။ ကိုဖော်ဖော်က ကျွန်တော်လုပ်တာကို အသာပဲကြည့်နေတယ်။

"ကိုဖော်ဖော် အပန်းမကြီးဘူးဆိုရင် ဒီဝတ္ထုလေးကို ဖတ်ကြည့်ပေးပါလား။ ကိုဖော်ဖော်အမြင်လေး သိချင်လို့ပါ။ ပညာစမ်းတာမဟုတ်ပါဘူး။ ကျွန်တော်အကြိမ်ကြိမ်ဖတ်ပြီးသားပါ။ ကောင်းတော့ကောင်းတယ်။ ဒါပေမယ့် ဘယ်လိုပြောရမလဲ"

စာအုပ်ကိုလှမ်းယူလိုက်ပြီး ကိုဖော်ဖော်က ပါးစပ်လှုပ်ရုံလေးပြုံးပါတယ်။ ကျွန်တော့်မျက်နှာကိုလည်း တစ်ချက်အကဲခတ်လိုက်သေးတယ်။ စောစောက စာဖတ်ရင်းခိုးကြည့်နေတဲ့ လူငယ်လေးက ဒီတစ်ခါတော့ အတိအလင်းကို လာစပ်စုပြီ။ ကျွန်တော် စာကြည့်တိုက်ထဲက စာအုပ်တွေကို လိုက်သာကြည့်နေတာ စိတ်မပါလှဘူး။ ကိုဖော်ဖော် ဘယ်လိုတုံ့ပြန်မလဲဆိုတာကိုပဲ စိတ်စောနေတာ။ ဘာစကားမှ မပြောခင် ပင့်သက်ကိုအရင်ရှိုက်တယ်။ ဝတ္ထုမဖတ်ခင်က ပြုံးနေတဲ့ မျက်နှာအမူအရာကနေ သုန်သုန်မှုန်မှုန်လေးဖြစ်သွားပြီ။ ဇာတ်လမ်းလေးကလည်း ရိုးရိုးလေးဆိုပေမယ့်ရင်နင့်စရာ။ "ဝတ္ထုလေးကတော်တော်ကောင်းတာပဲ။ မိုးမိုးဆိုတဲ့ ကလေးမရဲ့အဖြစ်က ကျွန်တော်နဲ့ခပ်ဆင်ဆင်ပဲ။ ဒီရန်ကုန်မှာ ကျွန်တော်တို့လို နယ်ကနေ အလုပ်လုပ်ကြတဲ့ လူတော်တော်များများက ဒီလိုပါပဲ။ သူကမိန်းကလေး ဖြစ်နေတော့၊ နေဦးဗျ။ ကျွန်တော်နောက် တစ်ခေါက်လောက်ထပ်ပြီး ဖတ်ကြည့်ချင်သေးတယ်"။

"လာဗျာ ကိုဖော်ဖော် ကျွန်တော်လက်ဖက်ရည်တိုက်မယ်။ ဆိုင်မှာအေးအေးဆေးဆေးလက်ဖက်ရည်သောက်ရင်း စကားပြောရအောင်"

"နေပါစေ ဦးလေးရာ ပိုက်ဆံအပိုကုန်ပါတယ်။ ဟိုခုံမှာထိုင်လိုက်လေ။ ကျွန်တော်က စာကိုဖြည်းဖြည်းချင်း အရသာခံပြီးဖတ်ရတာကိုကြိုက်တယ်ဗျ။ အဲ့ဒါဆိုတော်တော်နဲ့မမေ့တော့ဘူး။ ခေါင်းထဲမှာစွဲသွားရော"

အနီးနားက စာအုပ်လေးတစ်အုပ်ကို ကျွန်တော်လှမ်းယူလိုက်တယ်။ ဆရာဖေမြင့်ရဲ့ နှလုံးသားအာဟာရဆိုတဲ့ စာအုပ်လေးတစ်အုပ်ဖြစ်နေပါတယ်။ စာအုပ်ကောင်းလေး တစ်အုပ်ပါ။ စာဖတ်ချင်စိတ်မရှိဘူးဖြစ်နေတယ်။

"ကျွန်တော် ပြောကြည့်မယ်။ မိုးမိုးက ကျောင်းသိပ်တက်ချင်တယ်။ ပညာသိပ်လိုချင်တဲ့ကလေး။ ဒါပေမယ့် သူ့အခြေအနေက ကျောင်းတက်ဖို့က မဖြစ်နိုင်ဘူး။ ကျွန်တော် ဒီလိုကလေးတွေကိုသိပ်ပြီး တွေ့ချင်တာ။ ကျွန်တော့်မှာရှိတဲ့ စာအုပ်ကောင်းလေးတွေပေးဖတ်ပြီး သူ့ကိုကူညီနိုင်မှာပါ"

ကိုဖော်ဖော်ရဲ့အကြည့်က ကျွန်တော့်ကိုကျော်ပြီး သူ့ငယ်ဘဝကိုလှမ်းကြည့်နေသလားပဲ။ ကိုယ့်ဟာကိုယ် မနေဘဲ ငါလျှာရှည်မိတာ။

"ဒီဇာတ်လမ်းမှာပါတဲ့ ကျွန်မဆိုတဲ့ အမျိုးသမီးက ပညာတတ်တစ်ယောက်ပဲ။ သူလည်း မိုးမိုးကို ကျောင်းထားပေးဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ သူလည်း သူ့အပူနဲ့သူ။ နားလည်တယ်။ ဒါပေမယ့် ကျောင်းပြင်ပပညာရေးအနေနဲ့ မိုးမိုးကို သူ့အရွယ်နဲ့သင့်တော်မယ့် စာအုပ်လေးတွေ လက်ဆောင်ပေးပြီးပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ကျောင်းမလွှတ်ခင် အချိန်လေးအတွင်းမှာ ရွှေသွေး၊ တေဇတို့လို စာစောင်လေးတွေပေးဖတ်ပြီး ဒီကလေးစာဖတ်ဝါသနာပါလာအောင် ပြောဆိုစည်းရုံးသင့်တယ်။ ဦးလေးသတိထားမိလားတော့ မသိဘူး။ နိုင်ငံခြားကားတွေထဲမှာဗျာ။ ကလေးတွေကို သူတို့မိဘတွေက ညအိပ်ခါနီးမှာ ပုံပြင်စာအုပ်လေးတွေ ဖတ်ပြတာလေ။ ကျွန်တော်တို့နိုင်ငံက ရုပ်ရှင်တွေမှာ ဒါမျိုး ရိုက်ပြတာသိပ်မတွေ့မိဘူး။ ဒါတွေက သိပ်ကို လိုအပ်တယ်လို့ထင်တယ်။ အဘကဒီနည်းနဲ့ ကျွန်တော့်ကို သွန်သင်ဆုံးမလာတာ"။

ကျွန်တော်တို့နှစ်ယောက် ကိုဖော်ဖော့်စကားတွေကို အသံတိတ်ထောက်ခံနေကြတယ်။ နည်းနည်းညောင်းလာလို့ အနီးနားကခုံလေးပေါ်ကို ကျွန်တော်အသာပဲ ထိုင်ချလိုက်တယ်။

"စာဖတ်တယ်ဆိုတာ စာသင်ယူနည်းတစ်မျိုးပဲ။ ကျွန်တော်ဆို စာအုပ်စာပေနဲ့ တိုင်းပြည်ကို ပြန်လည်တည်ဆောက်မယ်လို့ ရည်မှန်းထားတာ။ ကျွန်တော်ဆို စက်ဘီးလေးနဲ့ စာဖတ်မယ့်သူတွေဆီ အရောက်ပို့ခဲ့တာ။ လူတွေ စာဖတ်နေတာမြင်ရင် ကျွန်တော်အရမ်းပျော်တယ်"။

တော်တော်ကောင်းတဲ့ ဝေဖန်သုံးသပ်ချက်ပဲ။

ကျွန်တော်ဘာကြောင့် ဒီလိုရှင်းရှင်းလင်းလင်းမတွေးမိရတာလဲ။ ကိုဖော်ဖော်ကို အားရပါးရ ထပြီး လက်ဆွဲနှုတ်ဆက်မလို့ပါပဲ။

ခက်လိုက်တာ။ ကျွန်တော်က ပက်လက်ကုလားထိုင်ပေါ်မှာ စာအုပ်ကို မျက်နှာပေါ်တင်ပြီး အိပ်ပျော်မလိုဖြစ်သွားတာပဲ။ အိပ်မက်ဆိုတာ အိပ်မပျော်ခင်နဲ့ ပျော်လုဆဲဆဲမှာ မက်တတ်တာလို့ စာတွေထဲမှာ ဖတ်ဖူးတယ်။ မောဟအားကြီးလို့ မက်တဲ့အိပ်မက်လေးကြောင့် အကြိုတော်ဝတ္ထုလေးကို ဖျက်ဆီးသလိုဖြစ်သွားရင် စာရေးသူကို တောင်းပန်ရတော့မှာပဲ။

ဘာပဲဖြစ်ဖြစ်။ ကံမကောင်းအကြောင်းမလှလို့ ပညာကိုဆုံးခန်းတိုင်အောင် မသင်ခဲ့ရတဲ့ သူတွေအဖို့ စာတိုပေစလေး တစ်လုံးတစ်ပါဒလောက်ကို ဖတ်ခွင့်ရလိုက်မယ်ဆိုရင်ပဲ ဘဝလမ်းကြောင်း ဖြောင့်တန်းစရာအကြောင်းများ ရသွားလေမလားရယ်လို့။ ။

# မြန်မာနိုင်ငံကင်းထောက်ရာပြည့်အထိမ်းအမှတ်အခမ်းအနားကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ ကင်းထောက်ရာပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံကင်းထောက်ကော်မတီ ဥက္ကဋ္ဌ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညိုနှင့် ကင်းထောက်အမျိုးသမီး ကင်းထောက်ချုပ် ဒေါက်တာ ဒေါ်တင်လှကြည်တို့က မြန်မာနိုင်ငံတွင် ၁၉၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းပြီးသည့်နောက် အစဉ်အဆက် တာဝန်ယူခဲ့ကြသည့် နိုင်ငံတော်အကြီးအကဲများ၏ အားပေးချီးမြှင့်မှုဖြင့် အာရှနှင့်ပစိဖိတ်ဒေသအတွင်း ထူးခြားအောင်မြင်မှုရခဲ့ကြောင်း၊ အလားတူ ထူးခြားအောင်မြင်မှု အမွေကောင်း အစဉ်အလာကောင်းများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားကြရေး ဆွေးနွေးကြရန်၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ကို ၁၉၁၆ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ရာ ၂၀၁၆ ခုနှစ်တွင် နှစ် ၁၀၀ ပြည့်ပြီဖြစ်၍ နိုဝင်ဘာလအတွင်း ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရန်အတွက် တစ်ပြည်လုံးရှိ အမျိုးသား အမျိုးသမီး ကင်းထောက်များ၊ ကင်းထောက်လုပ်ငန်းစိတ်ပါဝင်စားသူများ ပါဝင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရန်နှင့် မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့သည် ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင် နိုင်ငံအဖြစ် ယခုနှစ် ဩဂုတ်လတွင် အသိအမှတ်ပြုပြီးဖြစ်သကဲ့သို့ မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့သည် ယခုအခါ ကမ္ဘာ့အမျိုးသမီး ကင်းထောက်အဖွဲ့၏ တွဲဖက်အဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့မှ ပုဂ္ဂိုလ်ကြီးများ တက်ရောက်အားပေးကြရန် စိတ်အားသန်လျက်ရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ခမ်းခမ်းနားနားနှင့် စနစ်တကျဖြစ်ရန် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

တက်ရောက်လာကြသူများက မြန်မာနိုင်ငံကင်းထောက် ရာပြည့်အထိမ်းအမှတ်အတွက် တေးသီချင်းများ၊ ရန်ပုံငွေရရှိရေးအတွက် အထိမ်းအမှတ်ပစ္စည်းများနှင့် ပဒေသာကပွဲများဖြင့် ရန်ပုံငွေရှာဖွေရေး၊ ရာပြည့်မဂ္ဂဇင်းစာအုပ်ထုတ်ဝေရေး၊ ဈေးရောင်းပွဲတော်ကျင်းပရေး၊ ကင်းထောက်ပစ္စည်းအရောင်းဆိုင် ဖွင့်လှစ်ရေးတို့ကို ဆွေးနွေးကြသည်။

ညှိနှိုင်းဆွေးနွေးပွဲသို့ ယခင် မြန်မာနိုင်ငံကင်းထောက်မင်းကြီး ဦးဘဌေး (ကော်မရှင်ဥက္ကဋ္ဌဟောင်း)၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံ အမျိုးသား အမျိုးသမီး ကင်းထောက်ကြီးများ၊ ရာပြည့်အထိမ်းအမှတ် အခမ်းအနားကျင်းပရေး ဗဟိုလုပ်ငန်းကော်မတီ၊ လုပ်ငန်းဆပ်ကော်မတီဝင်များ တက်ရောက်ကြသည်။

**ကိုလတ်(သတင်းစဉ်)**



# ပဉ္စမအကြိမ် ယာဉ်၊ ယာဉ်လုပ်သားများ လုပ်အားယှဉ်ပြိုင်ဆု ပေးအပ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ရန်ကုန်အနောက်ပိုင်းခရိုင် ယာဉ်လိုင်း၏ ပဉ္စမအကြိမ် ယာဉ်၊ ယာဉ်လုပ်သားများ လုပ်အားယှဉ်ပြိုင်ဆု ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် မထသ(ဗဟို)သင်တန်းခန်းမ၌ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဦးလှအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ယာဉ်ထွက်ရာခိုင်နှုန်းအများဆုံးနှင့် ခရိုင်အဆင့် ဆုရရှိသည့် ယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများ၊ ဌာနခွဲအဆင့်၊ ယာဉ်လိုင်းအဆင့်အလိုက် ဆုရရှိသူများအား ဆုချီးမြှင့်ပြီး ယာဉ်လုပ်သားဝတ်စုံများပေးအပ်ခဲ့သည်။ ဆက်လက်၍ ရန်ကုန်အထွေထွေရောဂါကုဆေးရုံ၊ အင်းစိန်ဆေးရုံ၊ သဃ်န်းကျွန်းဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံတို့အား ထောက်ပံ့လှူဒါန်းခြင်းတို့ကို ဥက္ကဋ္ဌဦးလှအောင်နှင့် ကော်မတီဝင်များ၊ ယာဉ်လိုင်းဥက္ကဋ္ဌများက အသီးသီးချီးမြှင့်ခဲ့သည်။

အဆိုပါဆုပေးအပ်ပွဲတွင် ယာဉ်ဆု ၁၄၄ ဆု၊ ယာဉ်မောင်းဆု ၁၃၇ ဆု၊ ယာဉ်နောက်လိုက်ဆု ၁၃၄ ဆု၊ ယာဉ်ထွက်ရာခိုင်နှုန်းပြည့်မီစွာ ပြေးဆွဲနိုင်ရေးဆု သုံးဆု စုစုပေါင်း ၄၁၈ ဆုအတွက် ဆုကြေးငွေကျပ် ၄၀၀၆၀၀၀၀၊ ယာဉ်လုပ်သားဝတ်စုံစရိတ်ငွေကျပ် ၄၈၉၇၅၀၀ ချီးမြှင့်ခဲ့သည့်အပြင် ဆေးရုံကြီးလေးရုံအတွက် တစ်ရုံလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဦးလှအောင်နှင့် ကော်မတီဝင်များ၊ မထသ(မြို့တွင်း)ဥက္ကဋ္ဌ၊ မထသ(အဝေးပြေး)ဥက္ကဋ္ဌ၊ ခရိုင်ယာဉ်လိုင်းများမှ ဥက္ကဋ္ဌများ၊ ဆေးရုံအုပ်ကြီးများ၊ ဆုရရှိသောယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**သတင်း-ဇာနည်အောင်၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# မဲသဝေါ် စစ်ဘေးရှောင်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ခေါင်းစွပ်ပါအနွေးထည်များနှင့် ခေါက်ဆွဲခြောက်ထုပ်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံအတွင်းမှ လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သောဒေသများရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းသည် ခေါင်းစွပ်ပါအနွေးထည် ၁၆၀၀၀၀ ကို ပြည်ပမှ မှာယူပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်တွင် ကရင်ပြည်နယ် မြိုင်ကြီးငူဒေသသို့ ရောက်ရှိနေသော မဲသဝေါ် စစ်ဘေးရှောင်ပြည်သူများအတွက် အနွေးထည် စုစုပေါင်း ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀ တို့ကို ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးဘိုဘိုဝေမောင်တို့က အဆိုပါစစ်ဘေးရှောင်စခန်းများသို့ သွားရောက်လှူဒါန်းခဲ့သည်။

လှိုင်းဘွဲ့မြို့နယ် ထိကနဲရွာမှ တောင်ပေါ်စကောကရင်လူမျိုး ကိုကျော်မိုးက "ကျွန်တော်ရွာမှာ လယ်တွေ၊ နွားတွေပစ်ထားခဲ့ရတယ်။ စိတ်မချဘူးလေ။ ဒါပေမဲ့ ပြန်လည်းမယူရဲဘူး။ ပြန်ရင်သေမှာ။ အခုဆို ကျွန်တော်နဲ့မိသားစုငါးယောက်လုံး ဒီကိုရောက်နေကြတယ်။ ရောက်တာတော့ ခြောက်ရက်ရှိပြီ။ အငယ်လေးက အခုဆရာမတွေဆီမှာ မူကြိုလာတက်နေတာ။ အကြီးလေးကတော့ ဟိုဘက်ကအဆောင်မှာ မူလတန်းကျောင်းတက်နေတယ်။ ဘာပဲပြောပြော ကျွန်တော်တော့ ဒီစစ်ကြောင့်စိတ်ညစ်တယ်။ မပျော်ဘူး။ ဒီမှာတော့ အစားအသောက်အဆင်ပြေအောင် ဆရာတော်ကထားပေးပါတယ်"ဟု ဝမ်းနည်းကြေကွဲစွာဖြင့် ပြောသည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဓာတ်လွန်ကဲနိုင်သည့်ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသားပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၃၆၅၀၀ ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။ ထို့အပြင် ဖောင်ဒေးရှင်းသည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀ ကို ဩဂုတ် ၁၈ ရက်က သွားရောက်လှူဒါန်းခဲ့ပြီး ရှမ်းပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအတွက်နှင့် ကချင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအတွက် မကြာမီ ထပ်မံလှူဒါန်းသွားမည်ဟု သိရသည်။




**(ဝ၁၀)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြတ်ဦး ဦးစီးသော တပ်ဖွဲ့ဝင်များ စက်တင်ဘာ ၁၇ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံဝန်းကျင်သန့်ရှင်းရေးအတွက် မြက်နှင့်ချုံနွယ်များ ရှင်းလင်းဆောင်ရွက်စဉ်။

(မြို့နယ်ပြန်/ဆက်)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**အုတ်တွင်း စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ရဲတပ်ဖွဲ့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရွှေဝင်း ဦးဆောင်ကြီးကြပ်မှုဖြင့် ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ကိုနှင့် အုတ်တွင်းမြို့မစခန်းမှူး ဒုရဲမှူး ဇော်လွင်တို့ပါဝင်သော အရာရှိကိုးဦးနှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင် ၄၀ တို့သည် အောက်တိုဘာ ၁ ရက်နေ့တွင်ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီမှ နံနက် ၉ နာရီထိ အုတ်တွင်းအထက အားကစားကွင်းတွင် အမှိုက်၊ ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်းတို့ကို စုပေါင်းလုပ်အားပေးဆောင်ရွက်ကြသည်။

အလားတူ တစ်ချိန်တည်းတွင် အုတ်တွင်းမြို့နယ် ကျွဲပွဲရဲစခန်းနှင့် ညောင်ခြေထောက်ရဲစခန်းတို့တွင်လည်း စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် သန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများတူးဖော်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို၊ စုပေါင်းသန့်ရှင်းရေးလုပ်

**နေပြည်တော် စက်တင်ဘာ ၁၈**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ရုံး ကွပ်ကဲရေးမှူး ရဲမှူးချုပ်တင်ကိုကို ဦးဆောင်၍ ကွပ်ကဲမှုအောက်ရှိ အမှတ်(၁၊ ၂၊ ၁၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့ခွဲများနှင့် အမှတ်(၁၁၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ အရာရှိ၊ အခြားအဆင့် တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်စေတီဝင်းအတွင်း ချုံနွယ်မြက်များ ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

**သန်းဦး(လေးမျက်နှာ)**

# ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ဘက်စုံထောင့်စုံမှ လေ့လာစိစစ်သုံးသပ်နိုင်ရန် ဆောင်ရွက်နေဆဲဖြစ် ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ ခံစားချက်များနှင့်သဘောထားအမြင်များကို ထည့်သွင်းစဉ်းစားပြီး ပထမအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံတင်ပြနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများလေ့လာစိစစ်သုံးသပ်ရေးကော်မရှင်**
**"သတင်းထုတ်ပြန်ချက်"**

၁။ ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်ကို(၁၂-၈-၂၀၁၆)ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်(၅၈/၂၀၁၆) ဖြင့်ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မရှင်၏ပထမအကြိမ်အစည်းအဝေးကို (၂၂-၈-၂၀၁၆) ရက်နေ့နှင့် (၂၃-၈၂၀၁၆) ရက်နေ့များတွင် လည်းကောင်း၊ ဒုတိယအကြိမ် အစည်းအဝေးကို (၂၉-၈-၂၀၁၆)ရက်နေ့နှင့် (၃၀-၈-၂၀၁၆)ရက်နေ့များတွင် လည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကို(၅-၉-၂၀၁၆) ရက်နေ့နှင့် (၆-၉-၂၀၁၆) ရက်နေ့များတွင်လည်းကောင်း၊ စတုတ္ထအကြိမ်အစည်းအဝေးကို (၉-၉-၂၀၁၆) ရက်နေ့တွင်လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပြီး စီမံကိန်းနှင့် စပ်လျဉ်းသည့် အချက်အလက်များကို ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

၃။ ကော်မရှင်အနေဖြင့် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ စာရွက်စာတမ်းများနှင့် အချက်အလက်များအား ဘက်စုံထောင့်စုံမှ လေ့လာစိစစ်သုံးသပ်နိုင်ရန် ဆောင်ရွက်နေဆဲဖြစ်ပါသည်။ ထိုသို့ လေ့လာစိစစ်သုံးသပ်ရာတွင် ပြည်တွင်းပညာရှင်များသာမက လိုအပ်ပါက ပြည်ပပညာရှင်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ကော်မရှင်အဖွဲ့ဝင်များသည် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းတည်ရှိရာဒေသသို့ ကွင်းဆင်းလေ့လာကြည့်ရှုနိုင်ရန် (၁၅-၉-၂၀၁၆) ရက်နေ့တွင် သွားရောက်ခဲ့ရာ မြစ်ကြီးနားမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ပါသည်။ ပထမဦးစွာ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်အဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပပြုလုပ်ခဲ့ပါသည်။

၅။ ကော်မရှင်အဖွဲ့ဝင်များသည် (၁၆-၉-၂၀၁၆) ရက်နေ့တွင် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်တည်ရှိရာနေရာသို့ သွားရောက်လေ့လာကြည့်ရှုခဲ့ရာ စီမံကိန်းဆောင်ရွက်ခဲ့သည့် China Power Investment Corporation မှ တာဝန်ရှိသူများက စီမံကိန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့သည့် အချက်အလက်များကို ကော်မရှင်အဖွဲ့ဝင်များအား ရှင်းလင်းတင်ပြခဲ့ပါသည်။ ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များသည် စီမံကိန်းကြောင့် ရွှေ့ပြောင်းခဲ့ရသည့် အောင်မြင်သာနှင့် မလိယန်ကျေးရွာများသို့ သွားရောက်ခဲ့ပြီး ဒေသခံရပ်မိရပ်ဖများ၊ ရွာသူရွာသားများနှင့်တွေ့ဆုံကာ ၎င်းတို့၏သဘောထားများနှင့် ခံစားချက်များကိုမေးမြန်းခဲ့ပါသည်။

၆။ ကော်မရှင်အဖွဲ့ဝင်များသည်(၁၇-၉-၂၀၁၆) ရက်နေ့တွင် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများအတွက် Construction Power ပေးရန် တည်ဆောက်ခဲ့သည့် ချီဖွေငယ်ရေအားလျှပ်စစ်စက်ရုံသို့ သွားရောက်ခဲ့ရာ China Power Investment Corporation မှ တာဝန်ရှိသူများက ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးပို့ရန် ဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

၇။ ကော်မရှင်အဖွဲ့ဝင်များသည် (၁၈-၉-၂၀၁၆)ရက်နေ့တွင် မြစ်ကြီးနားမြို့၌ မြို့မိမြို့ဖများ၊ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ၎င်းတို့၏သဘောထားများကို ပြည့်ပြည့်စုံစုံရယူမှတ်သားခဲ့ပါသည်။

၈။ ကော်မရှင်သည် စီမံကိန်းများ ဆောင်ရွက်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ် အပါအဝင် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့်ဆိုးကျိုးသက်ရောက်မှုများ၊ စီမံကိန်းများဆောင်ရွက်ခြင်းကြောင့် ဧရာဝတီမြစ်ရေရှည်တည်တံ့နိုင်မှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေနှင့် ဧရာဝတီမြစ်၏ရေသယံဇာတများ ပျက်စီးဆုံးရှုံးနိုင်မှု အခြေအနေများ၊ စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန် သင့်၊ မသင့်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူတို့အကြား နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရေး ညှိနှိုင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုအဖွဲ့အစည်းများ၏ ခံစားချက်များနှင့် သဘောထားအမြင်များ စသည်တို့ကို ထည့်သွင်းစဉ်းစားပြီး လေ့လာစိစစ်သုံးသပ်မှုပထမအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အစီရင်ခံတင်ပြနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၉။ ထို့အပြင် ကော်မရှင်အနေဖြင့် ပထမအစီရင်ခံစာမတင်သွင်းမီ လိုအပ်ပါက နိုင်ငံတော်သမ္မတထံ ကြားဖြတ်အစီရင်ခံစာတင်ပြနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်**
**နေပြည်တော်**



# ကျွန်းလှတွင်မိုးသည်းထန်စွာရွာသွန်းသော်လည်း ဘိုယားတမံစိုးရိမ်စရာမရှိ

**ကျွန်းလှ စက်တင်ဘာ ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် စက်တင်ဘာ ၁၇ ရက် နံနက် ၇ နာရီမှ ၉ နာရီထိ မိုးရေချိန် ၄ ဒသမ ၀၅ လက်မခန့် မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းခဲ့ကြောင်းသိရသည်။

မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့်ဘိုယားတမံတွင်ရေအမှတ် ၅၇၉ ပေထိရောက်ရှိလာကြောင်း၊ ယမန်နှစ်ကယခုရေအမှတ်တွင် တမံထူးပေါက်ပြီး ရေစိမ့်၍ သဲအိတ်များဖြင့်ပိတ်ခဲ့ရကြောင်း၊ ရေပိုလွှဲသည် ရေထွက်ကောင်းပြီးတမံအတွင်းရေဝင်ရောက်နေသော်လည်း စိုးရိမ်စရာမရှိကြောင်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဘိုယားတမံသို့မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးသန်းလွင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်တာဝန်ရှိသူတို့ကကွင်းဆင်းကြည့်ရှုပြီး ထူးခြားမှုရှိပါကအချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်ရေကင်းစောင့်ချထားကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆရာဝန်များကွင်းဆင်းကုသ

**ကျောက်တန်း စက်တင်ဘာ ၁၈**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆရာဝန်များ ကွင်းဆင်းကုသမှုကို စက်တင်ဘာ ၁၆ ရက်က ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)၊ ဆေးဘက်ဆိုင်ရာ ခန္ဓာသန်စွမ်းမှုနည်းပညာဌာနမှ ဆရာဝန်များနှင့် ဆရာ/ဆရာမ ၆၂ ဦး ဦးဆောင်သောအဖွဲ့သည် ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ လေဖြတ်ရောဂါ၊ အရိုး အကြော အဆစ်ရောဂါရှိသူများ၊ မျက်နှာ၊ ကိုယ်လက်မလှုပ်ရှားနိုင်သောလူနာများ၊ မသန်စွမ်းသူများ၊ မွေးရာပါချို့ယွင်းမှုကြောင့် ခန္ဓာမလှုပ်ရှားနိုင်သူများ၊ ခါးနာခြင်း၊ အရိုးကျီးပေါင်းတက်ခြင်းကြောင့် နာကျင်မှုခံစားနေရသောလူနာများအား ကွင်းဆင်းဆေးကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

**ကျော်ဆန်းမြင့် (ပြန်/ဆက်)**



# (၁၇၁)အဆန် (၁၇၂)အစုန် လူစီးလော်ကယ်ရထား ယခင်အချိန်အတိုင်း ပြန်လည်ပြေးဆွဲစေလို

**မော်လမြိုင် စက်တင်ဘာ ၁၈**
မော်လမြိုင်ဘူတာကြီးတွင် ယခင်က ၁၇၁ အဆန် ၁၇၂ အစုန် လူစီးလော်ကယ်ရထားနှင့် ၁၇၃ အဆန် ၁၇၄ အစုန် (RBE) လူစီးရထားတို့ကို နေ့စဉ် ပြေးဆွဲပေးလျက်ရှိပြီး မီးရထားဌာနမှ အကြောင်းအမျိုးမျိုးကြောင့် အမှတ် ၁၇၃ အဆန်ရထားနှင့် ၁၇၄ အစုန် (RBE) လူစီးရထားကို ဖျက်သိမ်းခဲ့သည်။ ၁၇၁ အဆန် ၁၇၂ အစုန်ရထားများကို နေ့စဉ်ပြေးဆွဲခြင်းကို ရပ်နား၍ ၁၇၃ အဆန် ၁၇၄ အစုန်(RBE) လူစီးရထား နေရာတွင် တစ်ရက်ခြားအစားထိုးဝင်ရောက်ပြေးဆွဲခဲ့သည်။ ယခုလို ၁၇၁ အဆန် ၁၇၂ အစုန် လူစီးလော်ကယ်ရထားကို အချိန်ပြောင်းလဲပြေးဆွဲမှုကြောင့် ၎င်းရထားကို မဖြစ်မနေ လိုက်ပါစီးနင်းနေကြသော ခရီးသည်များ၊ လက်လုပ်လက်စားဈေးသည်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အခက်ကြုံတွေ့နေရပါသဖြင့် အမှတ် ၁၇၁ အဆန် ၁၇၂ အစုန် မော်လမြိုင်-ရေး လူစီးလော်ကယ်ရထားကို ယခင်အချိန်အတိုင်း ပြန်လည်ပြေးဆွဲပေးပါရန် ရထားစီးခရီးသည်များက မျှော်လင့် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

**(မင်းမဟာ)**

# တရားမဝင်ကျောက်စိမ်းအရိုင်းထုပ်များ သယ်ဆောင်လာသူခြောက်ဦးကို ခန္တီးမြို့ ဇီးဖြူကုန်းရပ် ဖောင်ဆိုင်ကူးတို့ဆိပ်တွင်ဖမ်းမိ

**မုံရွာ စက်တင်ဘာ ၁၈**
ခန္တီးမြို့ကျောက်စိမ်းတူးဖော်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝေနှင့် ပူးပေါင်းအဖွဲ့သည် တရားမဝင်ကျောက်စိမ်းများ သယ်ဆောင်လာကြောင်း သတင်းအရ သက်သေများနှင့်အတူ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီကျော်က ခန္တီးမြို့ ဇီးဖြူကုန်းရပ်ကွက်ဖောင်ဆိုင်ကူးတို့ဆိပ်ကမ်းတွင်ရှောင်တခင်ဝင်ရောက်စစ်ဆေးရာ ကျောက်စိမ်းအရိုင်းတုံးများထည့်ထားသော အထုပ်များနှင့်အတူ လူခြောက်ဦးအားဖမ်းမိရာ ကျောက်မျက်ဥပဒေပုဒ်မ၄၂(က)အရ ခန္တီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူထံမှသိရသည်။

ခန္တီးမြို့ဇီးဖြူကုန်းရပ်ကွက် ဖောင်ဆိုင်ကူးတို့ဆိပ်ကမ်းတွင်ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့ရာခန္တီးမြို့ ဇီးဖြူကုန်းရပ်နေ ဟူပန်ထံမှအလေးချိန် သုည ဒသမ ၇ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံးတစ်ထုပ်၊ ဟုမ္မလင်းမြို့ ထမသီရန်နွေးရပ်နေ ကျော်စွာထံမှအလေးချိန် ၃ ဒသမ ၆ ကီလိုဂရမ်ခန့်ပါကျောက်စိမ်းအရိုင်းတုံးတစ်ထုပ်၊ ကချင်ပြည်နယ် ဆားဒုံးမြို့ (၃) ရပ်ကွက်နေ ဇော်လေးထံမှ အလေးချိန် ၃၀ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံး တစ်ထုပ်၊ မြစ်ကြီးနားမြို့ ရန်ပုန်ရပ်နေ ငွါးဆာလားထံမှ အလေးချိန် ၁ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံးတစ်ထုပ်၊ မင်းကင်းမြို့ တောင်တွင်းရွာနေတင်ငွေထံမှ သုည ဒသမ ၃ ကီလိုဂရမ်ခန့်ပါ ကျောက်စိမ်းအရိုင်းတုံးတစ်ထုပ်နှင့်ကျိုင်းတုံမြို့ နေစိုင်းဝန်းထံမှအလေးချိန် သုည ဒသမ ၃ ကီလိုဂရမ်ခန့်ပါကျောက်စိမ်းအရိုင်းတုံးထုပ်များကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

တွေ့ရှိသိမ်းဆည်း ရမိခဲ့သော ကျောက်စိမ်းအရိုင်းတုံး အထုပ်ခြောက်ထုပ်ကို ချိပ်တံဆိပ်ပိတ်ထုပ်ပိုး၍ခန္တီးမြို့မရဲစခန်းသို့သွားရောက်အပ်နှံပြီး တရားမဝင်ကျောက်စိမ်းသယ်ဆောင်သူ ခြောက်ဦးကို အရေးယူပေးပါရန် စက်တင်ဘာ ၁၇ ရက် ည ၈ နာရီဝန်းကျင်က ခန္တီးမြို့ကျောက်စိမ်းတူးဖော်ရေးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးထွန်းဝေကတရားလိုပြုလုပ်တိုင်တန်းရာ ခန္တီးမြို့မရဲစခန်းကဟူပန်အား (ပ)၆၈/၂၀၁၆၊ ကျော်စွာအား(ပ)၆၉/၂၀၁၆၊ ဇော်လေးအား(ပ)၇၀/၂၀၁၆၊ ငွါးဆာလားအား(ပ) ၇၁/၂၀၁၆၊ တင်ငွေအား(ပ)၇၂/၂၀၁၆နှင့် စိုင်းဝန်းအား(ပ)၇၃/၂၀၁၆၊ ကျောက်စိမ်းဥပဒေပုဒ်မ၄၂ (က)အရအမှုရေးဖွင့်ကာ အမှုစစ်ရဲအုပ် ကိုကိုမင်းထွန်းနှင့် ရဲအုပ်မြင့်စိုးတို့ကတရားခံဖမ်းဆီးရမိရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

# နိုင်ငံတကာအဆင့်နှင့်အညီ မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သူများအသင်း(MBA)ကို စတင်ဖွဲ့စည်း

**ရန်ကုန် စက်တင်ဘာ ၁၈**

ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်သည့် မီဒီယာလုပ်ငန်းစဉ်များကို မီဒီယာကျင့်ဝတ်နှင့်အညီ တောင့်တင်းခိုင်မာသော စတုတ္ထမဏ္ဍိုင်တစ်ခုဖြစ်လာစေရန်နှင့် မြန်မာနိုင်ငံ၏ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သည့် မီဒီယာလုပ်ငန်းများ နိုင်ငံတကာအဆင့်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း (Myanmar Broadcasters Association -MBA)အား စတင်ဖွဲ့စည်းမိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့ ညနေ ၆ နာရီက ရန်ကုန်မြို့ SKY STAR HOTEL ၌ ကျင်းပသည်။



အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ဒီနေ့ဟာ မြန်မာနိုင်ငံရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာအခန်းကဏ္ဍထဲက ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဆိုင်ရာအသင်း စတင်ဖွဲ့စည်းနိုင်တဲ့ နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို ထူထောင်မယ်ဆိုရင် အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ ဥပဒေပြုရေးအာဏာတွေအပြင် စတုတ္ထမဏ္ဍိုင်ကြီးဖြစ်တဲ့ သတင်းမီဒီယာတွေကလည်း ပြည်သူလူထု နိုင်ငံရေးမှာ ပါဝင်နိုင်ဖို့အတွက် အလွန်အရေးကြီးပါတယ်။ ဒီသတင်းမီဒီယာတွေရဲ့ အခန်းကဏ္ဍမှာ ရုပ်မြင်သံကြားနဲ့ အသံထုတ်လွှင့်ခြင်းဟာလည်း အလွန်အရေးကြီးပါတယ်။ ပြီးခဲ့တဲ့ ဒီမိုကရေစီအရေးလှုပ်ရှားမှုကြီးတောက်လျှောက်မှာ ရုပ်သံတွေ၊ ရုပ်မြင်သံကြားနဲ့ အသံတွေက ပြောင်းလဲမှုကို သယ်ဆောင်ပေးခဲ့တယ်ဆိုတဲ့ သမိုင်းမှတ်တိုင်တွေဟာ အထင်အရှားရှိခဲ့ပါတယ်။ ဒီသမိုင်းမှတ်တိုင်တွေကို မေ့ပျောက်ပစ်ခဲ့လို့ မရပါဘူး။ ဒါ သမိုင်းတစ်ရပ်ဖြစ်ပါတယ်။ အသင်းအဖွဲ့တစ်ခုကိုထူထောင်နိုင်ခြင်းဟာ အားကောင်းတဲ့ ဒီမိုကရေစီစနစ်တစ်ခုကိုဖြစ်စ်ဖို့၊ ရင့်ကျက်တဲ့ ဒီမိုကရေစီစနစ်တစ်ခုကိုဖြစ်ဖို့အတွက် အလားအလာကောင်းတစ်ခုဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဌေးက မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းသည် နိုင်ငံတော်တွင်ရှိသည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်လုပ်ငန်းအားလုံးမှ ကိုယ်စားလှယ်အသီးသီးနှင့် ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ မီဒီယာများ၏ဖွံ့ဖြိုးတိုးတက်မှု၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးသောအဖွဲ့အစည်းအသီးသီးမှ တူညီသောဆန္ဒများနှင့် စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတကာအဆင့်အတန်းဝင် မီဒီယာများအဖြစ် ရပ်တည်နိုင်ရေးအတွက် မီဒီယာအသိုင်းအဝိုင်းများက မြန်မာနိုင်ငံ ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းနှင့် လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားကြရန် အကြံပြုတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ရည်ရွယ်ချက် (၈)ချက်ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်းကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့က ပြည်တွင်းအသင်းအဖွဲ့များ(ယာယီ)မှတ်ပုံတင်လက်မှတ်အမှတ် ပြည်တွင်း/၀၂၆၀ ဖြင့် ဩဂုတ် ၈ ရက်တွင် ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေး အသိအမှတ်ပြုထားကြောင်း သိရသည်။

ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကိုလည်း မေ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ဥပဒေပါအချက်အလက်အချို့အား ပြန်လည်ပြင်ဆင်ရန် လိုအပ်ကြောင်းနှင့် အချိန်နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် နည်းဥပဒေရေးဆွဲရေးကို အသင်းအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဥပဒေအား ပြန်လည်ပြင်ဆင်သုံးသပ်နိုင်ရန်နှင့် နည်းဥပဒေရေးဆွဲနိုင်ရန်အတွက် ပြင်ဆင်သုံးသပ်ရေးနှင့် နည်းဥပဒေရေးဆွဲရေးကော်မတီကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း ယနေ့အခမ်းအနားမှ သိရသည်။

မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း (MBA)ကို ရုပ်မြင်သံကြားနှင့် အသံလွှင့်မီဒီယာ ၁၅ ခုဖြင့် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အစီအစဉ်များ ပူးတွဲရိုက်ကူးထုတ်လုပ်ခြင်း၊ အပြန်အလှန်ဖလှယ်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် သတင်းအတတ်ပညာဌာန၊ DW Akademie စသောအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဒီပလိုမာသင်တန်းများလည်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-လှမိုး**

---

**❋ ကျောဖုံးမှ**

ပြည်နယ်နှင့် တိုင်းဒေသကြီး ငွေတံဆိပ်ဆုရှင် နန်းတော်လေး(မန္တလေး)နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ကြေးတံဆိပ်ဆုရှင် ရဲနိုင်ဦး (နောင်ကုလား)တို့ ပွဲစဉ်ပထမအချီမှာပင် ရဲနိုင်ဦး၏ တံတောင်နှင့် လက်သီးတွဲလုံးများက နန်းတော်လေးမျက်နှာထိပြီး အနားတောင်းလိုက်ရသည်။ ပြန်အတည်တွင် ပါဝါပြင်းသည့် ဘက်စုံသုံးထိုးသတ်ချက်များဒဏ်ကို နန်းတော်လေးမခံနိုင်တော့ဘဲ ရဲနိုင်ဦး ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။ ဗိုလ်ခါချဉ်(T&T)နှင့် ဆလိုင်းချမ်းမြွေကို (ထွန်းသွင်) တို့ ပွဲစဉ်သည်လည်း ပရိသတ်အားပေးမှုရရှိခဲ့သည်။

ဂလင်း(ဩစတြေးလျ)(သတ္တိ)နှင့် ရာဇာ(ထွန်းသွင်)တို့ ပွဲစဉ်တွင် ရာဇာ ပါဝါ အားလျော့နေသည်ကို တွေ့ရသည်။ သို့သော် တစ်ခါတစ်ရံသူ၏ ထောက်လက်သီးများက အားပါသည်။ ဂလင်းကလည်း မခေ။ သူ၏ ပတ်တံတောင်ရိုက်ချက်များ ကွက်တိဖြစ်နေသည်။ ဒုတိယအချီတွင် ဂလင်း၏ပါဝါပြင်းသော ပတ်တံတောင် ရိုက်ချက် ရာဇာမျက်နှာထိပြီး လဲကျကာ အနားတောင်းလိုက်ရသည်။ ပြန်အတည်တွင် ဆက်လက်မယှဉ်ပြိုင်တော့ဘဲ ဂလင်းကို အရှုံးပေးခဲ့ရသည်။

လေးချီအထူးပွဲ ကျန်ကျောင်း (ဗမာ့သွေး)နှင့် အလင်းရောင်(T&T) တို့ပွဲစဉ်တွင် အချီပြည့်ယှဉ်ပြိုင်သော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေဖြစ်ခဲ့သည်။ ချိုင်းထူး(နဂါးမာန်)နှင့် စိန်လုံးချော(ဗမာ့သွေး)တို့ တွဲဆိုင်း ဒုတိယနှင့် တတိယအချီတို့တွင် စိန်လုံးချော၏ ဖြောင့်လက်သီးများက ပါဝါပြင်းသလိုပြိုင်ဘက် ချိုင်းထူးကန်ချက်များကလည်းပြင်းထန်သည်။ တတိယအချီ ချိုင်းထူး၏ ဘယ်ညာလက်သီးတွဲလုံးများက စိန်လုံးချောကို အနားတောင်းစေခဲ့ရသည်။ ပြန်အတည်တွင် စိန်လုံးချော ဆက်လက်မယှဉ်နိုင်တော့ဘဲ ချိုင်းထူးဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

ယနေ့ ယှဉ်ပြိုင်ထိုးသတ်သည့် ပွဲစဉ်များတွင် အမျိုးသမီးလက်ရည်စစ်အထူးပွဲစဉ်တစ်ပွဲပါဝင်ရာ ထက်ထက်မင်း(ခ) နန်းခင်စိုး(အဖြူရောင်သွေးသစ်)နှင့် ရွှေစင်မင်း(မြွေဟောက်မင်း) တို့ပွဲစဉ်တွင် ပထမအချီစတင်ကတည်းကပင် ရွှေစင်မင်း၏တစ်ရှိန်ထိုးတိုက်ကွက်များက ထက်ထက်မင်း(ခ)နန်းခင်စိုးကို အထိနာစေခဲ့ပြီး မကြာခဏလဲကျနေသည်။ နန်းခင်စိုး သက်လုံနှင့် ကြံ့ခိုင်မှုစွမ်းရည် လျော့နေသည်။ မကြာလိုက် ရွှေစင်မင်း(မြွေဟောက်မင်း)၏ ပါဝါမြင့်သော ထိုးသတ်ချက်များကြောင့် နန်းခင်စိုးလဲကျပြီး ဆက်လက် မယှဉ်ပြိုင်နိုင်တော့ဘဲ ရွှေစင်မင်း(မြွေဟောက်မင်း) ဒိုင်ရပ်ဖြင့် အနိုင်ရခဲ့သည်။

ယနေ့ယှဉ်ပြိုင်ခဲ့သော လက်ဝှေ့ပွဲစဉ်များအားလုံးကို လက်ဝှေ့ဝါသနာရှင် ပရိသတ်များ ဝင်ကြေးအခမဲ့ဖြင့် ကြည့်ရှုခွင့်ရခဲ့သည်။

**သတင်း-အောင်ကျော်ဦး**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



ဂလင်း(ဩစတြေးလျ)(သတ္တိ)နှင့် ရာဇာ(ထွန်းသွင်)တို့ ထိုးသတ်နေစဉ်။

---

**○ မြန်မာယူ-၁၉ မှ**

**မြန်မာယူ-၁၉ - သုံးဂိုး**
**ကမ္ဘောဒီးယားယူ-၁၉ - ဂိုးမရှိ**

ဩစတြေးလျကို ဂိုးပြတ်ရှုံး၊ လာအိုကို ဂိုးပြတ်အနိုင်မှ သရေကျခဲ့သည့် မြန်မာယူ-၁၉ အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး နိုင်ပွဲပြန်တွေ့ခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် ယခုပွဲ အနိုင်ရလဒ်ကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရေး မျှော်လင့်ချက်အဆုံးမသတ်ခဲ့ဘဲ နောက်ဆုံးပွဲအထိ စောင့်ကြည့်ရမည် ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် လာအိုအသင်းနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲလုပ်ပြီး ယှဉ်ပြိုင်ကစားခဲ့သည်။ လာအိုနှင့်ပွဲတွင် အမှားများခဲ့သည့် မြန်မာအသင်းသည် ယခုပွဲကို အာရုံစိုက်ကစားခဲ့ပြီး မိနစ် ၂၀ တွင် ဦးဆောင်ဂိုးရခဲ့သည်။ ရွှေကိုကန်တင်သည့် ထောင့်ကန်ဘောကို ကမ္ဘောဒီးယားနောက်ခံလူ ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ဝင်သွားခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၂၉ မိနစ်တွင် ဇွဲသက်ပိုင်က အဝေးမှ ကန်သွင်းကာ ဒုတိယဂိုးရယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းဂိုးထပ်ရခဲ့ပြီး ကမ္ဘောဒီးယားနောက်ခံလူအမှားမှ အောင်နိုင်ဝင်းက တတိယဂိုးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ သုံးဂိုးပြတ် အနိုင်ရရှိပြီးနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကို ထိန်းချုပ်နိုင်ခဲ့ပြီး ဂိုးရနိုင်သည့် အခွင့်အရေးရခဲ့သော်လည်း ရွှေကို အသုံးမချနိုင်ခဲ့သောကြောင့် ဂိုးထပ်မရခြင်းဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

❒

---

# ဒီဇယ်စက်ပြင် သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းဖြစ်သော ဒီဇယ်အင်ဂျင်စက်ပြင်သင်တန်းကို ယနေ့နံနက် ၉ နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်ဇံဦးက သင်တန်းဖွင့်ပွဲအမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းက ရှင်းလင်းပြောကြားကာ အဆိုပါသင်တန်းတွင် သင်တန်းသား ၃၅ ဦး တက်ရောက်သင်ကြားမည်ဖြစ်သည်။ **(ကြေးမုံ)**

---



# ရေတာရှည်မြို့နယ်ရဲတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ စုပေါင်းဆောင်ရွက်

**ရေတာရှည် စက်တင်ဘာ ၁၈**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းများအား စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး မောင်မောင်ဦး ဦးဆောင်၍ ရေတာရှည်မြို့မရဲစခန်း၊ ဆွာ၊ သာဂရ၊ မြို့လှ၊ ရေနီ နယ်မြေရဲစခန်းများမှ အရာရှိ ၁၃ ဦး၊ တပ်ဖွဲ့အင်အား ၅၂ ဦးတို့ဖြင့် ရေတာရှည်မြို့နယ် ဆေးရုံဝင်းအတွင်း သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး အရာရှိ ငါးဦး၊ တပ်ဖွဲ့ဝင် ၂၄ ဦးတို့သည် တောင်ငူပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် ***"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"*** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# ရေရှည်တည်တံ့ဖို့ ထိန်းသိမ်းမှုများစွာ မျှော်လင့်နေတဲ့ တောင်သမန်အင်း

**သတင်းဆောင်းပါး - သီသီမင်း**

**ဓာတ်ပုံ - တင်မောင်(မန်းကိုယ်ပွား)**

ယဉ်ကျေးမှုမြို့တော်ဖြစ်တဲ့ မန္တလေးမြို့ရဲ့ အထင်ကရ နှစ်ပေါင်း ၁၆၀ ကျော်ကြာသက်တမ်းရှိ ဦးပိန်တံတားရှိရာ တောင်သမန်အင်းကြီးရဲ့ (သုံးပန်လှ) နွေမိုးဆောင်း သုံးရာသီအလှကို မမြင်ရတော့တာ ကြာပြီဖြစ်တယ်လို့ အသက် (၆၀) ကျော်အရွယ် ဒေသခံတစ်ဦးဖြစ်သူ တောင်သမန်ရွာသား ဦးမြင့်ဆွေက ပြောပါတယ်။

နွေမိုးဆောင်း သုံးရာသီစလုံး ဒေသခံတွေက တောင်သမန်အင်းကြီးထဲ ရာသီအလိုက် စိုက်ပျိုးကြတဲ့အတွက် လယ်ယာသီးနှံခင်းများနဲ့ ရေပြင်တစ်လှည့်၊ စိမ်းတစ်ခါ၊စိုတစ်လှည့်ရှိခဲ့တဲ့ မြင်ကွင်းကို သူကပြောတာပါ။

### လယ်လုပ်သူမရှိသလောက် နည်းသွား

အခုအချိန်မှာတော့ တောင်ယာစိုက်ပျိုးသူများဟာ ၎င်းတို့ပိုင်တဲ့ လယ်ယာကိုင်းကျွန်းမြေတွေကို စီမံကိန်းဆောင်ရွက်မယ့် ကုမ္ပဏီတွေကို ရောင်းချပြီး ဖြစ်တာကြောင့် လယ်ယာလုပ်ကိုင်သူတွေမရှိသလောက်နည်းသွားပြီလို့သူကဆိုပါတယ်။

"၁၉၉၆ ခုနှစ်လောက်က အင်းကို လေလံပေးပြီး ပိတ်လိုက်တော့ အင်းကလည်း လယ်စိုက်မရ။ ၂၀၁၀ လောက်မှာ အမြန်လမ်းလာဖောက်တယ်။အဲ့ဒီအမြန်လမ်းနားမှာ ရှိတဲ့လယ်တွေက အရင်ဆည်တော်ကြီးကရေကိုယူရတာ။ လမ်းဖောက်တော့ ရေမရတော့ဘူး။ ဒီတော့ ရွာသူရွာသားတွေ ကမောက်ကမဖြစ်နေတုန်း တောင်သမန်သစ္စာကုမ္ပဏီက မြေလာဝယ်တော့ လုပ်တိုင်းရှုံးနေတဲ့ မြေတွေကို ရောင်းလိုက်တာ တစ်ရွာလုံးနီးပါးပဲ"လို့ တောင်သမန်အင်း ပတ်ဝန်းကျင်ရှိ ရွာသစ်ရွာမှ ဒေသခံတစ်ဦးကပြောပါတယ်။

ရန်ကုန်-မန္တလေးကားလမ်းအစပ်မှ ဦးပိန်တံတားအရှေ့တောင်ဘက်အခြမ်းအထိ ဧက ၉၀ ကျော်ရှိ တောင်သမန်သစ္စာစီမံကိန်းကိုဆောင်ရွက်ရန် ယခင်အစိုးရလက်ထက် ၂၀၁၅ ခုနှစ် မတ်လတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၄၀ ဒသမ ၂၇ ဧကအတွက် ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် ၅၈ ဒသမ ၈၃ ဧကကို ခွင့်ပြုပေးခဲ့ပြီး နိုင်ငံတော်မှလည်း အခြားနည်း ခွင့်ပြုခွင့် ၃၀ (ခ)ဖြင့် ခွင့်ပြုခဲ့ကြောင်း သိရပါတယ်။

### တောင်သမန်သစ္စာစီမံကိန်း

ဦးပိန်တံတားအရှေ့တောင်ဘက်ခြမ်းတွင် အကောင်အထည်ဖော်တည်ဆောက်လျက်ရှိသည့် တောင်သမန်သစ္စာစီမံကိန်းအား မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မေလ ၂၈ ရက်နေ့တွင် သွားရောက်စစ်ဆေးရာမှာ တားမြစ်ချက်များ လိုက်နာမှုမရှိသည်ကိုတွေ့ရှိရတဲ့အတွက် ခေတ္တရပ်ဆိုင်းထားရန် မြို့တော်ဝန်က စက်တင်ဘာလ ၁၀ ရက်တွင် တားဆီးမိန့်ထုတ်ပြန်ခဲ့တယ်လို့သိရပါတယ်။

"အခု တားမြစ်မိန့် ဘာလို့ထုတ်ရတာလဲဆိုတော့ နှုတ်နဲ့ နှစ်ကြိမ်တားတယ်။ နှစ်ကြိမ်လုံး လုံးဝဂရုမစိုက်ဘူး။ တစ်ခါသွားတိုင်း တစ်ဆင့်တိုးလုပ်တာတွေ့ရတယ်။ အဲ့ဒီတော့ စာထုတ်တယ်။ တိုင်းဒေသကြီးကအခု စိစစ်ရေးအဖွဲ့ဖွဲ့တယ်။ သဘာဝပတ်ဝန်းကျင်နဲ့ဆိုင်တဲ့ ထိခိုက်မှုရှိမရှိ အစီရင်ခံစာအတွက် အဲ့ဒီအစီရင်ခံစာ မထွက်လာမချင်း ဘာမှမလုပ်ဖို့တားမြစ်ထားတယ်။ ထွက်လာတဲ့အပေါ်မှာ ပြုပြင်ရမယ့်အချက်တွေပါရင် ပြုပြင်ပြီးမှ ခွင့်ပြုသင့်မှ ခွင့်ပြုမယ်"လို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးရဲလွင်က ပြောပါတယ်။



ဦးပိန်တံတားအခြေအထိ လှည်းလမ်းအား ကျောက်ခင်းလမ်းပြုလုပ်ပေးထားစဉ်ကတွေ့ရစဉ်။



စီမံကိန်းသစ်တွင် ဆောက်လုပ်ထားသည့် ဟိုတယ်များအား တွေ့ရစဉ်။

### ဆန်းစစ်ချက်အစီရင်ခံစာ

အဖွဲ့ဝင် ၁၀ ဦးပါဝင်သည့် တောင်သမန်သစ္စာစီမံကိန်းနဲ့ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိမရှိ ဆန်းစစ်ချက်အစီရင်ခံစာကို စက်တင်ဘာလမကုန်ခင် ထုတ်ပြန်သွားမှာဖြစ်တယ်လို့ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က ပြောပါတယ်။

၁၉၇၀ခန့်က တောင်သမန်အင်း ပတ်ဝန်းကျင်ကို တူးဖော်ရာမှာ အနောက်ဘက်ခြမ်းတွင် သမိုင်းတန်ဖိုးမဖြတ်နိုင်သည့် ကျောက်ခေတ်ဆိုင်ရာ အထောက်အထားများ တွေ့ရှိခဲ့တယ်လို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြ တိုက်ဦးစီးဌာနမှ သိရပါတယ်။

ထို့ပြင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဥပဒေအရ ဦးပိန်တံတားနဲ့ ပေ ၁၂၀ အတွင်း မည်သည့် စီမံကိန်းမျှ ဆောင်ရွက်ခွင့်မပြုထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူက ပြောပါတယ်။

"တောင်သမန်သစ္စာစီမံကိန်းအတွက် မြေပြင်ကို ကွင်းဆင်းကြည့်တဲ့အခါ ရှေးဟောင်းအဆောက်အအုံ တစ်ခုမှမရှိဘူး။ ရှေးဟောင်းယဉ်ကျေးမှုကို ထိခိုက်မှုမရှိဘူး။ ဒါပေမယ့် ယဉ်ကျေးမှုအမွေအနှစ်အကဲဖြတ်မှတ်တမ်းထဲပါတဲ့အတွက် သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေတော့ လိုက်နာရမှာပါ"လို့ မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောပါတယ်။

### ချပြရှင်းပြဖို့လို

တောင်သမန်သစ္စာ စီမံကိန်းနဲ့ပတ်သက်ပြီး ကိုမောင်မောင်ဦးတို့ရဲ့ ဒေသခံစိမ်းရောင်စို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အနေနဲ့ တောင်သမန်စီမံကိန်းက ထွက်လာမယ့် ရေဆိုးစွန့်ပစ်မှုစနစ်၊ အမှိုက်ပြဿနာ၊ ရေပြဿနာ၊ မီးပြဿနာ၊ နောက်ပြီး ဟိုတယ်ကြီးတွေ ဆောက်လုပ်မှုနဲ့အတူ မကောင်းတဲ့ယဉ်ကျေးမှုတွေဝင်ရောက်လာမှာလား စတဲ့အချက်တွေကို ကုမ္ပဏီအနေနဲ့ အချိန်ယူပြီး ပွင့်လင်းမြင်သာစွာ ချပြရှင်းပြဖို့လိုတယ်လို့ သူတို့ကဆိုပါတယ်။

ထို့ပြင် ဦးပိန်တံတားဝန်းကျင်သည် ရှေးဟောင်းယဉ်ကျေးမှုဇုန်ဖြစ်ပြီး တစ်ဖက်မှာလည်း ကျောက်တော်ကြီးဘုရားက နံရံဆေးရေးပန်းချီတွေရှိတဲ့နေရာ၊ တစ်ဖက်မှာက ရတနာပုံတက္ကသိုလ်က ကျောင်းသားတွေ။ ဒေသခံတစ်ယောက်အနေနဲ့ ဒါတွေကိုလည်း ထိခိုက်မှာတွေ မဖြစ်စေချင်ဘူး။ အချိန်ယူပြီး စောင့်ကြည့်သွားမှာဖြစ်ပါတယ်လို့ ကိုမောင်မောင်ဦးက ဆိုပါတယ်။

### ပြန်ဖြိုခိုင်း

ဦးပိန်တံတားအရှေ့တောင်ဘက်တွင် ဖော်ဆောင်လျက်ရှိသည့် တောင်သမန်သစ္စာစီမံကိန်းသည် တံတားတိုင်ခြေမှုကပ်ကာ လမ်းဖောက်ခဲ့မှုနှင့်ပတ်သက်၍ မြို့တော်ဝန်က"လှည်းလမ်းကြောင်းကို ကျောက်ကြမ်းခင်းချင်တယ်ဆိုလို့ ကျွန်တော်တို့ ခွင့်ပြုခဲ့တယ်။ သွားကြည့်တော့ ဦးပိန်တံတားနဲ့ ဖို့ထားတဲ့မြေတွေက အမြင့်တူနီးပါးလောက်ဖြစ်နေတယ်။ ဒါလက်မခံနိုင်ဘူး။ ပြန်ဖြိုခိုင်းလိုက်တယ်" လို့ပြောပါတယ်။

တောင်သမန်သစ္စာစီမံကိန်းဆောင်ရွက်နေမှုကို ဦးပိန်တံတားအနီး ပေ ၂၀၀ အတွင်းမှာဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို ဖျက်သိမ်းပေးဖို့၊ စီမံကိန်းဧရိယာအတွင်း ထောင်ထားတဲ့ဆိုင်းဘုတ်က ဦးပိန်တံတားနဲ့ ကပ်လွန်းနေတဲ့အတွက် ဖြုတ်ပေးဖို့၊ တောင်သမန်ကန်ပတ်လမ်းနဲ့ မြေဖို့ထားတဲ့ကြားမှာခင်းထားတဲ့ ကျောက်ချောလမ်းကို ပြန်လည်ဖယ်ရှားပေးဖို့နဲ့ ခွင့်ပြုထားတဲ့ စီမံကိန်းဧရိယာ အပိုင်း(၁)ကလွဲရင် ကျန်တဲ့မြေဧရိယာတွေမှာ အခိုင်အမာ အဆောက်အအုံတွေ မဆောက်ဖို့စတဲ့ အချက်လေးချက် ထုတ်ပြန်ပြီး တားမြစ်ခဲ့တယ်လို့ မြို့တော်ဝန်ကပြောပါတယ်။

### ညွှန်ကြားချက်နာခံ

တောင်သမန်သစ္စာကုမ္ပဏီမှ ပြန်ကြားရေးတာဝန်ခံ ဦးခင်မောင်ထွန်းက "ဆိုင်းဘုတ်က ပေ ၁၅၀ အကွာမှာ ရှိပါတယ်။ ရှေးဟောင်းဧရိယာနဲ့ဆိုဘောင်ဝင်ပေမယ့် မြို့တော်ဝန်ကြီးက ပေ ၂၀၀ အထိ နောက်ဆုတ်ပေးပါဆိုလို့ ဆုတ်ပေးလိုက်ပါတယ်။ လမ်းက တောင်သမန်ကျေးရွာက ရွာသားတွေအကူအညီတောင်းလို့ပါ။ ခွင့်ပြုချက်လည်း သူတို့ဟာ သူတို့တောင်းတာပါ။ စည်ပင်ကလည်းခွင့်ပြုပေးခဲ့ပါတယ်။ ဩဂုတ်လ ၈ ရက်နေ့က စည်ပင်က ခွင့်ပြုပါတယ်။ စက်တင်ဘာလ ၇ ရက်နေ့မှာ ပြန်ဖျက်ပေးပါဆိုလို့ ညွှန်ကြားချက်အတိုင်း ပြန်ဖျက်ပေးလိုက်ပါတယ်၊

"နောက်အပိုင်း(၁)မှအပ မည်သည့်အဆောက်အအုံမျှ မဆောက်ရဆိုတာ ကျွန်တော်တို့ ဘာမှမဆောက်ထားပါဘူး။ စီမံကိန်းအပိုင်း ၁ မှာ ဟိုတယ်ခြောက်လုံး ကလွဲလို့ဘာမှမလုပ်ရသေးပါဘူး။ အားလုံးမြေပြင်အနေအထားပဲရှိပါတယ်။ ဘာပဲဖြစ်ဖြစ် အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်ကို နာခံပြီးဆောင်ရွက်သွားမှာပါ"လို့ သူက ပြောသည်။

ဟိုတယ်ဆောက်လုပ်ခွင့်ကိုတော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့က ဆောက်လုပ်ခွင့် ပြုခဲ့တယ်လို့သိရပါတယ်။

### တည်းခိုစရာနေရာမရှိသေး

မန္တလေးမြို့ရဲ့ အထင်ကရနေရာတစ်ခုဖြစ်တဲ့ ပြည်တွင်း၊ပြည်ပ ခရီးသွားဧည့်သည် အများဆုံးလာရောက်ရာ တောင်သမန်အင်း ပတ်ဝန်းကျင်မှာ ပြည်ပခရီးသွားဧည့်သည်များ တည်းခိုစရာနေရာ မရှိသေးဘူးလို့လည်း မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းယဉ်ကျေးမှုနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောပါတယ်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တင်ခိုင်းသည့်အတွက် တင်ဖို့လုပ်နေတယ်လို့ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

ထို့ပြင် နိုင်ငံတော်အစိုးရရဲ့ ညွှန်ကြားချက်တွေအပေါ်မှာ စည်းမျဉ်းစည်းကမ်းအတိုင်းပဲ ဆောင်ရွက်သွားမှာဖြစ်ပြီး ယခုလက်ရှိဆောက်လုပ်ထားတဲ့ အဆောက်အအုံတွေကလည်း ယခင်အစိုးရလက်ထက်က ရှေးဟောင်းသုတေသနဌာနရဲ့ညွှန်ကြားချက်အတိုင်းသာဆောက်လုပ်ထားတာဖြစ်တယ်လို့ တောင်သမန်သစ္စာကုမ္ပဏီမှ ပြန်ကြားရေးတာဝန်ခံက ပြောပါတယ်။

**စာမျက်နှာ ၁၁ သို့**

## ပြည်တွင်းရေးရာ

စာမျက်နှာ ၁၀ မှ

ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ တောင်သမန်နှင့် မယ်ဇယ်ပင်၊ ဦးပိန်တံတားနှင့် တောင်သမန်ရဲ့ ညနေနေဝင်ချိန်အလှ ဆိုတာခွဲခြားလို့မရဘူး။ ပြယုဂ်တစ်ခုလို့ ဆိုရမှာပါ။

**သဘာဝအတိုင်း**

“သဘာဝအတိုင်းပဲ လှနေတာကိုရှိစေချင်တယ်။ မယ်ဇယ်ပင်တန်းနဲ့ သဘာဝကျကျလေးကြည့်ရတာပိုကောင်းတယ်။ ကျွန်တော်က သဘာဝအလှကိုနှမြောတယ်။ ဒါတွေကို ပြန်ဖယ်ခိုင်းလည်း သဘာဝအတိုင်းမဖြစ်တော့ဘူး။ စာကြည့်တိုက်လည်းမလုပ်နဲ့၊ ပြတိုက်လည်းမလုပ်နဲ့ အဲဒီနေရာမှာ ဘာကြောင့်လည်းဆိုတော့ မန္တလေးရဲ့ ဆွဲဆောင်မှုက ဦးပိန်တံတားနဲ့ တောင်သမန်အင်းပဲ” လို့ မြို့တော်ဝန်က ပြောပါတယ်။

မြို့တော်ဝန်အနေဖြင့် စီမံကိန်းအပိုင်း (၂) မှာပါဝင်မယ့် အမြန်လမ်းချဉ်းကပ်လမ်းကိုလည်း အန္တရာယ်များလွန်းတဲ့အတွက် လက်မခံနိုင်ဘူးလို့ ပြောပါတယ်။ ပြည်သူအတွက် အကျိုးမရှိဘူးလို့ယူဆရင် ရပ်သင့်တယ်လို့ထင်ရင် ရပ်မှာဖြစ်သလို၊ လုပ်ဖို့လိုအပ်ရင်လည်း ဆက်လုပ်သွားမှာဖြစ်တယ်လို့ သူကပြောပါတယ်။

ဦးပိန်တံတား အနောက်ဘက်ခြမ်းတွင် အမှတ်တရပစ္စည်းရောင်းချသည့် ဈေးဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ လက်မှုရိုးရာပစ္စည်းရောင်းချသည့်ဆိုင်များကိုတွေ့ရမည်ဖြစ်ပြီး ကမ်းစပ်တစ်လျှောက်ရှိ သက်တမ်းရင့်မယ်ဇယ်ပင်ကြီးများအား ပိုမိုခိုင်ခံ့စေရန် အုတ်ပတ်ကာရံထားသည့်နေရာများတွင် ဘဲမွေးကန်၊အမှိုက်ပစ်ကန်သဖွယ်ဖြစ်နေသည်ကိုလည်းတွေ့ရပြန်ပါတယ်။

**မယ်ဇယ်ပင် ၆၀ ကျော်**

“ငယ်ငယ်က လမ်းသွားရင်း ရေတွက်သွားတာ ၉၆ ပင်ရှိတယ်။ ခုနောက်ပိုင်း သေတဲ့အပင်၊ လဲတဲ့အပင်တွေနဲ့ဆို ခုဆို ၆၀ ကျော်လောက်ပဲရှိတော့မယ်” လို့ ဘဲကျောင်းနေသူ ရွာသားအဘိုးအိုတစ်ဦးက ပြောပြသည်။

လက်ရှိအချိန်တွင်ဘိုးဘွားပိုင်လယ်မြေများကိုရောင်းချပြီး ဦးပိန်တံတား အရှေ့ဘက်ကမ်းတွင် ဦးပိန်အမှတ်တရအထည်ဆိုင်ဖွင့်ထားတဲ့ ဒေသခံတစ်ဦးဖြစ်သူ တောင်သမန်ရွာသား ဦးမြင့်ဆွေက “ဦးပိန်တံတား ပျက်စီးတာလည်း လက်မခံဘူး။ အပင်ကြီးတွေ ပျက်စီးတာလည်း လက်မခံဘူး။ ကန်ထဲက ငါးတွေပျက်စီးမှာလည်း လက်မခံဘူး။ ဒေသဖွံ့ဖြိုးရေးလုပ်တာကို ကြိုဆိုပါတယ်။ အမြင်မတော်တာတွေ့ရင် ပြောရမှာပါ။ ခုချိန်ထိတော့ ပြောစရာမရှိသေးဘူး” လို့ ဆိုပါတယ်။

“ဒီစီမံကိန်းတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး။



စီမံကိန်းနေရာမှ ဦးပိန်တံတားအားတွေ့ရစဉ်။

> “ဒီစီမံကိန်းတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူး။ တောင်သမန်အင်းကို ပျက်စီးစေတဲ့ အကြောင်းတရားတွေကတော့ အများကြီးပဲ။ တောင်သမန်အင်းထဲကို ပတ်ဝန်းကျင်နားမှာရှိတဲ့ စက်မှုဇုန်တွေက ရေဆိုးတွေက ချောင်းတွေကနေတစ်ဆင့် စီးဝင်နေတာ၊ အင်းကိုပိတ်ပြီး ငါးမွေးကန်လုပ်ခဲ့တော့ ရေဝင်ရေလဲမရှိဘဲ ရေသေဖြစ်ပြီး ရေမသန့်တော့လို့ ခုဆိုငါးတွေသေတဲ့အထိဖြစ်လာပြီ။ တောင်သမန်အင်းက ဒုက္ခမျိုးစုံရင်ဆိုင်နေရတယ်။ အမြန်စနစ်တကျထိန်းသိမ်းဖို့ လိုအပ်နေပြီ” . . . . .

တောင်သမန်အင်းကို ပျက်စီးစေတဲ့ အကြောင်းတရားတွေကတော့ အများကြီးပဲ။ တောင်သမန်အင်းထဲကို ပတ်ဝန်းကျင်နားမှာရှိတဲ့ စက်မှုဇုန်တွေက ရေဆိုးတွေက ချောင်းတွေကနေတစ်ဆင့် စီးဝင်နေတာ၊ အင်းကိုပိတ်ပြီး ငါးမွေးကန်လုပ်ခဲ့တော့ ရေဝရေလဲမရှိဘဲ ရေသေဖြစ်ပြီး ရေမသန့်တော့လို့ ခုဆို ငါးတွေသေတဲ့အထိဖြစ်လာပြီ။ တောင်သမန်အင်းက ဒုက္ခမျိုးစုံရင်ဆိုင်နေရတယ်။ အမြန်စနစ်တကျထိန်းသိမ်းဖို့ လိုအပ်နေပြီ”လို့ ဒေသခံတစ်ဦးဖြစ်သူ ကိုမောင်မောင်ဦး ဆိုပါတယ်။

**သုတေသနစာတမ်းပြုစုရာနေရာ**

မန္တလေးတက္ကသိုလ် သတ္တဗေဒကျောင်းသားများရဲ့ သုတေသနစာတမ်းပြုစုရာနေရာဖြစ်တဲ့ တောင်သမန်အင်းကြီးအား သဘာဝပတ်ဝန်းကျင် ပျက်စီးစေတဲ့ အကြောင်းတရားများစွာထဲက တစ်ခုဖြစ်လာနိုင်တဲ့ တောင်သမန်သစ္စာစီမံကိန်းကိုလည်း နိုင်ငံတော်အစိုးရက တိကျစွာကိုင်တွယ်ပေးစေချင်တယ်လို့ တောင်သမန်ရွာသား၊ဒေသခံတစ်ဦးလည်းဖြစ် စိမ်းရောင်စိုသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားသူများအဖွဲ့မှ ကိုမောင်မောင်ဦးက ပြောပါတယ်။

တောင်သမန်သစ္စာစီမံကိန်းနှင့် ပတ်သက်ပြီး လက်ရှိအစီရင်ခံစာ တင်သွင်းရန် ဖွဲ့စည်းထားသည့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က “သူတို့အနေနဲ့အစိုးရအဖွဲ့နဲ့ ပူးပေါင်းပြီးလုပ်ဖို့လိုတယ်။ အစိုးရအဖွဲ့က မဖြစ်သင့်တာတွေ့ရင် တားမယ်။ ကန့်ကွက်မယ်။ မကန့်ကွက်လို့မရဘူး။ တောင်သမန်အင်းရော ဦးပိန်တံတားရောက အားလုံးနဲ့ဆိုင်တယ်”လို့ ပြောပါတယ်။

အဆိုပါ သမိုင်းဆိုင်ရာ အရေးကြီးသည့် စီမံကိန်းကို လက်လွှတ်စပယ်မလုပ်ဘဲ ပညာရှင်များ၏ အကြံပြုချက်များဖြင့် ဘက်ပေါင်းစုံမှ ပြင်ဆင်ဆောင်ရွက်ရခြင်းမှာ ၎င်းတို့၏ အစိုးရသက်တမ်းအတွင်းမှာ “သမိုင်း ယဉ်ကျေးမှုနယ်မြေကြီး ပုံမကျပန်းမကျဖြစ်ပြီး ကျန်ခဲ့မှာ မလိုချင်ဘူး”လို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က သူ၏ သဘောထားကို ပြောပြခဲ့ပါတယ်။ ။

---

## ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

**စန္ဒရားအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) တောတောင်စွယ် (ယိုးဒယား)
(ခ) တောမြိုင်စွန်း (ယိုးဒယား)
(ဂ) သေနင်္ဂမည် (ပတ်ပျိုး)
(ဃ) သာဆန်းရဂုံဗွေ (ပတ်ပျိုး)
(င) မန်းတောင်လက်ယာ (ယိုးဒယား)
(စ) စိန်ကြယ်ညီးလင်း (မွန်)
(ဆ) ကောင်းချီးသဒ္ဒါ (မွန်)
(ဇ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) သောင်းရွှေလယ် (ယိုးဒယား)
(ခ) ပိတောက်လမ်း (ကာလပေါ်)(မာမာအေး) (Original Key:D)
(ဂ) ချစ်သမျှကို (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ရွှေပြည်တော်သည် (ပတ်ပျိုး)
(ခ) ဆောင်းရယ်နှင်းရယ် ကိုယ့်ချစ်သူရယ် (Key-C)
(ဂ) အောင်မင်္ဂလာ (ယိုးဒယား)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ဖြေလျော့ခွေ (ပတ်ပျိုး)
(ခ) တမာလမ်း (ကာလပေါ်)(ချိုပြုံး) (Original Key:E♭)
(ဂ) တောဟေဝန်လယ် (ယိုးဒယား)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ဂန္ဓမာတောင် (ဘွဲ့)
(ခ) တောနှင့်တောင်စွယ် (ယိုးဒယား)
(ဂ) တောသူအချစ် (ကာလပေါ်)(ပန်တျာတင်တင်မြင့်)

**ပတ္တလားအတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(ခ) ဖြူပြာမူရာ (ပတ်ပျိုး)
(ဂ) ညာသပြေဘောင် (ကြိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) တောမြိုင်ခြေလမ်း (ယိုးဒယား)
(စ) ထောင်ရောင်နေကသာ (သီချင်းခံ)
(ဆ) လေပြည်ဆော်သွင်းမြူး (မြင်းတက်ယိုးဒယား)
(ဇ) ညင်းညင်း (မွန်)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား၊ အမျိုးသမီး)**
(က) မြိုင်ဟေမာ (ယိုးဒယား)
(ခ) ပြည်ပြည်မင်းပေါင်း (သီချင်းခံ)
(ဂ) မြန်ချာမြေကို (ပတ်ပျိုး)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) မှန်ရဝေ (ပတ်ပျိုး)
(ခ) လွမ်းပိုအောင်ညိုမင်းလွင် (ယိုးဒယား)
(ဂ) စိမ်းလဲ့လဲ့ညိုပြာ (ကြိုး)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
(ခ) မှိုင်းရိပ်ကယ်တည့်ဝေမှောင် (ကြိုး)
(ဂ) ဆန်းရွှေဦး (ယိုးဒယား)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) မင်းလွင်မင်းလွင်မှိုင်းအုံ့ (ကြိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) လူမနော (ပတ်ပျိုး)

**နှဲ၊ ပလွေပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန်သတ်မှတ်ထားသည့် တေးသီချင်းများ**

**၁။ ဝါသနာရှင်(ပထမတန်း)အဆင့်(အမျိုးသား၊အမျိုးသမီး)**
(က) အောင်မြေသာစံ (ပတ်ပျိုး)
(ခ) နှင်းယွန်းဂိမ္ဘာန် (မွန်)
(ဂ) ညင်းညင်း (မွန်)
(ဃ) ကြုံကြုံဖန်ဖန် (ယိုးဒယား)
(င) သိင်္ဂါရွှေရောင် (ပတ်ပျိုး)
(စ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(ဆ) မန်းတောင်လက်ျာ (ယိုးဒယား)
(ဇ) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)

**၂။ ဝါသနာရှင်(ဒုတိယတန်း)အဆင့်(အမျိုးသား)**
(က) ယမုန်နာ (ပတ်ပျိုး)
(ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

**၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)**
(က) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ခ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)
(ဂ) ဂန္ဓမာတောင် (ဘွဲ့)

**၄။ အခြေခံပညာ(၁၅-၂၀)အဆင့်(အမျိုးသား)**
(က) မြန်ခန်းကျွန်းတွင်း (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) မှန်ရဝေ (ပတ်ပျိုး)

**၅။ အခြေခံပညာ(၁၀-၁၅)အဆင့်(အမျိုးသား)**
(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) လာချေပြီ (ကြိုး)
(ဂ) ထွေတလာ (ကြိုး)

(ဆက်လက်ဖော်ပြပါမည်)

## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၉- ၉ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

နံနက်ပိုင်း
၆:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီးပရိတ်တရားတော်
၇:၃၅ ပြည်သူတို့ရဲ့စကားသံများ
၈:၃၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (မဟာဂီတ) (အခြေခံပညာအဆင့်(၁၀-၁၅) နှစ်) (အမျိုးသား၊ အမျိုးသမီး)
၈:၄၀ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉:၃၅ "ယဉ်ကျေးမှုဒေသ မန္တလေးအလှ"
၉:၄၅ "ရှန်းကန်လှုပ်ရှားဘဝများ" (ပန်းပျိုးလတ်ရဲ့ရုပ်ပုံလွှာ)
၁၀:၃၅ စိုက်ပျိုးရေးရာအဖြေရှာ "တောင်သူများအားထားရာ မြေပဲဆင်းပဒေသာ"
၁၁:၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁:၃၅ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၈၁)
၂:၁၀ "တစ်ခါကအနုပညာမှတ်တမ်းများ" (ကျော်ကြားခဲ့သော ပြဇာတ်တေးများ ကိုတမ်းတခြင်း)(အပိုင်း-၂)
၂:၃၀ KARAOKE World Championships (KWC) Myanmar 2016 (Level-1,Group-5)
၃:၃၅ Tasty Trip
၄:၁၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ်(ဒဿနိကဗေဒ အထူးပြု)(ဒဿနိကဗေဒ)
၄:၃၅ လူမှုစီးပွားမြင်ကွင်းများ
၅:၂၀ This Week's Special Interest
၅:၃၅ Yes or No Talk Show(Choice on Degree) "Follow your Heart or Follow The Trend" (Part-4)
၆:၃၅ ဥပဒေရေးရာအဖြာဖြာ "မင်းမမှားဘူး"(ရော၊ ထူးသာ၊ ညီကျော်၊ ဦးစံပေါ၊ ဗေဒါ၊ ရဲနီ၊ နေ့သစ်ခန့်၊ ပွင့်၊ ခင်ဖြူစိုး) (ဒါရိုက်တာ-ဝေဠု(ဝသန်)
၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၁)
၈:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ "ပအိုဝ်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မွေးပြင်ဒေသ"(အပိုင်း-၁)
၉:၀၀ ပြည်တွင်းသတင်း -မျက်မှောက်ရေးရာသုံးသပ်စရာ -နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၈၂) (ဇာတ်သိမ်းပိုင်း)

**မှတ်ချက်။** **နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

၆:၀၃ တရားတော်
၇:၁၆ မေတ္တာပို့
၇:၂၀ ဓမ္မပူဇာတေး
၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈:၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈:၁၀ အမျိုးသားရေးတေးကဗျာ
၈:၁၅ ရွှေဟောင်းသုတ
၈:၂၀ DVD Hits
၈:၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉:၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၉:၂၀ ကျန်းမာသုတ
၉:၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀:၀၀ Casual Talk
၁၀:၁၅ အစွန်းလွတ်ရာဆီသို့
၁၀:၂၅ မေးမြန်းစူးစမ်း
၁၀:၄၅ သီချင်းလက်ဆောင်
၁၁:၁၀ မြန်မာ့ရှုခင်း
၁၁:၂၅ ပျိုပျိုမေ
၁၁:၃၅ Cooking Art
၁၁:၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၀၀ အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ
၁၂:၁၅ မြန်မာသံစဉ်ချိုနားဝင်
၁၂:၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂:၄၅ Guide for You
၄:၂၀ စိုက်ပျိုးသုတ
၄:၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၅:၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးနဲ့ကျွန်တော် အပိုင်း(၅၅)
၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရှက်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၅၆)
၆:၁၀ အမျိုးသားရေးတေးကဗျာ
၆:၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မြစ်တစ်စင်းရဲ့အလက်ာ အပိုင်း(၄၈)
- ဘောလုံးကန်ကြမယ်
- ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
- ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဏ္ဏဝါချစ်သူ အပိုင်း(၂၄)

### MRTV-4

၅:၀၀ ပဋ္ဌာန်းပါဠိတော် +ရတနသုတ်
၅:၄၀ "ခန္ဓာလိုဏ်ဂူ"တရားတော် [ဆရာတော်ဒေါက်တာအရှင် ပညိဿရာဘိဝံသ(ဓမ္မဒူတ)]
၈:၀၀ "မင်္ဂလာပါ"The Morning show
၁၀:၁၅ ခေတ်သစ်ပျိုမေ
၁၁:၁၅ သွားမယ်စားမယ် (Cafes MILANO Bar & Resturant)
၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၃၄)
၁၂:၃၅ အနုပညာမိုးကောင်းကင်
၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို"(အပိုင်း-၅၁)
၂:၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၆၈)
၄:၀၀ Cartoon Series (English PlayGround)
၄:၅၅ ရန်ကုန်မြင်ကွင်းကျယ် (OMEGA MEE MEE Hair Show)
၆:၁၀ Health Fix
၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၆၉)
၇:၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို"(အပိုင်း-၅၂)
၈:၁၀ Drive It
၈:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၄)
၉:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၃၅)
၉:၅၀ အနုပညာမိုးကောင်းကင်
၁၀:၅၀ အနုပညာမိုးကောင်းကင်
၁၁:၁၀ MRTV-4 Stage
၁၁:၃၀ World Of Knowledge (Typhoon Hunters)

# မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေး ရုပ်ရှင်ထူးချွန်ဆုများစံချိန်စံညွှန်းနှင့်အညီ ချီးမြှင့်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**
မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများပေးအပ်ရာတွင် စိစစ်အကဲဖြတ်ရေးအဖွဲ့ဝင်များက သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီပြည့်မီမှသာ ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ရေး ဗဟိုစီမံခန့်ခွဲရေးကော်မတီ၏ စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ရေးအဖွဲ့နာယက စည်သူဦးဗိုလ်ကလေးတင့်အောင်က "ရုပ်ရှင်နယ်ပယ်မှာ အရေးကြီးဆုံးက အကယ်ဒမီပဲ၊ ဒါကြောင့် အကယ်ဒမီပေးတဲ့နေရာမှာ စံချိန်စံညွှန်းမီမှပေးပါ၊ အဖွဲ့အစည်းအများနဲ့လုပ်တာဖြစ်တဲ့အတွက် မှန်မှန်ကန်ကန်လုပ်ကြရမယ်။ တာဝန်ကျေရမယ်၊ ဝေဖန်ခံနိုင်ရမယ်၊ အကယ်ဒမီဆုကို တန်မှပေးပါ။ အဖွဲ့အစည်းတစ်ခုလုံးအတွက် ကောင်းအောင်လုပ်ကြပါ" ဟု ပြောသည်။

ထို့နောက် ၂၀၁၆ ခုနှစ်အတွက် အကောင်းဆုံး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ရေးဗဟိုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးနှင်းမိုး၊ ကော်မတီဝင်များဖြစ်ကြသည့် ဦးကြည်စိုးထွန်းနှင့် ဦးအေးကြူလေးတို့က ရုပ်ရှင်ထူးချွန်ဆုစိစစ်အကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားကြသည်။

ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်ရာတွင် ဇာတ်ကားများကိုကြည့်ရှုစိစစ်ပြီးနောက် ထုတ်လုပ်သူနှင့် ဒါရိုက်တာများက ဇာတ်ဆောင်၊ ဇာတ်ပို့များကို ရိုးသားစွာ တင်ပြခဲ့ခြင်း မရှိကြောင်းတွေ့ရှိပါက စိစစ်အကဲဖြတ်ရေးအဖွဲ့ဝင်များက ညှိနှိုင်းစဉ်းစားဆုံးဖြတ်ကြမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်ထက်ဝက်ကျော်က ဆန္ဒပြုရွေးချယ်ပေးကြသူများကိုသာ အကောင်းဆုံးထူးချွန်ဆု(အကယ်ဒမီ)ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းသိရသည်။

၂၀၁၆ ခုနှစ်အတွင်း ရုံတင်ရုပ်ရှင်ဇာတ်ကားအားလုံးအကယ်ဒမီစာရင်းဝင်ကြောင်း၊ နယ်၌ရုံတင်သော ရုပ်ရှင်ဇာတ်ကားများသည် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးသတ်မှတ်ပြီး ရန်ကုန်၌ ရုံတင်သော ရုပ်ရှင်ဇာတ်ကားများသည် ဒီဇင်ဘာလအထိ အကယ်ဒမီစာရင်းဝင်ကြောင်းနှင့် ယခုနှစ်ပြသသည့် ရုပ်ရှင်ဇာတ်ကား စုစုပေါင်း ၂၀ ကျော်ရှိကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှသိရသည်။

**ရီရီမြင့်၊ ဥမ္မာသန့်**

# ရင်သပ်ရှုမောဖွယ် ဇာတ်ဝင်ခန်းများပါဝင်မည့် The K2 ဒရမ်မာဇာတ်ကား

တောင်ကိုရီးယားနိုင်ငံတစ်နိုင်ငံလုံးနီးပါးကို ကွန်ရက်ဖြန့်ကြက်ထားသည့် tvN ရုပ်သံလိုင်းမှ မကြာမီတွင် ထုတ်လွှင့်ပြသမည့် The K2 ဒရမ်မာဇာတ်ကားတွင် ပရိသတ်များ ရင်သပ်ရှုမောသွားစေမည့် အက်ရှင်ဇာတ်ဝင်ခန်းများပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယခုလ ၂၃ ရက်တွင် စတင်ပြသသွားမည့် ယင်းဇာတ်ကားတွင် သရုပ်ဆောင်များအနေဖြင့် မင်းသား Ji Chang-wook နှင့် မင်းသမီး Song Yun-ah တို့က အဓိကပါဝင်သရုပ်ဆောင်ထားသည်။

အက်ရှင်စွန့်စားခန်းများ၊ ပေါက်ကွဲမှုများနှင့် အခြားသောသည်းထိတ်ရင်ဖို ဇာတ်လမ်းဇာတ်ကွက်များဖြင့် တန်ဆာဆင်ထားသည့် ယင်းဒရမ်မာ ဇာတ်ကားသစ်၏ အချို့သော ဇာတ်ဝင်ခန်းများကို စပိန်နိုင်ငံတွင် သွားရောက်ရိုက်ကူးထားကြောင်းလည်း သိရသည်။

ထို့အပြင် ယင်းဇာတ်ကားသည် ကိုရီးယားရုပ်ရှင်လောက၏ ပထမဆုံးသော Time slice photography စနစ်သုံး ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်လာမည်ဖြစ်ကြောင်းလည်း သိရသည်။

မျိုးစန္ဒာမောင် - စုစည်းသည်



# အိမ်ထောင်ပြုရန်စဉ်းစားခဲ့သော်လည်း အောင်မြင်မှုကိုထည့်သွင်းစဉ်းစားနေသည့် မင်းသား Gong Yoo

ယခုလက်ရှိတွင် နိုင်ငံတကာရှိ ရုပ်ရှင်ရုံများ၌ ရေပန်းစားနေခဲ့သည့် Train To Busan ဇာတ်ကားမှ မင်းသား Gong Yoo က အသက်အရွယ်အားဖြင့် အိမ်ထောင်ပြုသင့်သည့်အရွယ်ကို ရောက်ပြီဖြစ်သည့်အတွက် အိမ်ထောင်ပြုရန် စဉ်းစားသော်လည်း ယခုလက်ရှိတွင် အထွတ်အထိပ် ရောက်နေသည့် ၎င်း၏ အောင်မြင်မှုကိုလည်း ထည့် သွင်းစဉ်းစားနေရပါကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။




အသက်(၃၀)ကျော်ပြီး ၄၀ နားနီးနေပြီဖြစ်သည့် မင်းသား Gong Yoo က "ကျွန်တော့် အသက်က သုံးဆယ် ရဲ့နောက်ပိုင်းကို ရောက်နေပြီဖြစ်ပါတယ်။ ဒါကြောင့် အိမ်ထောင်ပြုဖို့၊ မိသားစုဘဝထူထောင်ဖို့ စဉ်းစားခဲ့ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ အမြင့်ဆုံးသောအောင်မြင်မှုတွေ ရရှိနေချိန်ဖြစ်တဲ့အတွက် အခုသုံးလိုက်တဲ့အချိန်တွေက ကျွန်တော့် ဘဝရဲ့ အသက်(၄၀)နောက်ပိုင်း အခြေအနေကို ပြောင်းလဲ ပေးမှာဖြစ်ပါတယ်" ဟု ဆိုသည်။ "ကျွန်တော့် အမြင်ပြောရရင် လူတစ်ယောက်ကအထီးကျန်မဖြစ်ဖို့ရယ် နေထိုင်မကောင်းတဲ့အခါ အဖော်ပြုဖို့ရယ် အဖော်တစ်ယောက်တော့ လိုအပ်မယ်လို့ ယူဆပါတယ်" ဟု Gong Yoo က ဆိုသည်။ ၎င်းသည် Train To Busan ဇာတ်ကားဖြင့် ဝင်ငွေအမြင့်ဆုံးသော သရုပ်ဆောင်တစ်ဦးဖြစ် လာခဲ့သည်။

# ပြင်သစ်ပထမတန်းဖလားအတွက် ပီအက်စ်ဂျီကို မိုနာကိုတွန်းအားပေးနိုင်ဟု ဂျာဒင်ယုံကြည်နေ

မိုနာကိုအသင်းသည် ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ ပွဲစဉ်(၅)တွင် ရင်းနက်စ်အသင်းအား သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သဖြင့် ရာသီအဖွင့်ငါးပွဲတွင် လေးပွဲဆက်အနိုင်ရရှိခဲ့ပြီးနောက် ပြင်သစ်ပထမတန်းဆုဖလားရရှိအောင် ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်း မိုနာကိုအသင်းနည်းပြ လီယိုနာဒိုဂျာဒင်က ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့သည်။

မိုနာကိုအသင်းနှင့် ရင်းနက်စ်အသင်းတို့၏ ပွဲစဉ်တွင် မိုနာကိုတိုက်စစ်မှူး ဖယ်ကာအိုသည် မိုနာကိုအသင်းနှင့်အတူ ပထမပိုင်းပွဲချိန်အတွင်း ဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် ယခုနှစ်ဘောလုံးရာသီ၏ ပထမဆုံးလိဂ်သွင်းဂိုးကို သွင်းယူနိုင်ခဲ့သည့်မှတ်တမ်းဝင်ခဲ့ပြီး မိုနာကိုအသင်းအတွက် ကျန်နှစ်ဂိုးကို သောမက်လီမာက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မိုနာကိုအသင်းသည် ချန်ပီယံလိဂ်အုပ်စုအဆင့် အဖွင့်ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ကလပ် စပါးအသင်းနှင့် ကစားခဲ့ရာတွင်လည်း အနိုင်ရရှိခဲ့ပြီး ယင်းပွဲစဉ်အပြီး သုံးရက်အကြာတွင် ရင်းနက်စ်အသင်းကို အနိုင်ရရှိကာ နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ပထမတန်းပြိုင်ပွဲ၏ ပထမဆုံးပွဲစဉ်(၅)ပွဲတွင် လက်ရှိချန်ပီယံပီအက်စ်ဂျီအသင်းသည် သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့ခြင်းကြောင့် အမှတ်ပေးဇယား၏ အဆင့်(၂)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး မိုနာကိုအသင်းမှာမူ ပထမဆုံးပွဲစဉ်(၅)ပွဲတွင် လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ကို ဆောင်ကြဉ်းထားနိုင်ခဲ့ခြင်းကြောင့် လက်ရှိအမှတ်ပေးဇယားတွင် အဆင့်(၁)နေရာတွင်ရပ်တည်နိုင်ခဲ့သည်။



"ကျွန်တော်တို့အသင်းဟာ ရလဒ်ပိုင်းကောင်းမွန်မှုတွေနဲ့ စခဲ့တာပါ။ ဒါ့အပြင် ချန်ပီယံဖြစ်ဖို့အတွက် ဖြေရှင်းနိုင်မှုတွေအများကြီးလုပ်ဆောင်နိုင်သလို နိုက်စ်၊ လိုင်ယွန်နဲ့ မာဆေးလ်တို့ကလည်း သူတို့ရဲ့အသင်းအတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံထားကြပါတယ်။ မိုနာကိုအသင်း ချန်ပီယံဖြစ်ဖို့အတွက် ကာလရှည်ကြာယှဉ်ပြိုင်ရမယ့်အသင်းကတော့ ပီအက်စ်ဂျီအသင်းပါပဲ။ ကျွန်တော်တို့မှာ အရင်နှစ်ရာသီက အတွေ့အကြုံတွေအများကြီးရှိထားပါပြီး ပြီးခဲ့တဲ့နှစ်ကထက် တောင့်တင်းတဲ့အသင်းတစ်သင်းပါ။ ဒါပေမယ့် ပြီးပြည့်စုံမှုဆိုတာ ဘယ်တော့မှ မရှိပါဘူး" ဟု မိုနာကိုအသင်းနည်းပြ လီယိုနာဒိုဂျာဒင်က ပြောကြားခဲ့သည်။ **(ငွေကြယ်)**

### စက်တင်ဘာ ၁၇/၁၈ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ်-၅**

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၃ | - | ၁ | မစ်ဒယ်ဘရော့ |
| ဝက်ဖို့ဒ် | ၃ | - | ၁ | မန်ယူ |
| ခရစ္စတယ်ပဲလေ့စ် | ၄ | - | ၁ | စတုတ်စီးတီး |
| ဆောက်သမ်တန် | ၁ | - | ၀ | ဆွမ်ဆီး |

**လာလီဂါ ပွဲစဉ်-၄**

| | | | | |
|---|---|---|---|---|
| အီဘာ | ၁ | - | ၁ | ဆီဗီလာ |
| လက်စ်ပါမက်စ် | ၁ | - | ၀ | မာလာဂါ |
| အိုဆာဆူနာ | ၀ | - | ၀ | ဆယ်လ်တာဗီဂို |
| ဘီဘာအို | ၂ | - | ၁ | ဗလင်စီယာ |

**စီးရီးအေ ပွဲစဉ်-၄**

| | | | | |
|---|---|---|---|---|
| လာဇီယို | ၃ | - | ၀ | ပက်စ်ကာရာ |
| နာပိုလီ | ၃ | - | ၁ | ဘိုလော့နာ |
| အူဒီးနိစ် | ၁ | - | ၂ | ချီယေဗို |
| ကက်ကလီယာရီ | ၃ | - | ၀ | အတ္တလန်တာ |
| ခရိုတိုနီ | ၁ | - | ၁ | ပါလာမို |
| ဆာဆူအိုလို | ၂ | - | ၀ | ဂျီနိုအာ |
| တိုရီနို | ၀ | - | ၀ | အမ်ပိုလီ |

**ဘွန်ဒက်လီဂါ ပွဲစဉ်-၃**

| | | | | |
|---|---|---|---|---|
| မိုချင်ဂလက်ဘတ် | ၄ | - | ၁ | ဝါဒါဘရီမင် |
| အော့စ်ဘတ် | ၁ | - | ၃ | မိန့်ဇ် |

**မောင်မောင်ဇော်**



## ဒီဘရိုင်းထက်ကောင်းသည့် ကစားသမားဆို၍ မက်ဆီသာရှိဟု ဂွါဒီယိုလာ ဖွင့်ဟ

မန်စီးတီးနည်းပြ ဂွါဒီယိုလာက သူ၏နည်းပြသက်တမ်းတစ်လျှောက် ကိုင်တွယ်ဖူးသည့် ကစားသမားများထဲတွင် မက်ဆီပြီးနောက် ဒီဘရိုင်းသာ ဒုတိယအကောင်းဆုံးကစားသမား ဖြစ်သည်ဟု သူ၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားလိုက်သည်။ ဒီဘရိုင်းမှာ ဘုန်းမောက်အသင်းနှင့်ကစားခဲ့သည့် ပရီမီယာလိဂ် ပွဲစဉ်(၅)တွင် မန်စီးတီးအတွက် အဖွင့်ဂိုးကို သွင်းယူခဲ့သူဖြစ်ပြီး မန်ချက်စတာဒါဘီတွင် ဂိုးသွင်းယူပြီးနောက် ရက်သတ္တပတ်အကြာမှာပင် ပရီမီယာလိဂ်သွင်းဂိုး ထပ်မံသွင်းယူနိုင်ခြင်းဖြစ်သည်။

အသက်(၄၅)နှစ်ရှိ ဂွါဒီယိုလာမှာ နည်းပြသက်တမ်း ရှစ်နှစ် ရှိသူဖြစ်ကာ ဘာစီလိုနာတွင် ဇာဗီ၊ အင်နီယေစတာ၊ ဘိုင်ယန်မြူးနစ်တွင် အာဂျန်ရော်ဘင်နှင့် သောမတ်စ်မူလာတို့ကဲ့သို့ နာမည်ကြီးကစားသမားများနှင့် လက်တွဲအလုပ်လုပ်ခဲ့သူဖြစ်သည်။ သို့သော် ဂွါဒီယိုလာက မက်ဆီကို အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်လျှင် ကျန်မည်သည့် ကစားသမားမျှ မက်ဆီနှင့် မယှဉ်နိုင်သော်လည်း ဒီဘရိုင်းက အခြားအဆင့်တစ်ရပ်တွင် ရပ်တည်နိုင်သည့် ဒုတိယအကောင်းဆုံးကစားသမားဟု ချီးမွမ်းခဲ့သည်။

"သူ့ခြေထောက်ထဲမှာ ဘောလုံးမရှိရင်သူက တိုက်ရဲခိုက်ရဲနဲ့ ဘောလုံးရယူဖို့ ကြိုးပမ်းသူပါ။ ဘောလုံးနဲ့သူနဲ့တစ်သားတည်းဆိုရင်တော့ သူဟာ ဘာမဆို အကုန်လုံးစွမ်းဆောင်နိုင်သူဖြစ်သွားပါတယ်။ ဘောလုံးနဲ့ ပတ်သက်ရင် အခိုက်အတန့်တိုင်းမှာ သူ့ရဲ့ ဆုံးဖြတ်ချက်ကလည်း မှန်ကန်နေပါတယ်" ဟု ဂွါဒီယိုလာက ဒီဘရိုင်းနှင့်ပတ်သက်ပြီး ချီးကျူးခဲ့သည်။ သို့သော် ဒီဘရိုင်းမှာ ပရီမီယာလိဂ်တွင် အကောင်းဆုံးကစားသမားလားဟူသောမေးခွန်းနှင့် ပတ်သက်၍မူ သူမသိကြောင်း ဂွါဒီယိုလာက ဖြေကြားခဲ့သည်။ ဒီဘရိုင်းမှာ ရည်မှန်းချက်ကြီးသူဖြစ်ပြီး မက်ဆီ၊ စီရိုနယ်လ်ဒိုတို့ကဲ့သို့ ခေတ်တစ်ခေတ်ကို ထူထောင်နိုင်သည့် ကစားသမားဖြစ်ရန် မျှော်လင့်ထားသူဟူ၍လည်း ဂွါဒီယိုလာ၏အဆိုအရ သိရသည်။

မန်စီးတီးအသင်းမှာ လက်ရှိတွင် ပရီမီယာလိဂ်ငါးပွဲဆက်တိုက်နှင့် ဥရောပပြိုင်ပွဲ သုံးပွဲဆက်(ချန်ပီယံလိဂ် ခြေစစ်ပွဲနှစ်ပွဲ၊ ချန်ပီယံလိဂ် အုပ်စုတစ်ပွဲ)အနိုင်ရရှိထားသဖြင့် ၁၈၉၇ က တင်ထားသည့် စံချိန်ကိုပင် ကျော်လွန်ကာ အကောင်းဆုံး ရာသီအစအဖြစ် မှတ်တမ်းဝင်သွားခဲ့ပြီဖြစ်သည်။ ဂွါဒီယိုလာက သူရောက်ရှိသည့်အသင်းတိုင်းကို အောင်မြင်ရေး လမ်းကြောင်းပေါ်သို့ အလွယ်တကူဆွဲတင်နိုင်သည်ဆိုသည့်အချက်ကိုမူ လက်မခံဘဲ ပရီမီယာလိဂ်မှာ ယှဉ်ပြိုင်ရန် အခက်ခဲဆုံး လိဂ်တစ်ခုသာဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။ **(မေလှဲ့သင်း)**

## ရှုံးပွဲမရှိစံချိန်နှင့်အတူ အဲဗာတန်အသင်း အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့

အဲဗာတန်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၅)တွင် မစ်ဒယ်ဘရော့အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ်ပွဲစဉ်(၅)ပွဲကစားအပြီးတွင် လေးပွဲနိုင်၊ တစ်ပွဲသရေရလဒ်ဖြင့် ရှုံးပွဲမရှိ စံချိန်နှင့်အတူ အမှတ်ပေးဇယားဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အဲဗာတန်အသင်းသည် မစ်ဒယ်ဘရော့အသင်းနှင့် ပွဲစဉ်တွင် ပွဲကစားချိန် ၂၀ မိနစ်တွင် ဧည့်သည် မစ်ဒယ်ဘရော့အသင်းကို ဦးဆောင်ဂိုးပေးလိုက်ရပြီး ပထမပိုင်းပွဲကစားချိန် ၂၄ မိနစ်၊ ၄၂ မိနစ်နှင့် ၄၅ မိနစ်တို့တွင် သွင်းယူခဲ့သည့် ဘယ်ရီ၊ ကိုးလ်မန်းနှင့် လူကာကူတို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ငါးပွဲကစား ငါးပွဲစလုံးအနိုင်ရရှိခဲ့ခြင်းကြောင့် အမှတ်ပေးဇယားထိပ်ဆုံးတွင် ရမှတ် ၁၅ မှတ်ဖြင့် ထိပ်ဆုံးမှဦးဆောင်ထားနိုင်ခဲ့ပြီး ချန်ပီယံဖြစ်ရန်ရေပန်းစားနေသည့်အသင်းဖြစ်သည်။ အဲဗာတန်အသင်းမှာမူ ရမှတ် ၁၃ မှတ်ဖြင့် မန်စီးတီးအသင်းနောက်တွင် ဒုတိယနေရာက ရပ်တည်နေခြင်းဖြစ်သည်။

အဲဗာတန်အသင်းသည် မစ်ဒယ်ဘရော့အသင်းကို အနိုင်ရရှိခဲ့ခြင်းဖြင့် ၁၉၇၈-၇၉ ခုနှစ် နောက်ပိုင်း ပရီမီယာလိဂ်အဖွင့်ငါးပွဲတွင် လေးပွဲအထိအနိုင်ရရှိအောင် ပထမဆုံးအကြိမ်စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့အသင်းနှင့်ပွဲစဉ်တွင် အဲဗာတန်အတွက် အဖွင့်ဂိုးသွင်းယူပေးနိုင်ခဲ့သည့် ဘယ်ရီသည် ၎င်း၏ ပရီမီယာလိဂ်နောက်ဆုံးလေးပွဲတွင် နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး တိုက်စစ်မှူး လူကာကူမှာမူ ပရီမီယာလိဂ်၏ မတူညီသည့်အသင်းများတွင် လိဂ်သွင်းဂိုး ၂၀ မြောက်သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ **(ငွေကြယ်)**

## ဘာစီလိုနာနှင့် ပွဲစဉ်အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်တဲ့ အက်သလက်တီကို

အက်သလက်တီကိုအသင်းသည် စပို့တင်း ဂီဂျွန်အသင်းအား ငါးဂိုးပြတ်ဖြင့် အနိုင်ကစားနိုင်ခဲ့ပြီးနောက် စက်တင်ဘာ ၂၁ရက်တွင် ယှဉ်ပြိုင်မည့် ဘာစီလိုနာနှင့်ပွဲအတွက် အဆင်သင့် ဖြစ်နေပြီဖြစ်ကြောင်း အက်သလက်တီကို တိုက်စစ်မှူး တောရက်စ်က ထုတ်ဖော်ပြောကြားလိုက်သည်။ အက်သလက်တီကိုအသင်းသည် စပို့တင်းဂီဂျွန်ကဲ့သို့ ကစားအားမာသော အသင်းကိုပင် ငါးဂိုးပြတ်အနိုင်ကစားနိုင်ခဲ့ပြီး "အက်သလက် ပြန်လာပြီဟူသော အချက်ကို လာလီဂါနှင့် ဥရောပပြိုင်ဘက်များကို သတိပေးလိုက်သည်။

အက်သလက်တီကိုသည် ရာသီအစ လာလီဂါ နှစ်ပွဲဆက် သရေရလဒ်သာ ကစားနိုင်ခဲ့ရာ ဝေဖန်မှုများနှင့် ကြုံတွေ့ခဲ့ရသော်လည်း ပြီးခဲ့သည့် ရက်သတ္တပတ်မှစတင်ကာ သုံးပွဲဆက် အနိုင်ရရှိခဲ့သည်။ တောရက်စ်မှာ ဂီဂျွန်နှင့်ပွဲစဉ်တွင် ပွဲချိန်၆၉မိနစ်၌ ဂရစ်ဇ်မန်းနေရာတွင် လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်လာခဲ့ပြီးနောက် သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။ တောရက်စ်က အက်သလက်မှာ ဘာစီလိုနာ၏ နျူးကမ့်ကွင်းတွင် ရလဒ်ကောင်းလေ့မရှိသော်လည်း ယခုတစ်ကြိမ်တွင်မူ ပိုပြီးကောင်းမွန်အောင် စွမ်းဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း ဆိုခဲ့သည်။ **(မေလှဲ့သင်း)**

## လူးကပ်စ်မော်ရာအား မန်ယူသို့ ခေါ်ယူရန်ကြိုးပမ်းနေသည့် မော်ရင်ဟို



မန်ယူနည်းပြ မော်ရင်ဟိုမှာ ပီအက်စ်ဂျီတောင်ပံတိုက်စစ်မှူး လူးကပ်စ်မော်ရာအား မန်ယူသို့ခေါ်ယူရန် ကြိုးပမ်းနေသည်ဟု မော်ရာ၏ ကိုယ်စားလှယ်ဖြစ်သူ ရိုဘီရို၏ ပြောကြားချက်ကို ကိုးကား၍ ဂိုးလ်ဒေ့ါကွန်းက ဖော်ပြသည်။ မော်ရင်ဟိုက မော်ရာအား သူရီးယဲလ်မက်ဒရစ်အသင်းကို ကိုင်တွယ်စဉ်ကပင် ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း မအောင်မြင်ခဲ့ဘဲ ယခုနောက်တစ်ကြိမ် ခေါ်ယူနိုင်ရန် ဆက်သွယ်လာခြင်းဖြစ်သည်။

သို့သော် မော်ရာ ပီအက်စ်ဂျီသို့ ပေါင် ၃၈ သန်းဖြင့် မပြောင်းရွှေ့မီ ၂၀၁၂ခုနှစ် ဆော်ပေါလိုအသင်းတွင်ရှိစဉ် ကတည်းက မန်ယူအသင်းဘက်မှ ၎င်းအားခေါ်ယူရန် ကြိုးပမ်းမှုပြုခဲ့ဖူးသည်။ မော်ရာကို ရီးယဲလ်မက်ဒရစ်အသင်းသို့ ခေါ်ယူရန် ဆန္ဒရှိခဲ့သူမှာ ရီးယဲလ်ဥက္ကဋ္ဌပီရက်ဇ် မဟုတ်ခဲ့ဘဲ မော်ရင်ဟိုသာဖြစ်ကြောင်း ရိုဘီရိုက ဖွင့်ဟခဲ့သည်။ မော်ရင်ဟိုမှာ မန်ယူနည်းပြ ဖြစ်လာပြီးနောက် မော်ရာအား ခေါ်ယူရန် နောက်တစ်ကြိမ် ကြိုးပမ်းလာခဲ့သော်လည်း ကစားသမားကိုယ်တိုင်က ပီအက်စ်ဂျီအသင်းနှင့်သာ ဆက်လက်ပူးပေါင်းရန် ဆုံးဖြတ်ခဲ့သည့်အတွက် အပြောင်းအရွှေ့မှာ ဖြစ်မြောက်မလာခဲ့ခြင်းဖြစ်သည်။ မော်ရာမှာ လက်ရှိတွင် ပီအက်စ်ဂျီအသင်း၌ အကောင်းဆုံးပုံစံတစ်ရပ်ပြသထားနိုင်ပြီး စုစုပေါင်းပွဲစဉ် ငါးပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး သုံးဂိုးသွင်းယူနိုင်ခဲ့သည်။ **(မေလှဲ့သင်း)**

- လာဇီယိုနည်းပြ အင်ဇာဂီက ပက်စ်ကာရာအား သုံးဂိုးပြတ်ဖြင့်အနိုင်ယူနိုင်ခဲ့သည့် ပွဲစဉ်မှ လာဇီယိုအသင်း၏ခြေစွမ်းအတွက် ကျေနပ်မိကြောင်း ဆိုခဲ့ပြီး အဆိုပါပွဲစဉ်တွင် လာဇီယိုအသင်းက ၄-၃-၃ ကစားကွက်ဖြင့် ရင်ဆိုင်သွားခဲ့ခြင်းဖြစ်ကာ ဒုတိယပိုင်းတွင် ပိုမို ပြီးပြည့်စုံသည့် တိုက်စစ်အခင်းအကျင်းကို ပြသနိုင်ခဲ့ခြင်းဖြစ်သည်။
- ရိုမားနည်းပြ စပယ်လက်တီက အသင်းခေါင်းဆောင် တော့တီအား ပုံမှန်ပွဲထွက်ခွင့်ပေးမည်မဟုတ်ဘဲ ပြီးခဲ့သည့်နှစ်ကအတိုင်းပင် အရန်ကစားသမားအဖြစ်သာ ဆက်လက်အသုံးပြုသွားဦးဖြစ်ကြောင်း အတည်ပြုခဲ့သည်။
- ချယ်လ်ဆီးအသင်းသည် နိုင်ငံသား ကစားသမားများ ဖွံ့ဖြိုးရေးစည်းမျဉ်းကြောင့် စပါးနောက်ခံလူ ဘန်ဒေးဗီးလ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း၂၀ ဖြင့် ခေါ်ယူရန်ပစ်မှတ်ထားလာကြောင်း သိရသည်။
- နည်းပြမော်ရင်ဟိုသည် မန်ယူနောက်တန်းတွင် အဲရစ်ဘိုင်လီနှင့် တွဲဖက်ကစားနိုင်ရန် အက်သလက်တီကို နောက်တန်းလူ ဂျီမီနက်ဇ်အား လာမည့် ဇန်နဝါရီဈေးကွက် ဖွင့်လှစ်ချိန်တွင် ခေါ်ယူရန် ကြိုးပမ်းသွားမည်ဖြစ်သည်။ **(မေလှဲ့သင်း)**

# မိုးကုတ်မြို့နယ်ရဲတပ်ဖွဲ့မှ လှည့်ကင်းဆောင်ရွက်စဉ် ကြေးဘုရားဆင်းတုတော်ခိုးယူလာသူအား ဖမ်းဆီးရမိ

**မိုးကုတ် စက်တင်ဘာ ၁၈**

မိုးကုတ်မြို့တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ရဲစခန်းမှူးများမှ အနီးကပ်ကြီးကြပ်ကာ ရဲတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးလုပ်ငန်းများအား ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များဖြင့်ပူးပေါင်းကာ အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ လှည့်ကင်းဆောင်ရွက်စဉ် ကြေးဘုရားဆင်းတုတော် ခိုးယူလာသူအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲအုပ်ဆန်းလွင်ခေါင်းဆောင်သော ရဲတပ်ကြပ် ဆန်းကျော်ဦးနှင့် ရဲတပ်ကြပ်လှမောင်သိန်းတို့သည် လယ်ဦးအုပ်စုအုပ်ချုပ်ရေးမှူး ဦးသန်းဇော်၊ အကွက်တာဝန်ခံဦးခင်ဇော်တို့နှင့်အတူ စက်တင်ဘာ ၁၇ ရက် ညနေ ၆ နာရီခွဲခန့်က လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် ပိတ်ဆွယ်ရပ် တောင်နီကွေ့ရဲကင်းရှေ့တွင် ပီနံအိတ်အထုပ်တစ်ထုပ် ထမ်းလာသူတစ်ဦးအား ရပ်တန့်စစ်ဆေးရာ ၎င်းမှာ အောက်လယ်ဦးရပ်နေ မောင်စိန်ဝင်းဖြစ်ကြောင်းနှင့် အထုပ်အား ဖွင့်ဖောက်စစ်ဆေးရာ ဉာဏ်တော်အမြင့် တစ်ပေခြောက်လက်မကြေးဆင်းတုဘုရားတစ်ဆူ အားတွေ့ရှိပြီး ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာပြသပြောဆိုနိုင်ခြင်းမရှိသဖြင့် မြို့မရဲစခန်းသို့ ခေါ်ယူစစ်ဆေးရာ နေအိမ်တစ်အိမ်မှ ခိုးယူလာကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်၍ ဘုရားဆင်းတုခိုးယူလာသူ စိန်ဝင်းအား ဥပဒေအရအရေးယူရန်နှင့် ပစ္စည်းပိုင်ရှင်မှန် ဖော်ထုတ်နိုင်ရန်အတွက် မိုးကုတ်မြို့မရဲစခန်းမှ နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ အကွက်တာဝန်ခံများနှင့် ပူးပေါင်းစုံစမ်းလျက်ရှိကြောင်း သိရသည်။


ဘုရားဆင်းတုခိုးယူလာသူ စိန်ဝင်းအား တွေ့ရစဉ်။

**နေဝါ(မိုးကုတ်)**

# မြို့လယ်ကောင်တိုက်ခန်းအတွင်း လူသတ်မှုဖြစ်ပွား၊ နှစ်ဦးသေဆုံး

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၃)ရပ်ကွက် (၃၅)လမ်း အလယ်ဘလောက် အမှတ် (၁၇၂) ၃လွှာ(ညာ)နေ ဒေါ်နှင်းပပလွင်သည် ယနေ့နံနက် ၁၀ နာရီက ရုံးပိတ်ရက်ဖြစ်သဖြင့် မိခင်ဖြစ်သူ ဒေါ်ကြင်မွှေးနှင့်အတူ ရှိနေစဉ် မိခင်ဖြစ်သူနှင့်တူတော်စပ်သည့် သန်လျင်မြို့နယ်နေ မြတ်ကိုလှိုင် ရောက်ရှိလာပြီး ဝယ်ယူလာသည့် ဒန်ပေါက်အတူစားကြသည်။ နာရီဝက်ခန့်အကြာတွင် ဒေါ်နှင်းပပလွင် ရေချိုးနေစဉ် မိခင်ဖြစ်သူ၏ အသံကြားရသဖြင့် ရေချိုးခန်းမှထွက်ကြည့်ရာ မြတ်ကိုလှိုင်မှာ မိခင်ဖြစ်သူ ဒေါ်ကြင်မွှေးအား ရိုက်နှက်ပြီး ဒေါ်နှင်းပပလွင် အပြင်သို့ထွက်စဉ် မြတ်ကိုလှိုင်မှာ လက်ထဲတွင်ဓားပါလာသဖြင့် ဒေါ်နှင်းပပလွင်မှ လက်နှင့်ဖမ်းရာ ဓားနှင့်မထိဘဲ သံတုတ်နှင့် ရိုက်မိသဖြင့် ဒေါ်နှင်းပပလွင်၏ဦးခေါင်းထိပ်တွင် စုတ်ပြဲဒဏ်ရာနှစ်ချက်ရရှိခဲ့သည်။ ဒေါ်ကြင်မွှေး၏ ဦးခေါင်း ယာချိုစောင်းတွင် အရှည် ငါးလက်မခန့်ရှိ ပြတ်ရှဒဏ်ရာတစ်ချက်၊ ဦးခေါင်းထိပ်တွင် ပြတ်ရှဒဏ်ရာ သုံးလက်မခန့် တစ်ချက်၊ လည်ပင်းမေးအောက်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ လည်ပင်းယာဘက်ခြမ်း ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ယာပခုံးညှပ်ရိုး ပေါ်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဘယ်ဘက်ခြမ်းလည်ပင်းတွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ယာနားထင်တွင် ဖူးရောင်ဒဏ်ရာတစ်ချက်ရရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပို့စဉ် ဒေါ်ကြင်မွှေးမှာ သေဆုံးသွား၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လက်ခံထားရှိပြီး မြတ်ကိုလှိုင်အား ကျောက်တံတားမြို့မရဲစခန်းက (ပ)၁၉၂/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားသည်။ ပြစ်မှုကျူးလွန်သူ မြတ်ကိုလှိုင်(၃၀)နှစ် အမှတ် (၂၆၄) (၂)လမ်း သဒ္ဒါရပ်ကွက် သန်လျင်မြို့နယ်နေသူမှာ နေအိမ်နောက်ဖေးမှ ခုန်ချထွက်ပြေးစဉ် ပြုတ်ကျ ခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ပို့ဆောင်စဉ် သေဆုံးသွားကာ PR 037 ဖြင့် လက်ခံထားရှိပြီး တရားလိုသက်သေများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုတင်မောင်ဦး (အလုံ)**


အခင်းဖြစ်တိုက်ခန်းအား တွေ့ရစဉ်။

# မောင်တောမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၁၈**

မောင်တောခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက်က မောင်တောမြို့ (၃)မိုင်ရပ်ကွက် မောင်တော-ဘူးသီးတောင် ကားလမ်းရှိ ညီချစ် ပိုင်ဆိုင်သည့် ကျောက်ခွဲစက်ဝင်းကိုရှာဖွေရာ ရှောင်ရှုဇူဟာရ်နှင့် မိုးဇော်ဦးတို့အား တွေ့ရှိရပြီး တစ်ပါယာဉ်ပေါ်၌ သဲများတင်ဆောင်ထားသည်ကို တွေ့ရှိရ၍ သဲများအား သွန်ချစစ်ဆေးရာ သဲများအောက်တွင်သိုဝှက်ထားသည့် ပီနံအိတ်သုံးအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၈၂၅ သိန်းကို သိမ်းဆည်းရမိသည်။


ရှောင်ရှုဇူဟာရ်နှင့် မိုးဇော်ဦးတို့နှစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့က မိုးနဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးနဲမြို့နယ် နားခံကျေးရွာအုပ်စု ဝမ်းခုံကျေးရွာနေကျတဲ့၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၁၀ ကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သိန်းနီမြို့နယ် ပန်လော့အိုရီယမ်တယ်တိုးဂိတ်အနီးတွင် ကွမ်းလုံဘက်မှသိန်းနီဘက်သို့ ကျန်းစူးမောင်းနှင်ပြီး မောင်ဦးလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၁၉၀၊ အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားတစ်ချောင်းနှင့် မြန်မာငွေကျပ် ၇ ဒသမ ၃ သိန်း တို့ကိုလည်းကောင်း သိမ်းဆည်းရမိသည်။

အလားတူ စက်တင်ဘာ ၁၆ ရက်က ငါးအိုးရဲကင်းစခန်းမှတပ်ဖွဲ့ဝင်များသည် မဘိမ်း- ငါးအိုးကျေးရွာသွားကားလမ်း မိုင်တိုင်အမှတ်(၇/၀) ပိန်းလျှို-၁ တံတားထိပ်တွင် မစိုးစိုးမောင်းနှင်ပြီး မမို့မို့စန်းအောင်လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ ငါးအိုးရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် မဘိမ်း-ငါးအိုးကျေးရွာသွား ကားလမ်း မိုင်တိုင်အမှတ် (၇/၀) ပိန်းလျှို-၁ တံတားထိပ်တွင် ဇေယျာမျိုးမောင်းနှင်ပြီး ဝင်းမြင့်နှင့် ကျော်လွင်တို့လိုက်ပါလာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၀၀ ကိုလည်းကောင်း၊ ထို့အတူ စက်တင်ဘာ ၁၇ ရက်က မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ ရပ်ကွက်(၄) ရွှေမြဝတီဈေးလမ်း အိမ်အမှတ် (B/၁၀)နေ အောင်မိုးကျော်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# လားရှိုး၌ မီးလောင်မှုဖြစ်

**လားရှိုး စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အမှတ်(၃) ရပ်ကွက် နယ်မြေ(၈)၌ ယနေ့နံနက် ၁၁ နာရီ ၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ လားရှိုးမြို့ အမှတ်(၃)ရပ်ကွက် နယ်မြေ(၈) ကြာနီလမ်းနေ ဦးကီရန်ကူးမားရ်၏နေအိမ်၌ ဘုရားမီးပူဇော်ရာမှ မီးစတင်လောင်ခဲ့ကြောင်း သိရသည်။ မီးလောင်ရာနေရာတွင် ကနဦးမီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ခဲ့သော်လည်း နေအိမ်အခန်း တံခါး၊ ထပ်ခိုး၊ ခုတင်၊ မွေ့ယာနှင့် မျက်နှာကြက်များ မီးလောင်ခဲ့ပြီး အခင်းဖြစ်ပွားရာနေရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ လားရှိုးမှ သန္ဓေမီးသတ်ယာဉ် လေးစီး၊ အရန်မီးငြိမ်းသတ်ယာဉ် ငါးစီး၊ သန္ဓေမီးသတ် ၃၅ ဦး၊ အရန်မီးသတ် တပ်ဖွဲ့ဝင် ၄၅ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ယင်းမီးလောင်မှုကြောင့် နေအိမ်ပိုင်ရှင်အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

**ဖခင်အမည်မှန်**

နေပြည်တော် တပ်ကုန်းမြို့ အထက (၁)ဒသမတန်း(F)တွင် ပညာသင်ကြားနေသော မငြိမ်းစန္ဒီကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်မြတ်သူ (TAK 087394) ဖြစ်ပါသည်။

**ဦးကျော်မြတ်သူ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ရန်ပုံငွေနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် တာပြုပြင်ခြင်းလုပ်ငန်း (၁)ခု၊ ချောင်းရိုးတူးဖော်ခြင်းလုပ်ငန်း (၂၁)ခုတို့ကို လုပ်ငန်းဆောင်ရွက်လိုသူများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၃-၉-၂၀၁၆ရက် |
| တင်ဒါပိတ်မည့်ရက် | - ၇-၁၀-၂၀၁၆ရက်၊ ၁၆း၀၀နာရီ |
| တင်ဒါရွေးချယ်မည့်ရက် | - ၁၄-၁၀-၂၀၁၆ရက်၊ ၁၀း၀၀နာရီ |

**ညွှန်ကြားရေးမှူးရုံး**
**ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့။**

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၂-၂၂၃၀၀၃၅၊ ၀၅၂-၂၂၃၀၂၆၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ မုံအိုရွာနေ (အဖ) ဦးလှဝင်း [၅/ဘတလ(နိုင်)၀၃၇၇၂၁]၏သမီးဖြစ်သူ မလွင်မာဦး [၅/ဘတလ(နိုင်) ၀၅၄၅၃၃]နှင့် မယုနန္ဒာထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဖခင်တစ်ဦးတည်းဖြစ်ကြောင်း**

ဝမ်းတွင်းမြို့နယ်၊ သဖန်းကျေးရွာ၊ အထကကျောင်းမှ မောင်ကျော်ဇင်ထိုက်(ဒသမတန်း)၊ မောင်အောင်ဇင်ဖြိုး (တတိယတန်း)၊ မသွယ်သွယ်ဖြိုး (ဒုတိယတန်း)တို့၏ဖခင် ဦးအောင်ဇော်မင်းနှင့် ဦးမင်းမင်း [၉/ဝတန(နိုင်)၁၀၆၅၉၇]မှာ တစ်ဦးတည်းဖြစ်ပါသည်။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**Mobile Phone** များ အရစ်ကျ လစဉ်ပေး ဝယ်/ငှားစနစ်ဖြင့် ရောင်းချပေးနေပါပြီ။ ဘဏ်သို့သွားရန်မလိုပါ။ ဘဏ်တွင် ငွေသွင်းထားရန်မလိုပါ။ ဆိုင်တွင် လူကိုယ်တိုင်လာရောက် လျှောက်ထားရယူနိုင်ပါသည်။ Phone တန်ဖိုး၏ 40-60 % သတ်မှတ်ကနဦးငွေပေးသွင်းပြီး လစဉ် ၁၅၀၀၀ိ/- ကျပ်မှ စတင်၍ ၆ လ (သို့) ၁၂ လ အရစ်ကျစနစ်ဖြစ်ပါသည်။ Grand Prime, S S4, S5, S6 Edge, S6 Edge+, iPhone4S, 5, 5S, 6, 6+ များ **Phone 4U Mobile**၊ (၂၇/၁)၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်။
**Ph : 09-787180025, 09-976898573**

## လူပျောက်



ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်၇၄/ခ၊ လှိုင်သရဖီလမ်း၊ (၁၃)ရပ်ကွက်နေ ဒေါ်ဦးညွန့်ကြွယ် အသက်(၅၈)နှစ်၊ စိတ်ဝေဒနာရှင်သည် နေအိမ်မှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**ကိုကျော်လွင်-၀၉-၂၅၀၆၅၂၆၉၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးဆန်း[၁၂/လမတ(နိုင်)၀၁၅၂၂၉] ကိုင်ဆောင်သူ၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်(၈၆) တတိယထပ်(ခြေရင်းခန်း) ဧရိယာ (၁၂. ၅ ပေ×၆၇ပေ)ခန့်ရှိ ရေ-မီးအပြည့်အစုံတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်နိုင်[၁၂/အလန(နိုင်)၀၂၂၂၆၆] ကိုင်ဆောင်သူထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ကျွန်ုပ်မိတ်ဆွေက ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို တရားဝင်ပိုင်ဆိုင်သော အထောက်အထားများဖြင့် ဤကြေညာပါရှိသည့်နေ့ရက်မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မိုးဆန်း**
**[၁၂/လမတ(နိုင်)၀၁၅၂၂၉]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်နိုင်စိုး( LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၈၂)**
**အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊ ၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်။**
**ဖုန်း-၀၉၇၃၁၉၃၃၄၄၊ ၀၉ ၄၅၇၂၉၃၃၄၄၊ ၀၉၇၉၈၁၉၃၂၉၉**

# အပူပိုင်းဒေသရှိ တောင်သူ လယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး စီမံကိန်းအရ တိရစ္ဆာန်ကောင်ရေစာရင်းများ ကောက်ယူမည်

**မလှိုင် စက်တင်ဘာ ၁၈**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ တိရစ္ဆာန်ကျန်းမာရေး၊ ထုတ်လုပ်မှုနှင့် ဈေးကွက်မြင့်မားရေးမှတစ်ဆင့် အပူပိုင်းဒေသရှိ တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေး စီမံကိန်းအရ မလှိုင်မြို့နယ်အတွင်း တိရစ္ဆာန်ကောင်ရေစာရင်း ကနဦး ကောက်ယူခြင်းဆိုင်ရာ သင်တန်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးက အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးကိုက စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများကို ပို့ချခဲ့သည်။ သင်တန်းသို့ FAO မှ တာဝန်ရှိသူများ၊ စာရင်းကောက်ယူမည့် ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ရွာခွဲ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ကနဦး တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းကို တစ်မြို့နယ်လျှင် ကျေးရွာလေးရွာနှင့် ရပ်ကွက်တစ်ရပ်ကွက်အား စက်တင်ဘာလအတွင်း အပြီး စမ်းသပ်ကောက်ယူ၍ တစ်မြို့နယ်လုံးအား ဆက်လက်စာရင်းကောက်ယူသွားမည်ဖြစ်သည်။

မလှိုင်မြို့နယ်တွင် ချင်းလျှား(ရွာသစ်)၊ ကံစွယ်၊ ရေအိပ်ကျင်း၊ လက်ပံချိုင်းကျေးရွာလေးရွာနှင့် အမှတ်(၄) ရပ်ကွက်တို့အား စမ်းသပ်ကောက်ယူသွားမည်ဖြစ်သည်။

အဆိုပါစီမံကိန်းအရ မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဇုန်ဒေသတွင် ပါဝင်သည့် မန္တလေးတိုင်းဒေသကြီးအတွင်းမှ မြင်းခြံ၊ တောင်သာ၊ မလှိုင်၊ နွားထိုးကြီး၊ မကွေးတိုင်းဒေသကြီး အတွင်းမှ ပခုက္ကူနှင့် ရေစကြို စုစုပေါင်းခြောက်မြို့နယ်တို့တွင် တိရစ္ဆာန်ကောင်ရေစာရင်း စတင်စမ်းသပ်ကောက်ယူသွားမည်ဖြစ်ပြီး မြို့နယ် ခြောက်မြို့နယ်၏ အချက်အလက်များအပေါ် အခြေခံ၍ တစ်နိုင်ငံလုံး ကောက်ယူသွားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဌေး (မလှိုင်)**

## ပုလဲမြို့၌ ၅၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းဆောင်ရွက်

**ပုလဲ စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းနှင့် ဆေးရုံပြင်ပ ဂတ်ကန်၌ ၅၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၁၆ ရက် ညနေ ၄ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းက "အောက်တိုဘာ ၁ ရက်မှာ ကျရောက်မယ့် ၅၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ ချင်ပြစ်ရဲစခန်း၊ ကန့်ဒေါင့်ရဲစခန်းနဲ့ လဲကန်ရဲစခန်းများက အရာရှိများနဲ့ ရဲတပ်ဖွဲ့ဝင်များက မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဌာနဝန်ထမ်းနှင့်အတူ စုပေါင်းပြီး မြို့နယ်ဆေးရုံဝင်းအတွင်းနှင့် ဆေးရုံပြင်ပ ဂတ်ကန်၌ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ပြန်လည်တူးဖော်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီက ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်များကို အမှိုက်သိမ်း မော်တော်ယာဉ်ဖြင့် ကူညီသိမ်းဆည်းပေးခဲ့ပါတယ်" ဟု ပြောသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးတင်ထွန်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်ဝင်းတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဧယျာမြေ)**

## အိမ်မဲမြို့နယ်တွင် မိုးစပါးရေကြီးနစ်မြုပ်ပြန်စိုက်တောင်သူများအားစိုက်ပျိုးရေးဦးစီးဌာနက မျိုးစပါးထောက်ပံ့ပေးအပ်

**အိမ်မဲ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက အိမ်မဲမြို့တွင်၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးမှုတွင် ရေကြီးနစ်မြုပ်ခဲ့သော ကျေးရွာများမှ မိုးစပါးပြန်လည်စိုက်ပျိုးသော တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာနက မျိုးစပါးများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှထွေးက မိုးစပါးထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြား၍ အိမ်မဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမြင့်အောင်က မိုးစပါး ရေကြီးနစ်မြုပ်ဧရိယာများ အစားထိုးစိုက်ပျိုးနည်းစနစ်များ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် ရေကြီးနစ်မြုပ်ကျေးရွာများမှ မိုးစပါးပြန်စိုက်တောင်သူများအား သီးထပ်ရင်မျိုးစပါးများကို တာဝန်ရှိသူများက တောင်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ အိမ်မဲမြို့နယ်တွင် ရေကြီးနစ်မြုပ်ခဲ့သည့်အတွက် မိုးစပါးဧက ၄၄၄၇ ပျက်စီးဆုံးရှုံးခဲ့ပြီး ကျေးရွာ ခုနစ်အုပ်စုမှ တောင်သူ ၇၃ ဦး၏ မိုးစပါး ၁၈၈ ဧက ပြန်လည်စိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် မျိုးစပါး စုစုပေါင်းတင်း ၂၀၀ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**မြို့နယ်ပြန်/ဆက်**



## မိတ္ထီလာ၌ ရိုးရာလောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၈**

မိတ္ထီလာတွင် ၁၃၃ ကြိမ်မြောက် သမိုင်းဝင် ဖောင်တော်ဦးစေတီ ဗုဒ္ဓပူဇနိယပွဲတော်တွင် ထည့်သွင်းကျင်းပသည့် မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာလ ၁၆ ရက် ညနေ ၄ နာရီက ယင်းစေတီအနီးကန်ရေပြင်နှင့် ကရဝိက်တန်ဆောင်းအတွင်း ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းမြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ အကြီးတန်းပြိုင်ပွဲတွင် ပထမ ဇာတိသွေး၊ ဒုတိယ ဥက္ကာပျံ (နစတ)၊တတိယ တက္ကသိုလ်စိုးမိုး၊ အငယ်တန်းပြိုင်ပွဲတွင် ပထမ ကံကြီးဂဠုန်၊ ဒုတိယ စတားမောင်မောင် ၊ တတိယ ရွှေညီနောင်အသင်းတို့ အသီးသီးရရှိကြသည်။

ပြိုင်ပွဲအလိုက် ဆုရရှိကြသည့် အသင်းများအား ခရိုင်အုပ်ချုပ်ရေးမှူးဦးတင့်ဝေသုံ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေတို့က ငွေသားဆုများနှင့် ဆုတံဆိပ်များကို ဂုဏ်ပြုချီးမြှင့်ကြောင်း သိရသည်။

ယခုနှစ် မိတ္ထီလာဖောင်တော်ဦးဘုရားပွဲတော်ကို စက်တင်ဘာ ၉ ရက်မှ ၁၈ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ လှေပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပသည့် တော်သလင်းလပြည့်နေ့ (စက်တင်ဘာ ၁၆ ရက်) တွင် ဒေသခံရပ်ကွက်၊ ကျေးရွာများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာရောက် လည်ပတ်သူများဖြင့် အလွန်စည်ကားများပြားခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



## ကလေးသူငယ်အခွင့်အရေးနှင့် ပတ်သက်၍ အကူအညီတောင်းခံနိုင်

**ဖျာပုံ စက်တင်ဘာ ၁၈**

ဖျာပုံခရိုင်ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီသည် အသက် ၁၈ နှစ်အောက် ကလေးငယ်များ အမှုအခင်းနှင့် ကြုံလာပါက ဥပဒေပါ အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရေး ကူညီဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် ထောက်ပံ့မှုများပြုပေးခြင်း၊ ကလေးသူငယ် အခွင့်အရေးများ ပြည်သူများ သိရှိစေရန် အသိပညာပေးခြင်း၊ အသက် ၁၂ နှစ်ပြည့် နိုင်ငံသားစိစစ်ရေး ကတ်ပြားရရှိနိုင်ရေးကူညီဆောင်ရွက်ပေးခြင်း စသည်တို့ ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်ပါက ကော်မတီသို့ ဆက်သွယ်နိုင်ကြောင်း ကော်မတီအတွင်းရေးမှူး ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာနမှ ပြောသည်။

ဖျာပုံခရိုင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက ဖျာပုံခရိုင် လူမှုဝန်ထမ်းဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့ရာ ယင်းအစည်းအဝေးတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင်တင်အေးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဖျာပုံခရိုင် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးလွင်က ကော်မတီဝင်များအနေဖြင့် ကလေးသူငယ်နည်းဥပဒေတွင် ပြဋ္ဌာန်းထားသော မိမိတို့ဌာနအလိုက် ဆောင်ရွက်ရမည့် ကဏ္ဍအသီးသီးကို သိရှိလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေ၏ပြဋ္ဌာန်းချက်၊ ကော်မတီ၏တာဝန်နှင့် လက်တွေ့ဆောင်ရွက်ချက်တို့သည် ဟန်ချက်ညီရန်လိုအပ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများ ဆုံးရှုံးမှု မရှိစေရေးအတွက် ကော်မတီဝင်များမှ တာဝန်ယူ ဆောင် ရွက်ပေးကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ယင်းနောက် ဖျာပုံခရိုင်အတွင်း ဖြစ်ပွားသည့် ကလေးသူငယ်နှင့် ပတ်သက်သော အမှုအခင်းများ၊ တရားစီရင်မှု အခြေအနေ၊ သက်လွန်ပညာရေးသင်ကြားမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးမှုများကို သက်ဆိုင်ရာကော်မတီဝင် ဌာနအသီးသီး မှ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။ **သူဇာနွယ်(ဖျာပုံ)**

## မြစိမ်းရောင် ကျေးရွာစီမံကိန်းရန်ပုံငွေ ခိုဆိုင်း ကျေးရွာတွင် လွှဲပြောင်း ပေးအပ်

**မောက်မယ် စက်တင်ဘာ ၁၈**

မောက်မယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲကာ တစိုက်မတ်မတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ၂၀၁၆- ၂၀၁၇ ခုနှစ် မြစိမ်းရောင်ကျေးရွာခုနစ်ရွာရရှိပြီး မိုင်းပုတ်ကျေးရွာအုပ်စု ခိုဆိုင်းကျေးရွာအတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ခိုဆိုင်းကျေးရွာ ရွာလယ်မွှော်ရုံ၌ စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာမှ ဦးစီးမှူးဒေါ်အိအိမွန်က မြစိမ်းရောင်စီမံကိန်းရန်ပုံငွေနှင့်ပတ်သက်ပြီး စီမံကိန်း၏ ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကိုရှင်းလင်းပြောကြားရာတွင် မိသားစုဝင်ငွေတိုးပြီး ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းလျှော့ချရန် တစ်ပိုင်တစ်နိုင်စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ စီမံကိန်းဆောင်ရွက်မယ့် ကျေးရွာတစ်ရွာကို အရင်းမပျောက် လည်ပတ်ရံပုံငွေအဖြစ် နိုင်ငံတော်ဘတ်ဂျက်မှ သိန်း ၃၀၀ မတည်ပေးထားကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများတို့က မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီဝင်များက လက်ခံရယူကာ ကျေးဇူးတင်စကားပြန် လည်ပြောကြားရာတွင် ကျွန်တော်တို့ မိုင်းပုတ်ကျေးရွာအုပ်စုအတွင်း ကြံ၊ သရက်၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပြောင်း၊ နှမ်း၊ ကြက်သွန်ဖြူနှင့် ကော်ဖီတို့ကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ မတည်ပေးထားသော သိန်း ၃၀၀ ကိုလည်း ရေရှည်တည်တံ့စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့တွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြား

နေပြည်တော် စက်တင်ဘာ ၁၈

**စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် ၂၀၁၆ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားတွင် ကိုယ်စားလှယ်များက စာတမ်းများကိုဖတ်ကြားခဲ့ကြသည်။ ကိုယ်စားလှယ်များဖတ်ကြားသွားသည့်စာတမ်းများကို ဖော်ပြသွားမည်ဖြစ်ပါသည်-**

**ယမန်နေ့မှအဆက်**

## လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) ကိုယ်စားလှယ်ဦးအာမိုးဆီ ဖတ်ကြားသည့်စာတမ်း

အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့ အခမ်းအနားတွင် စာတမ်းကို ဖတ်ကြားတင်သွင်းခွင့်ရတဲ့အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" " Democracy 2030"နှင့်အညီ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ဒီမိုကရေစီ၏ အခြေခံသဘောတရားကို လက်တွေ့အကောင်အထည်ဖော်နေသည့်အတွက် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွားဖို့ ဦးစွာပြောကြားလိုပါတယ်။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား-**

မြန်မာနိုင်ငံသည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ပီပြင်စွာဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေသည်မှာ လက်တွေ့ပင်ဖြစ်ပါသည်။ ဒီမိုကရေစီဖြစ်ထွန်းရှင်သန်နိုင်ရန် အစိုးရ၏ကြိုးပမ်းမှု၊ လွှတ်တော်၏ ကြိုးပမ်းမှုနှင့်အတူ ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးပါသည်။ စနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းရာတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအခန်းကဏ္ဍမှာ အလွန်အရေးကြီးပါသည်။

ကမ္ဘာပေါ်တွင်ရှိသော နိုင်ငံတိုင်းကို ကြည့်ပါက လူတစ်မျိုးတည်းဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့်နိုင်ငံဟူ၍ မရှိသည်ကို တွေ့ရှိရပါသည်။ လူမျိုးများစွာနဲ့ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ တိုင်းပြည်ကြီးတွေသာရှိပါတယ်။ ခေတ်အချိန်အခါနဲ့ကြည့်ရင် လူတိုင်းမှာ မိမိရဲ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်လိုသည်။ တူညီတဲ့ အခြားလူမျိုးစုတွေနဲ့ နေချင်၊ ပေါင်းချင်ကြတာပါပဲ။ လူမျိုးချင်းခွဲခြားတာ၊ လွှမ်းမိုးချုပ်ချယ်တာ၊ ခြယ်လှယ်အုပ်ချုပ်တာတွေကို ဘယ်လူမျိုးမဆို မကြိုက်မနှစ်သက်ကြပါ။ လူမျိုးစုတစ်စုလုံး၏ အကျိုးကို ဆုံးရှုံးနစ်နာအောင် လုပ်တာဟာ လူသားဝါဒ မဟုတ်ပါဘူး။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား-**

ဒီမိုကရေစီစနစ်မှာ အရေးကြီးတဲ့ အခြေခံမှုများစွာရှိသည်ကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒါတွေကတော့ တန်းတူညီမျှမှု၊



လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) ကိုယ်စားလှယ်ဦးအာမိုးဆီ

ပြည်သူလူထုပါဝင်နိုင်မှု၊ စိတ်ရှည်သည်းခံမှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ လွတ်လပ်သော တရားမျှတပြီး ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲရှိမှု၊ ရွေးကောက်ပွဲရလဒ်ကို လက်ခံနိုင်မှု၊ ပါတီစုံဒီမိုကရေစီကို ကျင့်သုံးနိုင်မှု၊ တရားဥပဒေစိုးမိုးမှု၊ အာဏာကိုအလွဲသုံးစားမှုအပေါ် ထိန်းချုပ်ကာကွယ်နိုင်မှုတွေပါပဲ။

တကယ့်ဒီမိုကရေစီဆိုတာ နိုင်ငံရေးသဘောတရားအရ ပြည်သူတွေရဲ့အကျိုးအတွက် ပြည်သူတွေက တင်မြှောက်တဲ့ ပြည်သူတွေရဲ့အစိုးရဖြစ်ရုံနဲ့ မပြီးသေးဘူး။ အဲဒီအစိုးရဟာ ပြည်သူတွေရဲ့ စီးပွားရေးအဆင့်အတန်းကို အခွင့်အရေးတန်းတူရနိုင်တဲ့ အခြေအနေအထိ မြှင့်တင်နိုင်အောင် ဆောင်ရွက်ပေးမှ တကယ့်ဒီမိုကရေစီကို တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ ယနေ့ (၂၁)ရာစုမှာ တိုင်းပြည်တစ်ပြည်ရဲ့တိုးတက်မှုကို တိုင်းတာရာမှာ ပြည်သူလူထုရဲ့ပျော်ရွှင်မှုကို ထည့်သွင်းတွက်ချက်လာတယ်။

ယနေ့ကမ္ဘာတစ်ဝန်းလုံးတွင် ဒီမိုကရေစီစနစ်ကိုကျင့်သုံးသော နိုင်ငံတိုင်းတွင် ရွေးကောက်ပွဲများကျင်းပပြီး သက်ဆိုင်ရာ အစိုးရအဖွဲ့ အုပ်ချုပ်ရေးအသီးသီး၊ ဥပဒေပြုပေးသော လွှတ်တော်ကိုယ်စားလှယ်၊ တရားစီရင်ရေးမဏ္ဍိုင် အသီးသီးရွေးချယ်တင်မြှောက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း ထိုရွေးကောက်ပွဲတိုင်းတွင် ဒီမိုကရေစီကျင့်စဉ်၊ ဒီမိုကရေစီနည်းလမ်း၊ ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီမှုရှိရန် အလွန်အရေးကြီးပါသည်။ ဒီမိုကရေစီဆိုတာ ပြည်သူက အုပ်ချုပ်သည့်အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ပြည်သူက ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်များကလည်း မိမိမဲဆန္ဒရှင်ပြည်သူများအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမှာ ဖြစ်ပါတယ်။

**ဒီမိုကရေစီကို ချစ်မြတ်နိုးသူများခင်ဗျား-**

နိဂုံးချုပ်အနေဖြင့် ၂၀၀၇ ခုနှစ် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက သတ်မှတ်ပြဋ္ဌာန်းပေးလိုက်သည့် ဒီမိုကရေစီနေ့အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်သည့် "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" " Democracy2030" ဆောင်ပုဒ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးကို ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ကြပါစို့လို့ ဆန္ဒပြုရင်း အလေးအနက် ဂုဏ်ပြုကြိုဆိုအပ်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်ဦးခမ်ခန့်ထန် ဖတ်ကြားတင်သွင်းသောစာတမ်း

ဒီမိုကရေစီဆိုသောဝေါဟာရမှာ ဂရိဘာသာစကားဖြစ်ပြီး နောက်မှ အင်္ဂလိပ်စကား၊ မြန်မာအသုံးအနှုန်းအဖြစ် အဆင့်ဆင့်သုံးစွဲလာခဲ့ရပါသည်။ ဒီမိုကရေစီဟူသောစကားသည် နိုင်ငံရေးနည်းစနစ်တစ်မျိုးဖြစ်ပြီး နိုင်ငံအုပ်ချုပ်ရာတွင် အကောင်းဆုံးသောစနစ်ဖြစ်သည်ဟု ကျွန်တော်တို့ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်က ခံယူထားပါသည်။ အကြောင်းအရင်းမှာ ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်ထက်ကောင်းမွန်သော နိုင်ငံရေးနည်းစနစ် မပေါ်ထွန်းသေးသောကြောင့် ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်သည် လူလူချင်းတူညီသောမူကို လက်ခံထားသဖြင့် လူတိုင်းသည် ဥပဒေအမြင်တွင် တူညီစေပါသည်။ ယင်းတူညီသော အခွင့်အရေးတို့မှာ အသက်ရှင်နေထိုင်နိုင်သော အခွင့်အရေး၊ လွတ်လပ်စွာတွေးဆတီထွင်နိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ပြောဆိုရေးသား ဝေဖန်စည်းရုံးပိုင်ခွင့်ရှိသော အခွင့်အရေးနှင့် ပျော်မွေ့ချမ်းမြေ့မှုကို လွတ်လပ်စွာရှာဖွေနိုင်ခွင့် အပြည့်အဝရရှိနိုင်မည်ဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံနှင့်လည်း အသင့်လျော်ဆုံးသော နိုင်ငံရေးစနစ်ဖြစ်သည်ဟု ကျွန်တော်တို့ပါတီက သုံးသပ်ပါသည်။

ဒီမိုကရေစီအစိုးရဆိုသည်မှာ ပြည်သူ့ထံမှ ပြည်သူ့ထံသို့ဆိုသလို ပြည်သူ့အကျိုးအလို့ငှာ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်ခြင်းကို ဆိုလိုပါသည်။ ပြည်သူ့ထံမှ အုပ်ချုပ်ရေးအာဏာတောင်းခံ၍ လည်းကောင်း၊ ပြည်သူပြည်သားများကလည်း မိမိတို့အားအုပ်ချုပ်မည့် ပုဂ္ဂိုလ်များကို လွတ်လွတ်လပ်လပ်ရွေးချယ်ဆုံးဖြတ်၍ ပေးအပ်သောအာဏာသည် ပြည်သူ့အာဏာ (သို့) ပြည်သူ့အစိုးရ(သို့) ဒီမိုကရေစီအစိုးရဖြစ်သဖြင့် ကျွန်တာ်တို့ပါတီအနေဖြင့် ဒီမိုကရေစီစနစ်ကို လိုလားလျက်ရှိပါတယ်။

ယနေ့ကမ္ဘာတွင် အာဏာရှင်စနစ်လိုလားသော အစိုးရ၊ အဖွဲ့အစည်းအသီးသီးတို့မှ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ၊ တိုက်ရိုက်ဒီမိုကရေစီ စသော ဒီမိုကရေစီကို နာမဝိသေသနအမျိုးမျိုး ဖြည့်စွက်သုံးနှုန်းထားကြသည်ကို ဝမ်းနည်းဖွယ်ရာတွေ့မြင်နေရပါသည်။ ဒီမိုကရေစီနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော



ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်
ကိုယ်စားလှယ်ဦးခမ်ခန့်ထန်

ဒီမိုကရေစီ စံချိန်စံညွှန်းနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ကျင့်သုံးရမည်ဖြစ်ကြောင်း ကျွန်တော်တို့ တိုက်တွန်းလိုပါသည်။

သို့သော် ကျွန်တော်တို့နိုင်ငံတွင် ယနေ့ထက်တိုင် ဒီမိုကရေစီနည်းလမ်းအရ မှန်ကန်စွာကျင့်သုံးနိုင်ခြင်း မရှိသေးကြောင်း တွေ့ရပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်နိုင်သရွေ့ ငြိမ်းချမ်းရေး၊ စစ်မှန်သောဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်ပြည်ထောင်စုမူကို ရရှိလိမ့်မည်ဟု ကျွန်တော်တို့မယုံကြည်ပါ။ သို့ဖြစ်ပါ၍ ယခုလိုအပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် တိုင်းရင်းသားညီအစ်ကိုပါတီများ စုပေါင်းလက်တွဲ၍ ဒီမိုကရေစီမူနဲ့မကိုက်ညီသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြီး ဖက်ဒရယ်ပြည်ထောင်စုစနစ်ဆီသို့ မရောက်ရောက်အောင် ချီတက်ကြပါစို့ဟု လေးလေးနက်နက်တိုက်တွန်းလိုက်ပါသည်။

## ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO ပါတီ) ကိုယ်စားလှယ် ဦးခွန်အောင်ကျော် ဖတ်ကြားသည့်စာတမ်း

မျက်မှောက်ကာလ ကမ္ဘာတစ်ဝန်းလုံးမှာရှိကြတဲ့ နိုင်ငံအများအပြားတွင် တိုင်းသူပြည်သားများ လူမှုအကျိုးစီးပွားကို အကျိုးရှိရှိ ထိထိရောက်ရောက် ဖော်ဆောင်ပေးလျက်ရှိသော ဒီမိုကရေစီနိုင်ငံရေးစနစ်ကျင့်သုံးဖို့ တိုက်တွန်း၊ နှိုးဆော်၊ တောင်းဆိုနေကြတာ တွေ့မြင်နေရပါတယ်။

ဒါဟာ ဘာကိုပြသလဲလို့ဆိုရင် ဒီမိုကရေစီစနစ်သည် မတူကွဲပြားမှုများပြားလှသော လူသားများအတွက် အကောင်းဆုံးနိုင်ငံရေးစနစ်ဖြစ်ကြောင်း သက်သေထူခြင်းဖြစ်ပါတယ်။ သို့ပေမယ့် ပြီးပြည့်စုံသောစနစ်ဆိုတာ မရှိနိုင်ပါ။ အားနည်းချက်အချို့ ရှိကောင်းရှိမှာဖြစ်ပါတယ်။ ရှိလာတဲ့အခက်အခဲ၊ မပြေလည်မှုများကို အပြန်အလှန်ညှိနှိုင်းဖြေလျှော့မှုပြုလုပ်မည်ဆိုပါက ပိုမိုပြည့်စုံလုံခြုံသော လူမှုအဝန်းအဝိုင်းကို ရောက်ရှိနိုင်မယ်လို့ ယုံကြည်မိပါတယ်။

နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter Parliamentary Union- IPU)မှ "အားလုံးပူးပေါင်းပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" ဆောင်ပုဒ်ဟာ တစ်ကမ္ဘာလုံးရှိ ဒီမိုကရေစီနိုင်ငံများ၊ ဒီမိုကရေစီအသွင် ကူးပြောင်းလျက်ရှိတဲ့ နိုင်ငံများ၊ ဒီမိုကရေစီစနစ်ကို လှမ်းမျှော်ကြည့်လျက်ရှိတဲ့ နိုင်ငံများအဖို့ အကောင်းဆုံး လမ်းပြရောင်နီဖြစ်လိမ့်မယ်လို့ တင်စားပြောချင်ပါတယ်။

ဒီမိုကရေစီနိုင်ငံရေးစနစ် အနှစ်သာရရှိစွာ ကျင့်သုံးနိုင်ရန်အတွက် လျှောက်လှမ်းရမည့်လမ်းခရီးဟာ စဉ်ဆက်မပြတ်ဖြစ်ထွန်းနေမှာဖြစ်တယ်။ နိုင်ငံကိုဦးဆောင်သော ခေါင်းဆောင်ကောင်း၊ အစိုးရကောင်း၊ ကောင်းမွန်သော ပြည်သူလူထုအားလုံးက မှန်ကန်တဲ့စေတနာ၊ မေတ္တာကိုအရင်းခံ၍ တွေးတောကြံဆခြင်း၊ ပြောဆိုခြင်း၊ ကျင့်ကြံအားထုတ်လုပ်ကိုင်ကြခြင်းဟာ ဒီမိုကရေစီအုတ်မြစ်ကောင်းများဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတို့၏ လူမှုစီးပွားဖွံ့ဖြိုးခြင်း၊ ပညာရည်မြင့်မားခြင်းကလည်း ဒီမိုကရေစီကျင့်စဉ်တွင် အလွန်အရေးကြီးလှပါတယ်။

"ယနေ့လူငယ် နောင်ဝယ်လူကြီး"ဆိုသလို စဉ်ဆက်မပြတ်ပခုံးပြောင်းတာဝန်ယူကြမည့် လူငယ်လူရွယ်များကို နိုင်ငံတည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး(National Building)များတွင် စနစ်တကျပြုစုပျိုးထောင်ပါဝင်စေခြင်းအတွက် ခိုင်မာတိကျသော၊ ပြုလွယ်ပြင်လွယ်သော မူဝါဒချမှတ်ဖို့ရာကလည်း အလွန်အရေးကြီးလှပါသည်။ မိမိနှင့် ပြည်သူ ပြည်သားများအကျိုးစီးပွားကို မျှတစွာဦးတည်အကောင်အထည်ဖော်မှုကလည်း အဓိကကျနေပြန်ပါသည်။

မြန်မာ့လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားလာခဲ့သော



ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO ပါတီ)
ကိုယ်စားလှယ် ဦးခွန်အောင်ကျော်

မညီမျှမှုများကြောင့် တိုင်းရင်းသားပေါင်းစုံ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ နှစ်ပေါင်း ၇၀ နီးပါးဖြစ်ပေါ်ခဲ့ပြီး နိုင်ငံသူ နိုင်ငံသားများဟာ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း၊ လူမှုစီးပွားတိုးတက်ခြင်းနဲ့ ကင်းဝေးခဲ့ရသည့်အပြင် နောက်ဆုံး ကမ္ဘာမှာ အဆင်းရဲဆုံးတိုင်းပြည်အဖြစ်သို့ ရောက်ရှိခဲ့ရပါသည်။ ကမ္ဘာပေါ်မှာ ဒီမိုကရေစီကျင့်သုံးသောနိုင်ငံများ ချမ်းသာကြွယ်ဝမှုကို မြင်တွေ့ရသည့်အခါ မြန်မာနိုင်ငံကလည်း ဒီမိုကရေစီကျင့်သုံးနိုင်ရန် လူထုအုံကြွမှုမှ တွန်းပေးမှုကြောင့် ၁၉၈၈ အရေးတော်ပုံတွင် လူထုတစ်ရပ်လုံးနီးပါးက တစိုက်မတ်မတ်တောင်းဆိုမှုအရ ၂၀၁၀ အထွေထွေရွေးကောက်ပွဲမှအစပြု ပြောင်းလဲနိုင်ခဲ့သလို ၂၀၁၅ ဒုတိယအကြိမ် ရွေးကောက်ပွဲ၌ အရပ်သားဦးဆောင်သောအစိုးရကို မှတ်ကျောက်တင်ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ပါသည်။

**စာမျက်နှာ ၁၇ သို့**

# တအာင်း(ပလောင်) အမျိုးသားပါတီကိုယ်စားလှယ် ဒေါ်နန်းမိုး တင်သွင်းသည့်စာတမ်း

ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအများစုကိုကြည့်လျှင် ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြကြောင်း တွေ့ရှိနိုင်ပါသည်။ ဒီမိုကရေစီသည် ပြည်သူကို အခြေပြုပြီး ပြည်သူ့အကျိုးစီးပွားကို ပြည်သူအများစု၏ဆန္ဒနှင့်အညီ ဖော်ဆောင်ရခြင်းဖြစ်ပါသည်။ တူညီသော ရည်မှန်းချက်ဖြစ်သည့် အမျိုးသားအကျိုးစီးပွားအလို့ငှာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်သည်။

ဒီမိုကရေစီ၏ အသက်ဝိညာဉ်သည် လွှတ်တော်များဖြစ်သည်ဆိုသကဲ့သို့ လွှတ်တော်မရှိပါက ဒီမိုကရေစီမရှိဟု ဆိုကြသည်။

**"ဒီမိုကရေစီ ၂၀၃၀ သို့"** မျှော်မှန်းချက်မှာ ဒီမိုကရေစီအမြစ်တွယ်ခိုင်မာရေးအတွက် လွှတ်တော်များ အားကောင်းခိုင်မာစေရန်နှင့် အရည်အသွေး ပြည့်မီစေရန်တို့ဖြစ်ပါသည်။ လွှတ်တော်များအနေဖြင့် နိုင်ငံရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် ဥပဒေပြုရေးလုပ်ငန်းစဉ်အတွင်း ပြည်သူများ ပူးပေါင်းပါဝင်လာမှုကို ပိုမိုလုပ်ဆောင်ရမည်ဖြစ်သည်။ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများအရ ပွင့်လင်းမြင်သာမှု မရရှိသေးသည့်တိုင် ဥပဒေ၊ နည်းဥပဒေအရ ပွင့်လင်းမြင်သာမှုနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် အထောက်အကူပြုနိုင်ရမည်ဖြစ်သည်။

လွှတ်တော်၏ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုကဏ္ဍနှင့် ပြည်သူလူထုများ ပိုမိုထိတွေ့လာနိုင်မှုကို မိုဘိုင်းကွန်ရက်များဖြင့် ပေါင်းစပ်ခြင်းဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ လူမှုကွန်ရက်များသည်လည်း သတင်းများဖြန့်ဖြူးရာ၌ စွမ်းရည်အပြည့် အသုံးပြုသော စနစ်တစ်ခုဖြစ်လာပြီဖြစ်၍ ပြည်သူလူထုနှင့် ပိုမိုထိတွေ့လာနိုင်မှုကို အထောက်အကူပြုနိုင်ပါသည်။

ပြည်သူလူထု၏ သတင်းအချက်အလက်လိုအပ်ချက်များ၊ အသိအမြင်များပေါ်မူတည်၍ မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်ရန်မှာ လူမှုကွန်ရက်များသည်လည်း အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ပြည်သူလူထုတို့က လွယ်ကူလျင်မြန်စွာသိစေရန် ဖော်ဆောင်ပေးခြင်းဖြင့် ပြည်သူများ၏ ယုံကြည်အလေးထားမှုကို တည်ဆောက်ကြရမည်ဖြစ်သည်။

လွှတ်တော်ဆိုသည်မှာ ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူများ ရွေးချယ်ထားသည့် ကိုယ်စားလှယ်များက နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် ဥပဒေပြုမဏ္ဍိုင်ဖြင့် တာဝန်ထမ်းဆောင်နေရသော နေရာတစ်ခုဖြစ်သကဲ့သို့ ဒီမိုကရေစီကူးပြောင်းရေးဖြစ်စဉ်တွင် တည်ရှိနေရမည်ဖြစ်သည်။

လူမှုကွန်ရက်များသည် လွှတ်တော်ကိုယ်စားလှယ်က ၎င်းတို့၏မဲဆန္ဒရှင်ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနိုင်သည့် စနစ်တစ်ခုဖြစ်ပြီး ပြည်သူ့အသံကို တိုက်ရိုက်နားထောင်နိုင်ကြ၍ အကျိုးရှိစွာ အသုံးပြုနိုင်ပါသည်။ လိုအပ်ချက်များကို ပိုမိုကောင်းမွန်အောင်မြင်စေရေး ဖြည့်ဆည်းဆောင်ရွက်၍ ပြည်သူကို လွှတ်တော်ရေးရာ



တအာင်း(ပလောင်)
အမျိုးသားပါတီကိုယ်စားလှယ် ဒေါ်နန်းမိုး

ကိစ္စရပ်များ ပိုမိုသိရှိနိုင်စေရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်၊ ဥပဒေပြုရေးလုပ်ငန်းစဉ်အတွင်း ပိုမိုပါဝင်နိုင်စေရန် တိုးတက်သော မိုဘိုင်းကွန်ရက်နှင့် ချိတ်ဆက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော စိန်ခေါ်မှုဖြစ်၍ လွှတ်တော်၏အခန်းကဏ္ဍသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကဏ္ဍတွင် အဓိကကျသည့် ကဏ္ဍလည်းဖြစ်ပါသည်။

နှစ်ပေါင်း (၅၀)ကျော်ကာလအတွင်း ပြည်သူလူထု၏ လွတ်လပ်သော မဲဆန္ဒအပေါ် အခြေခံ၍ ဖွဲ့စည်းသော လူထုအစိုးရသစ်အနေဖြင့် တိုင်းပြည်၏ ဒီမိုကရေစီအုတ်မြစ် ခိုင်မာတောင့်တင်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာ၌ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို မလွဲမသွေ ရယူရမည်ဖြစ်သည်။ ဒီမိုကရေစီ ၂၀၃၀ သို့ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီလူ့အဖွဲ့အစည်းကို ဖန်တီးနိုင်သည့် ပြည်သူတို့၏ စွမ်းပကားကို ရယူရမည်ဖြစ်သည်။ ပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိအလိုအပ်ဆုံးအချက်ကြီးများတွင် အရေးအကြီးဆုံးမှာ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်သူလူထု၏ လူနေမှုဘဝမြှင့်တင်ရေးပင် ဖြစ်သည်။

အနာဂတ် ပြုပြင်ပြောင်းလဲရေးအတွက် ခေါင်းဆောင်များကို ပြုစုပျိုးထောင်ခြင်း၊ ပြည်သူလူထုအား ကောင်းမွန်ပြည့်စုံသည့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးခြင်း၊ တက်သစ်စခေါင်းဆောင်များကို မွေးထုတ်ပေးခြင်းပင် ဖြစ်သည်။

နိုင်ငံများ၏ အနာဂတ်သည် လူငယ်မျိုးဆက်သစ်များ၏ ပစ္စုပ္ပန်ကာလ လေ့လာသင်ယူမှုများနှင့် ဆက်စပ်လျက်ရှိပါသည်။ နိုင်ငံတော်တည်ဆောက်ရေး မဟာဗျူဟာနှင့် ဆက်စပ်လျက်ရှိနေပါ၍ နိုင်ငံတော်တည်ဆောက်ရေး မဟာဗျူဟာနှင့် မျှော်မှန်းချက်များ ချမှတ်ရာတွင်လည်း လူငယ်မျိုးဆက်သစ်တို့၏ အနာဂတ်မျှော်မှန်းချက်များနှင့် ဆက်စပ်လျက် ချမှတ်ရမည် ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များသည် နိုင်ငံတော်၏ ကြီးမားသော စွမ်းအားအရင်းအမြစ်ဖြစ်သည်။ (၂၁) ရာစု အသိပညာစိန်ခေါ်မှုများကို အသိပညာ၊ လူ့အဖွဲ့အစည်းဖြင့် ရင်ဆိုင်ကျော်လွှားရမည်။ သို့ဖြစ်၍ မျိုးဆက်သစ်လူငယ်များသည် မိမိကိုယ်ကို ယုံကြည်မှု၊ မိမိကိုယ်ကို အားကိုးအားထားပြုမှုမှုများရှိနေစေရန် မပြတ်မလပ်သော လေ့လာဆည်းပူးခြင်းဖြင့် ကြုံတွေ့လာနိုင်သည့် အရာရာအတွက် အဆင်သင့်ဖြစ်ရပေမည်။

ယခုအချိန်တွင် မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာခြင်းနှင့်အတူ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားများကို ဖော်ဆောင်လာနိုင်ပြီဖြစ်သည်။ ဤအခွင့်အရေးကို အမိအရ ဆွဲကိုင်ထားပြီး နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည့် အခွင့်အခါကောင်းရရှိနေပြီဖြစ်သည်။ ဒီမိုကရေစီ ၂၀၃၀ သို့ မျှော်မှန်းနိုင်ပြီဖြစ်၍ ယခုအချိန်ကစပြီး နိုင်ငံသူ နိုင်ငံသားတို့၏ အကျိုးအတွက် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးနယ်ပယ်အသီးသီးတို့တွင် အားလုံးပူးပေါင်းပါဝင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း။

***ဆက်လက်ဖော်ပြပါမည်***

**စာမျက်နှာ ၁၆ မှ**

သမိုင်းကြောင်းတောင်းဆိုမှုနှင့် နိုင်ငံခေါင်းဆောင် အလှည့်အပြောင်းကြောင့် ၃၁. ၈. ၂၀၁၆ မှ ၃. ၉-. ၂၀၁၆ နေ့ထိ ကျင်းပနိုင်ခဲ့သော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၏ ကောင်းမွန်သော အစပျိုးရလဒ်ကြောင့် တည်ငြိမ်အေးချမ်းမှုဖြစ်လာသည်နှင့်အညီ မြန်မာ့ဒီမိုကရေစီရောင်နီ ပိုမိုတောက်ပလာပြီးတော့ ဖွံ့ဖြိုးတိုးတက်ခြင်းအသီးအပွင့်များလည်း ရရှိလာနိုင်တော့မယ်လို့ ကိုးစားမျှော်လင့်လျက်ရှိသည်နှင့်အညီ စည်းလုံးညီညွတ်သော၊ မှန်ကန်မျှတသောမူဝါဒနှင့်အတူ ပြည်ထောင်စုဖွား တိုင်းရင်းသားများနှင့် နိုင်ငံသူ နိုင်ငံသားများအားလုံး ကြီးသည်၊ ငယ်သည် မခွဲခြားဘဲ မျှတသော အပေးအယူ၊ အပြန်အလှန်လေးစားမှုကို လက်ကိုင်ထားကြမယ်ဆိုရင်တော့ အကောင်းဆုံးအနာဂတ်ကို ဆုပ်ကိုင်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီအနေနဲ့ မှန်ကန်မျှတသောအမြင်၊ ကျင့်ကြံလေးစားမှုနှင့် ကြိုးစားအားထုတ်မှုတို့ကို လက်ကိုင်ထားပြီး ပြည်ထောင်စုဖွားလူမျိုးများနှင့်အတူ ခိုင်မြဲသောတွဲလက်ဖြင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမှသည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ၏ "အားလုံးပါဝင်စို့ ဒီမိုကရေစီ ၂၀၃၀ သို့" ဆောင်ပုဒ်နှင့်အတူ စည်းလုံးညီညွတ်သောအားဖြင့် တက်ကြွစွာပါဝင်ကြိုးပမ်းသွားမည်ဖြစ်ပါသည်။

# ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် Community Learning Center ဖွင့်ပွဲနှင့် တောင်သူပညာပေးပွဲ ကျင်းပ

**ဒိုက်ဦး စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ တောင်သူပညာပေးစခန်း၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနတွင် Community Learning Center ဖွင့်ပွဲနှင့် တောင်သူပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁၆ ရက်က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) တောင်သူနည်းပညာပေးအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်စန်းစန်းရီနှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်အောင်၊ ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ ပဲခူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလေးမြင့်၊ ဒိုက်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးသောင်းကြိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် စိုက်ပျိုးရေးစိတ်ဝင်စားသော ဒေသခံပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးခရိုင် စိုက်ပျိုးရေးဦးစီးမှူး(ရုံးချုပ်) စိုက်ပျိုးပညာပေးအဖွဲ့ဝင်များအား တစ်ဦးချင်း မိတ်ဆက်ပေးပြီး တောင်သူနည်းပညာပေးအဖွဲ့ခေါင်းဆောင် ဦးဆောင်ကာ ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး တောင်သူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# ရေဘေးသင့်ပြည်သူများအတွက် "ဟို"မျိုးနွယ်ဘုံကျောင်း(ရန်ကုန်)မှ သိန်း ၅၀ လာရောက်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁၈**

လက်ရှိဖြစ်ပေါ်နေသော ရေဘေးသင့်ဒေသများတွင် လူမှုကရုဏာလုပ်ငန်းများကို ကူညီဆောင်ရွက်နိုင်ရန်အတွက် စက်တင်ဘာ ၉ ရက် နံနက် ၁၀ နာရီခွဲတွင် "ဟို"မျိုးနွယ်ဘုံကျောင်းမှ ဥက္ကဋ္ဌ ဦးဝင်းညွန့် ဦးဆောင်သော အဖွဲ့ဝင်များသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ ငွေကျပ်သိန်း ၅၀ လာရောက်လှူဒါန်းခဲ့သည်။

အလှူရှင်တစ်ဦးက အမှန်တကယ် ဘေးဒုက္ခရောက်နေသူများထံသို့ လူမှုကရုဏာအကူအညီများရောက်အောင် မြန်မာနိုင်ငံကြက်ခြေနီအသင်းက လုပ်ဆောင်နေသည်များကို ကြားသိရသောကြောင့် လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အချိန်ပြည့်အမှုဆောင် ဒေါက်တာအမရာမော်နိုင်၊ အချိန်ပြည့်အမှုဆောင် ဦးကင်ဘွိုင်း၊ ဒုတိယအထွေထွေအတွင်းရေးမှူး ဒေါ်ရွှေစင်မြင့်၊ ဘဏ္ဍာရေးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်မြင့်၊ ဘေးဒုက္ခစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်တို့က အလှူငွေများကို လက်ခံခဲ့ပြီး အလှူရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

အချိန်ပြည့် အမှုဆောင်ဒေါက်တာအမရာမော်နိုင်က "ယခုလို လာရောက်လှူဒါန်းပေးတဲ့အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကျေးဇူးအများကြီးတင်ပါတယ်။ အလှူငွေများကို အမှန်တကယ်လိုအပ်နေတဲ့ ပြည်သူတွေဆီ အကျိုးရှိရှိရောက်အောင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

အချိန်ပြည့်အမှုဆောင် ဦးကင်ဘွိုင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အလှူရှင်များ လှူဒါန်းသော အလှူငွေများကို စနစ်တကျ အသုံးပြုကြောင်းနှင့် တစ်နှစ်တစ်ကြိမ် ပြင်ပစာရင်းစစ်အဖွဲ့များမှလည်း ပုံမှန်လာရောက်စစ်ဆေးပေးသည့် အလှူငွေသုံးစွဲရေးနှင့် ပတ်သက်သည်များကို ပြောကြားခဲ့သည်။

ဘေးဒုက္ခစီမံခန့်ခွဲမှုဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်က ဘေးအန္တရာယ်တစ်ခု ဖြစ်နိုင်ခြေရှိလာပါက ဒေသဆိုင်ရာ ကြက်ခြေနီစေတနာလုပ်အားရှင်များက ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးအတွက် အများပြည်သူအား အသိပေးနှိုးဆော်ကြောင်း၊ ဘေးအန္တရာယ်ကျရောက်လာပါကလည်း အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြပြီး ဘေးအန္တရာယ်ဖြစ်ပွားပြီးပါက ရှေးဦးပြုစုပေးခြင်း၊ လိုအပ်ချက်များကို ဆန်းစစ်လေ့လာခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ သတင်းအချက်အလက် ကောက်ယူခြင်းစသည့် တုံ့ပြန်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေပါကြောင်းနှင့် ယခုနောက်ပိုင်းတွင် Software ပိုင်းသာမက ရေထိန်းနံရံများ တည်ဆောက်ပေးခြင်း အစရှိသော Hardware ပိုင်းကိုပါ ထည့်သွင်းအကောင်အထည်ဖော်လာပြီဖြစ်ကြောင်းနှင့် ယခုနှစ် ရေဘေးတွင် ကြက်ခြေနီစေတနာလုပ်အားရှင်များက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဘေးအန္တရာယ်တုံ့ပြန်ခြင်း ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

**(ကြေးမုံ)**



# ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေး

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၈**
မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်းတစ်ထောင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အသိပေးရှင်းလင်းပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စကားဝါ မြေခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုဆောင်ရွက်မည့် လွှတ်တော်ရန်ပုံငွေ သိန်း ၁၀၀၀ မှာ ဘယ်ပါတီ ဘယ်အဖွဲ့အစည်းကမှ ထောက်ပံ့သည့်ငွေမဟုတ်ဘဲ မိမိတို့ပြည်သူများ၏ ချွေးနဲ့စာများသာဖြစ်ကြောင်း၊ သို့ဖြစ်၍ လိုအပ်သည့်နေရာများတွင် အမှန်တကယ် အကျိုးရှိရှိသုံးစွဲသွားကြရမှာဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ ကျေးရွာအလိုက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိကြမည့် ကျေးရွာများနှင့်လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး လုပ်ငန်းဆောင်ရွက်ရမည့် နည်းလမ်းများနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းရမည့်လုပ်ငန်းများကို ရှင်းလင်းဟောပြော ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ကျောက်ပန်းတောင်းမြို့နယ်တွင် ရေရရှိရေးလုပ်ငန်းရှစ်ခု၊ ကျေးလက်ဖွံ့ဖြိုးရေး၊ လမ်း၊ တံတားလုပ်ငန်း ၂၀ ခုတို့ကို ၂၀၁၇ ခုနှစ် မတ်လအတွင်း အပြီးဆောင်ရွက်သွားရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး(သို့မဟုတ်) ကျေးရွာတာဝန်ခံမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ တစ်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တစ်ဦး၊ ရပ်မိရပ်ဖတစ်ဦးနှင့် ဆယ်အိမ်စုမှူးတစ်ဦး စုစုပေါင်း ငါးဦးပါဝင်သော ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးသို့ ကျောက်ပန်းတောင်းမြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ်အမှတ်(၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်နှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**ဒီးမော့ဆို စက်တင်ဘာ ၁၈**
၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ငွေတောင်ကျောင်းတိုက်အတွင်း စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး အောင်မင်း၊ ဒုရဲမှူးစိုးမိုးနိုင် ဦးစီးတပ်ဖွဲ့ဝင် ၄၀ တို့က ငွေတောင်ကျောင်းတိုက်အတွင်းရှိ ချုံနွယ်များ၊ ပေါင်းမြက်များနှင့် အမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အသက် ၁၀၀ ပြည့်ပြီးသော သက်ကြီးဝါကြီးများအား ပစ္စည်းများထောက်ပံ့လှူဒါန်း

**ကနီ စက်တင်ဘာ ၁၈**
အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန် နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးဆောင်သော ရာဇသင်္ဂဟဖောင်ဒေးရှင်းမှ အသက် ၁၀၀ ပြည့်ပြီးသူများအား ဂုဏ်ပြုခံ ဂုဏ်ပြုထောက်ပံ့ပေးလျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကျော်ရွာကျေးရွာအုပ်စု ကျွဲတက်ကျေးရွာတွင် ၂၀၁၆ ခုနှစ် ဩဂုတ် ၂၅ ရက်က အသက် ၁၀၀ ပြည့်ခဲ့ပြီးသော အဘိုးဦးသိန်းဟန်အား ရာဇသင်္ဂဟဖောင်ဒေးရှင်းမှ ဂုဏ်ပြုလှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အဘိုးဦးသိန်းဟန်အား ရာဇသင်္ဂဟဖောင်ဒေးရှင်းမှ ဂုဏ်ပြုထောက်ပံ့ပေးသော ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ငွေကျပ်နှစ်သိန်း၊ ခရိုင်နှင့် မြို့နယ်ပြည်ခိုင်ဖြိုးပါတီမှ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများကို စက်တင်ဘာ ၁၆ ရက်က ခရိုင်ပြည်ခိုင်ဖြိုးပါတီဥက္ကဋ္ဌ ဦးကျော်ဝင်း၊ မြို့နယ်ပါတီနာယကများ၊ ပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းရာဇသင်္ဂဟဖောင်ဒေးရှင်းမှ ယင်းမာပင်ခရိုင်အတွင်းမှ အသက် ၁၀၀ ပြည့် အဘိုးအဘွားခြောက်ဦးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ဆက်လက်နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းပြုလျက် ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့ပေးအပ်ခဲ့သည်။ **သန်းဌွေအောင်(ကနီ)**

## စားသုံးရန်မသင့်သော စာသင်ကျောင်းဈေးတန်းအစားအသောက်များဆိုင်ရာ တွန်းဇံမြို့တွင် အသိပညာပေးဟောပြော

**တွန်းဇန် စက်တင်ဘာ ၁၈**
ချင်းပြည်နယ် တွန်းဇန်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စားသုံးရန်မသင့်သော စာသင်ကျောင်းဈေးတန်း အစားအသောက်များဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲ ၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်စိုးမိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထန်ရှန်းခိုင်က စားသုံးရန်မသင့်သော စာသင်ကျောင်းဈေးတန်း အစားအသောက်များဆိုင်ရာ သိကောင်းစရာများ မြို့နယ်သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးက စာသင်ကျောင်းဈေးတန်းရှိ အစားအသောက်များမှ သွားနှင့်ပတ်သက်သော အန္တရာယ်ဖြစ်စေမှုဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဟောပြောပြီးနောက် ကျောင်းကျန်းမာရေးကြီးကြပ်မှု ကော်မတီဝင်များက စာသင်ကျောင်းအတွင်းရှိ ဈေးတန်းများနှင့် စာသင်ကျောင်းအနီးရှိ ဈေးဆိုင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ဝေဖြိုး(ပြန်/ဆက်)**

## သံဖြူလုပ်ငန်းလုပ်ကိုင်သူများ ကြက်မီးပုံးများကို တွဲဖက်လုပ်ကိုင်ရသည့်အတွက် လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ

**မန္တလေး စက်တင်ဘာ ၁၈**
မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ရှိ သံဖြူလုပ်ငန်းများမှာ ကြက်မွေးမြူရေးခြံများနှင့် ဆက်စပ်ကာ ကြက်မီးအုပ်ဆောင်းများကို တွဲဖက်ပြုလုပ်သည့်အတွက် တစ်နှစ်ပတ်လုံး လုပ်ငန်းအဆင်ပြေလျက်ရှိသည်။ ကြက်မီးပုံးများမှာ ဆောင်းတွင်းပိုင်း ကြက်မွေးမြူရေးလုပ်ငန်းတွင် ကြက်မီးကိုင်ပုံးများကို အဓိကအသုံးပြုကြသည်။ ကုန်ကြမ်းအဖြစ် သံပြား၊ သွပ်ပြားများကို သွပ်အရောင်းဆိုင်ကြီးများမှ သွပ်ဖြတ်တိုများကိုလည်း ဝယ်ယူအသုံးပြုကြသည်။



ကြက်မီးပုံးတစ်ပုံးလျှင် မွေးမြူရေးကုမ္ပဏီသို့ ဖောက်သည်သွင်းသည့်ဈေးနှုန်းမှာ တစ်ပုံးလျှင် ငွေကျပ် ၃၅၀၀ ကျပ်ဖြင့် ဖောက်သည်သွင်းကြသည်။ ကြက်မီးပုံများကို မွေးမြူရေးကုမ္ပဏီများမှ လိုအပ်သည့်အချိန်မှာ ယူသည့်အတွက် မီးပုံးများကို ကြိုတင်ပြုလုပ်ပေးထားရသည်။ ကိုယ်ပိုင်လုပ်ငန်းဖြစ်သည့်အတွက် လူနည်းနည်းဖြင့် တစ်နှစ်ပတ်လုံး လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လူသုံးယောက်လုပ်ပါက ကြက်မီးပုံး ၃၅ လုံးအထိ ပြီးစီးသည်။ ကြက်မီးပုံးပြုလုပ်မှုမှာ အပေါက်ဖောက်ခြင်း၊ ကိုင်းတပ်ခြင်း အဖုံးတပ်ခြင်း၊ ပုံးခွေခြင်း၊ သွပ်ကြိုးထည့်ခြင်းများဖြင့် လက်ဝင်လှသည်။ ကြက်မီးပုံးတစ်လုံးလျှင် အနည်းဆုံးအပေါက် ၃၅၃ ပေါက်အထိ ဖောက်ပေးရသည်။

လက်ရှိကာလတွင် ကရားအိုးများနှင့် အခြားပစ္စည်းများကိုပါ တစ်နှစ်ပတ်လုံး တွင်ကျယ်စွာ ပြုလုပ်ရောင်းချကြသည်။ ကရားအိုးရှစ်လက်မအိုးတစ်လုံးလျှင် ငွေကျပ် ၃၅၀၀၊ ရေပန်းတစ်စုံနှင့် ဆယ်ဝင်ပုံး တစ်စုံလျှင် ငွေကျပ်ရှစ်ထောင်၊ ရှစ်ပိဿာဝင်ပုံးရေပန်းတစ်စုံလျှင် ငွေကျပ် ၇၀၀၀ ဖြင့် ရောင်းချသည်။ ခရားနှင့် ရေပန်းပုံးများမှာ သွပ်အထူအပါးအလိုက် ဈေးနှုန်းအပြောင်းအလဲရှိသည်။ အများအားဖြင့် သံသေတ္တာကိုလည်း တွင်ကျယ်စွာ ပြုလုပ်ရောင်းချရာ သံသေတ္တာအကြီးအထူတစ်လုံးလျှင် ငွေကျပ် ၂၅၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိသည်။

သံဖြူလုပ်ငန်းလုပ်ကိုင်သူများသည် သံပြားကုန်ကြမ်းကို တစ်နှစ်စာအတွက် ဝယ်ယူစုဆောင်းကာ အိမ်တွင်းမှုကုန်ပစ္စည်းများကို ပြုလုပ်ရောင်းချကြသည်။ အခြေခံ အိမ်သုံးပစ္စည်းများဖြစ်သည့် ရေပုံး၊ ရေနွေးအိုး၊ ပိဿာခွက်၊ စိုက်ပျိုးရေးသုံးရေပန်းပုံးများ၊ သံသေတ္တာမှအစ အခြားပစ္စည်းများကို အဓိကပြုလုပ်ရောင်းချကြသည်။ **တိမ်တမန်**

## ဆိပ်ဖြူမြို့နယ်ပညာရေးမှူးရုံးမှ ဦးစီးကျင်းပသည့် မြို့နယ်အဆင့် သင်္ချာအိုလံပစ်ပြိုင်ပွဲကျင်းပ

**ဆိပ်ဖြူ စက်တင်ဘာ ၁၈**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ပညာရေးမှူးရုံးမှ ဦးစီးကျင်းပသည့် မြို့နယ်အဆင့် သင်္ချာအိုလံပစ်ပြိုင်ပွဲကို စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းက အ. ထ. က (ဆိပ်ဖြူ) ၌ ပြုလုပ်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို မြို့နယ်အခြေခံပညာကျောင်းများမှ အဌမတန်းကျောင်းသား၊ ကျောင်းသူ ၄၇ ဦး၊ နဝမတန်း ကျောင်းသား၊ ကျောင်းသူ ၁၆ ဦး၊ ဒသမတန်းကျောင်းသား၊ ကျောင်းသူ ၁၉ ဦးတို့ ဖြေဆိုခဲ့ကြသည်။ ယင်းပြိုင်ပွဲကို ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာ သင်္ချာအိုလံပစ်ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်၍ နိုင်ငံ့ဂုဏ်ဆောင်နိုင်သော ကျောင်းသား၊ ကျောင်းသူများ ပေါ်ထွန်းလာစေရန် ၊ ကျောင်းသား၊ ကျောင်းသူများ သင်္ချာအတွေးအခေါ် တိုးတက်မြင့်မားလာစေရန်၊ သင်္ချာအဆင့်အတန်း မြင့်မားလာစေပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်္ချာဘာသာရပ်ကို အသုံးပြုလာတတ်စေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းဖြစ်ကာ ယခုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား အတန်းလိုက် ငါးဦးစီရွေးချယ်ကာ တိုင်းဒေသကြီးအဆင့်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်ကလည်း မူလတန်းအဆင့် တတိယတန်းနှင့် စတုတ္ထတန်း ကျောင်းသား၊ ကျောင်းသူများအား ပညာတန်ဆောင်အစီအစဉ်ဖြင့် ရုပ်ပုံပြ၍ ကလေးငယ်များ၏ အတွေးအခေါ်၊ အသိအမြင် တိုးတက်လာပြီး စာရေးစာဖတ်မြင့်မားလာစေရန် ရုပ်ပြစာစီစာကုံးပြိုင်ပွဲများကိုလည်း ပြုလုပ်ပေးခဲ့ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# မြိုင်ကြီးငူမှမျက်ရည်လွှမ်းသောမျက်ဝန်းများ

**ခဲ** သတင်းသမားတစ်ဦး

ဘားအံမြို့လေး၏ နံနက်ခင်းအလှသည် မမြင်ဘူးသည့် ပန်းချီကားတစ်ချပ်နှယ် မိုးလေးအုံ့အုံ့ဖြင့်လွန်စွာ လှပနေသည်ဟု စာဖွဲ့လိုက်ချင်သည်။ နံနက်စောစော နံနက်စာစားအပြီး တည်းခိုရိပ်သာမှ ဟိုမှသည် လမ်းလျှောက်ရင်း ဘားအံမြို့၏ အလှအပကို ခံစားနေမိသည်။ မိမိတည်းခိုရာ ကန်သာယာတည်းခိုရိပ်သာ၏ ဘေးတွင် ဘားအံမြို့၏ ကျက်သရေဆောင် မြကန်သာကန်နှင့် ဇွဲကပင်တောင်၊ ကျန်အင်းတောင်တို့၏ အလှအပသည် လွန်စွာပင် ပန်းရတင့်တယ်လှပေသည်။ လွန်လေခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဒီမြို့လေးကို တာဝန်ဖြင့် ရောက်ဖူးခဲ့သော်လည်း ယခုအခြေအနေနှင့်များစွာကွာခြားနေပြီဖြစ်သည်။

ယမန်နေ့ည ၁၀နာရီခွဲမှာ ဘားအံမြို့ကိုရောက်သည်။ မြို့ထဲစဝင်လိုက်သည်နှင့် တိတ်ဆိတ်ငြိမ်သက်မှုကို ခံစားလိုက်ရသည်။ တစ်မြို့လုံးသည် တိတ်ဆိတ်ငြိမ်သက်နေလေသည်။ အချိန်ကား ၁၀နာရီခွဲသာ ရှိသေးသော်လည်း လမ်းမကြီးဘေးရှိစားသောက်ဆိုင်လေးများမှလွဲ၍ အိမ်တိုင်းလိုလိုသည် မီးမှိတ်တိတ်ဆိပ်ငြိမ်သက်လျက်ရှိနေသည်။ ဘားအံမြို့နှင့် မဝေးလှသောကရင်ပြည်နယ်မဲသဝေါဒေသတွင် စက်တင်ဘာ ၂ ရက်ကစ၍ တိုက်ပွဲများဖြစ်ပွားနေသည်မှာစ ရက်သတ္တနှစ်ပတ်ရှိခဲ့ပြီးဖြစ်သည်။ ယခုကဲ့သို့ တိုက်ပွဲများဖြစ်ပွားမှုကြောင့် မဲသဝေါဒေသခံကျေးရွာသား ၃၈၀၀ ကျော်သည် စစ်ဘေးလွတ်ရာ မြိုင်ကြီးငူဒေသဘက်သို့ ထွက်ပြေးတိမ်းရှောင်နေရကြောင်း သိရှိရလေသည်။ လက်ရှိမြန်မာနိုင်ငံတွင် ၂၁ ရာစုပင်လုံညီလာခံခေါ် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ ကျင်းပပြီးစီးခဲ့သော်လည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်ဒေသများတွင် တိုက်ပွဲရပ်တန့်နိုင်ခြင်းမရှိသေးသဖြင့် တိုက်ပွဲတွေနဲ့အတူ ဒွန်တွဲပါလာသော စစ်ပြေးဒုက္ခသည်အရေးပြဿနာသည်လည်းအစိုးရသစ်အတွက် စိန်ခေါ်မှုတစ်ခုပမာ ဖြစ်နေလေသည်။

တပ်မတော်အနေဖြင့် နယ်မြေအကန့်အသတ်ဖြင့် ရှင်းလင်းခြင်းအပေါ်လည်း အချို့သော အဖွဲ့အစည်းများမှ မြေပြင်ဖြစ်စဉ်ဖြစ်ရပ်များကို မျက်ကွယ်ပြုလျက် NCA နှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု ကိုသော်လည်းကောင်း၊ ဒေသခံပြည်သူများ၏ ငြိမ်းချမ်းရေးဆိုင်ရာနားလည်မှုနှင့် ယုံကြည်မှုပျက်ပြားမှုကို စိုးရိမ်သည့်အနေဖြင့်သော်လည်းကောင်း သဘောထားအသီးသီး ထုတ်ပြန်နေကြကြောင်း တွေ့ရှိရသည်။ တပ်မတော်အနေဖြင့် NCA စာချုပ်ပါ အချက်အလက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်လျက်ရှိသည့်အပြင် မြိုင်ကြီးငူဆရာတော်ဦးစီးလျက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များကလည်း တိုက်ပွဲနယ်မြေအတွင်းမှ ခေတ္တတိမ်းရှောင်လာသည့် ပြည်သူ ၃၈၇၄ ဦးတို့အား မြိုင်ကြီးငူဒေသတွင် ခေတ္တနေရာချလျက် ဆေးဝါးကုသပေးခြင်း၊ ထောက်ပံ့ကူညီခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ကြေညာချက်များအရ သိရှိရသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံနောက်ဆုံးနေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အရင်တုန်းက ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေကို ပြန်လှည့်ကြည့်ပြီး အာဃာတတွေ ပွားနေမဲ့အစား၊ တစ်ဦးအပေါ်တစ်ဦး သံသယတွေ ပွားနေမဲ့အစား ကျန်တဲ့အချိန်အတွင်းမှာ ဘယ်လို ကောင်းမွန်တဲ့ အမွေအနှစ်တစ်ခုကို ချန်ထားခဲ့မလဲဆိုတာကို စဉ်းစားကြပါ" ဆိုပြီး ပြောကြားခဲ့တာကို နှလုံးသားနဲ့ မှတ်သားနေမိပါသည်။ ဆက်လက်ပြီး ဒေါ်အောင်ဆန်းစုကြည်က "အခုအချိန်မှာ အတိတ်ကို လှည့်ကြည့်နေတဲ့ ပုဂ္ဂိုလ်များဟာ နောင်တစ်ချိန်မှာ အနာဂတ်ဘက်ကို လှည့်သွားတာလဲ ဖြစ်နိုင်ပါတယ်။ ဖြစ်ဖို့လည်း ကျွန်မတို့ မျှော်လင့်ပါတယ်။ အတိတ်ရဲ့ ချည်နှောင်မှုကို ကျွန်မတို့က ခံနေမှာလား၊ အနာဂတ်ကို သတ္တိရှိရှိနဲ့ရင်ဆိုင်ပြီးတော့တည်ဆောက်သွားမှာလားဆိုတာကို ကျွန်မတို့ တစ်ဦးချင်းတစ်ဦးချင်း ဆုံးဖြတ်ရမဲ့ ကိစ္စ ဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်တစ်ခုဟာ အစုအဖွဲ့တစ်ခုအတွက်လည်း မဟုတ်ပါဘူး၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်လည်း မဟုတ်ပါဘူး၊ တိုင်းရင်းသားလူမျိုးစုတစ်ခုအတွက်လည်း မဟုတ်ပါဘူး၊ ကျွန်မတို့ ပြည်ထောင်စုကြီးအတွက် ဖြစ်တယ်ဆိုတာကို ကျွန်မတို့ သဘောပေါက်ဖို့လိုပါတယ်"ဟုလည်း ထပ်မံပြောကြားခဲ့ပါသည်။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ စကားတို့သည် မည်မျှရှင်းလင်းကြောင်း စာဖတ်သူများနှင့် စစ်ပွဲများကို ရင်ဆိုင်နေကြသူများ သိရှိခံစားနိုင်မည်ဟုလည်း အကြွင်းမဲ့ယုံကြည်မိပါသည်။



မိမိအနေဖြင့် ငယ်စဉ်က အဖြစ်အပျက်တစ်ခုကို သတိရနေပါသည်။ လွန်ခဲ့သော အနှစ်လေးဆယ်ကျော်ကဖြစ်သည်။ အိမ်ရှေ့ရှိ ဘုရားဝင်းထဲတွင် သူငယ်ချင်းတစ်ဦးနှင့် ဆော့ကစားနေစဉ် မိမိမွေးမြူထားသော ခွေးဂျက်ကီနှင့် သူငယ်ချင်းဖြစ်သူ၏ခွေးတို့ အသေအကြေကိုက်နေကြသည်ကို သူငယ်ချင်းနှစ်ယောက် လက်ခုပ်လက်ဝါးတီးကာ အားပေးနေခဲ့ကြသည်။ မိမိ၏စိတ်တွင် ဂျက်ကီကို နိုင်စေချင်သလို သူငယ်ချင်း၏ စိတ်တွင်လည်း သူ့ခွေးကို နိုင်စေချင်ပုံပေါ်နေသည်။ မကြာမီတွင်ဘုရား ဓမ္မာရုံထဲမှ လူကြီးတစ်ဦးထွက်လာပြီး ရေဖြင့်ပက်တော့မှ ရန်ပွဲပြီးသွားလေသည်။ ဂျက်ကီခမျာ ပေါင်တွင် သွေးများ ရွှဲနေလေသဖြင့် နာကျင်စွာလျှာဖြင့် လျက်နေသကဲ့သို့ အခြား ခွေးလေးမှာလဲ သူ့လက်မှ ဒဏ်ရာများကို လျှာဖြင့် လျက်နေလေသည်။ ခဏအကြာတွင် အဆိုပါလူကြီးသည် ပုလင်းတစ်လုံးဆွဲကာ ထွက်လာပြီးဂျက်ကီသာမက အခြားသောခွေးများအားလုံးကို ခေါ်ကာ သူ၏လက်ဖြင့် ထန်းလျက်များ ကျွေးကာ ပါးစပ်မှလည်း မင်းတို့ကောင်တွေ ရန်မဖြစ်ကြနဲ့ ကောင်းကောင်းနေကြဆိုပြီး သူ့စကားကို ခွေးများနားလည်သည့်အလား ဆုံးမနေလေသည်။ ဂျက်ကီတို့လည်း ရန်မဖြစ်ကြတော့ဘဲ ထန်းလျက်ကိုယ်စီ စားကာငြိမ်ကုပ်နေလေတော့သည်။ ထိုလူကြီးက မိမိတို့ရှိရာသို့ ရောက်လာပြီး "သားတို့ကလည်း ရန်တိုက်မပေးရဘူးလေ. . တစ်လမ်းတည်းနေကြတာပဲဟာ. . . ရန်တိုက်မပေးဘဲ ရအောင်ဖျန်ဖြေပေးပြီး သူတို့လေးတွေ သင့်မြတ်အောင်လုပ်ပေးလိုက်တော့ မကောင်းဘူးလား. . နောက်ဆို အဲ့ဒီလိုမလုပ်ကြနဲ့နော်. . . " ဟု ဆုံးမခဲ့သည်ကို မျက်ဝန်းတွင် စွဲထင်အမှတ်ရနေလေတော့သည်။ သို့သော်. . ထိုသူပြောသွားသည့် စကားများကို ကလေးဘဝက လေးလေးနက်နက် မစဉ်းစားမိခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။



ယခုအခြေအနေသည်ကား လူသားများ၏ ရန်ပွဲဖြစ်လေသည်။ လူသားများသည် အတိတ်တိရစ္ဆာန်များထက် တွေးခေါ်စဉ်းစား ချင့်ချိန်နိုင်စွမ်းများ ရှိပါလျက် ယခုကဲ့သို့ မိမိလူမျိုးအချင်းချင်း၊ မိမိ သွေးသားအချင်းချင်း၊ တိုက်ခိုက်နေခြင်းသည်ကား တိုက်ခိုက်နေသူများ အတွက်သာမကပါ ပတ်ဝန်းကျင် လောက တစ်ခုလုံးကို သောကပွေစေခဲ့သည်ကား အမှန်ပင်ဖြစ်လေတော့သည်။

ယခုလည်း မဲသဝေါစစ်ရှောင်ပြည်သူထောင်နှင့်ချီပြီး မြိုင်ကြီးငူဒေသတွင် လာရောက်ခိုလှုံနေကြသည်ဟူသော သတင်းကြောင့် မိမိ၏ ကားဆရာနှင့်အတူ သတင်းရယူရန် ထွက်ခွာခဲ့ကြခြင်းဖြစ်လေသည်။ နံနက် ၉ နာရီခန့်တွင် မြိုင်ကြီးငူဘက်သို့ ထွက်ခွာခဲ့လေသည်။ ထိုဒေသသည်ကား မြိုင်ကြီးငူဆရာတော်၏ စောင့်ရှောက်မှုများဖြင့် အေးချမ်းလျက်ရှိကြောင်းသိရသဖြင့် စိတ်လက်ပေ့ါပါးစွာ ထွက်ခွာလာခဲ့ခြင်းဖြစ် လေသည်။ ထွက်ခွာရာလမ်းတစ်လျှောက်မှာ အေးချမ်းမှု အတိပြီးသော ရုပ်ဝတ္ထုတို့ကို ကြည်နူးစွာ တွေ့မြင်ရသည်။ စိမ်းလန်းသောတောတောင်ရှုခင်းများသည် ပကတိအေးချမ်းမှုများကို သရုပ်ဖော်နေပေသည်။ လမ်းဝဲယာမှ စပါးပင်ပျိုစိမ်းစိမ်းတို့သည် အေးမြခြင်းသရုပ်ကို ဖော်ပြနေလေသည်။ ကရင်ပြည်နယ်၏ ပြယုဂ်ဖြစ်သော တောင်စွယ်တောင်ချွန်းများသည် ခတ်ပုံရိုက်၍ မပြီးချင်လောက်အောင် ဆွဲဆောင်နေပေသည်။ အဆိုပါ အလှတရားများကို ဖယ်ရှားဖုန်းလွှမ်းလိုက်သည့်အရာသည်ကား အကျဉ်းတန် အရုပ်ဆိုးလှသောစစ်ပွဲ၏ နောက်ဆက်တွဲ ဆိုးကျိုးအနိဋ္ဌာရုံများဖြစ်သည့် စစ်ရှောင်ဒုက္ခသည်များပင်လျှင် ဖြစ်ပေတော့သည်။

မိမိပထမဆုံးရောက်သည့်နေရာသည် ဒေသအခေါ် ကျောက်စာကွင်းဖြစ်သည်။ ထိုနေရာသည် ဆရာတော်ကြီး၏ ဦးဆောင်လမ်းညွှန်မှုများဖြင့် ကရင်ဘာသာပြန် ပိဋကတ်တော်များကို ကျောက်စာအဖြစ် ထွင်းထုပူဇော်ရာနေရာလည်းဖြစ်ကြောင်း ဒေသခံတို့က ဆိုသည်။ အဆိုပါနေရာတွင် စစ်ရှောင်ဒုက္ခသည် ပြည်သူထောင်ကျော်သည် အိုးပစ်အိမ်ပစ် ရောက်ရှိနေကြရလေသည်။ ကျောင်းနေအရွယ် ကလေးများကို မြိုင်ကြီးငူဒေသမှ ဆရာမလေး ၁၀ ဦးက သူ့အတန်းနှင့် သူစနစ်တကျ စာသင်ပေးနေသည်ကို ကြည်နူးဖွယ်တွေ့မြင်ရသည်။ မည်သို့ပင် စစ်ဘေးဒုက္ခရှိစေကာမူ ကလေးငယ်များ၏ ပညာရေးလစ်ဟင်းသွားမည်ကို ယခုကဲ့သို့ စေတနာမေတ္တာများဖြင့် သင်ကြားပေးနေမှုအပေါ် မုဒိတာပွားလိုက်မိပါသည်။

"ဒီကလေးတွေက မဲသဝေါဒေသဘက်ကလာတဲ့ ကလေးတွေလဲရှိသလို ကျုံထော်ကလာတဲ့ ကလေးတွေလဲရှိပါတယ်။ ကျုံမကလဲရှိတယ်၊ ဟိုးယင်းပန်းကလည်း ရှိတယ်။ မနေ့ကအထိတော့ အားလုံးကလေးငယ် ၁၂၀ လောက်ရှိပါတယ်။ ဒါပေမဲ့ ဒီနေ့ နောက်ထပ်အများကြီး တိုးလာပါတယ်။ အရေအတွက်တော့ အတိအကျ မသိရသေးပါဘူး။ ဒီနေ့ဆို ဒီမှာ သင်ပေးနေတာ ၅ ရက်ရှိပါပြီ၊ ကလေးတွေရဲ့ မိဘတွေကလည်း ကွင်းထဲမှာဘဲ နေကြပါတယ်။ ကျွန်မက မြိုင်ကြီးငူဒေသကပါ။ ဒါပေမဲ့ တာဝန်ကျတာကတော့ ကျုံထော်မှာပါ၊ ကျွန်မတို့ဆရာမအားလုံး၁၀ယောက်ရှိပါတယ်။" ဟု အ-မ-က-ယင်းပန်း-ကျုံထော်မှ မူလတန်းပြဆရာ ဒေါ်သူဇာက ရှင်းပြသည်။

မိမိလည်း ဒေသခံများ၏ ခံစားချက်များကို သိလိုသဖြင့် ဒေသခံများကို စူးစမ်းမေးမြန်းကြည့်သေးသည်။ သို့သော် အားလုံးနီးပါးမှျသည် မြန်မာစကားကို လိပ်ပတ်လည်အောင် မပြောတတ်ကြသဖြင့် အခက်တွေ့လေတော့သည်။ ကျောက်စာပြားများကို မိမိ၏ အိပ်ရာသဖွယ် အခင်းခင်းကာ အနားယူနေကြသော စစ်ရှောင်ဒုက္ခသည်များကို ကြည့်ရင်း စိတ်တွင် လွန်စွာပင် ဝမ်းနည်းလာလေသည်။ ညဘက် ခြင်ကိုက်လေမလား၊ စောင်ရော လုံလောက်ရဲ့လား ၊ သောက်ရေရော ရှိရဲ့လား၊ ကျန်းမာရေးအတွက် ကျင်ကြီးကျင်ငယ်စွန့်ဘို့ရော အဆင်ပြေကြပ့ါမလား. . စသည် စသည်ဖြင့် အတွေးများက ချာချာလည်လေတော့သည်။

မကြာခင် ကရင်ပြည်နယ်ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်၊ ပြည်နယ်ဝန်ကြီးများနှင့် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ အလှူရှင်များရောက်ရှိလာကာ စစ်ရှောင်ပြည်သူများကို အစားအသောက်များ၊ အဝတ်အထည်များ ပေးအပ်လှူဒါန်းလေသည်။ တိုင်းရင်းသား ပြည်သူများ၏ မျက်ဝန်းများတွင်မူကား အားငယ်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်းပုံရိပ်များ ဖုံးလွှမ်းနေသည်ကို တွေ့ရလေသည်။ ဝန်ကြီးချုပ်နှင့် အလှူရှင်များ ပေးလှူသော အစားအသောက်များကို ကြေကွဲစွာဖြင့်လည်းကောင်း လက်အုပ်ချီမိုးတုံ့ပြန်၍လည်းကောင်း လက်ခံရယူနေကြသည်ကို မှတ်တမ်းတင်ရင်းမိမိရင်တွင် ဆို့နစ်စွာခံစားလာရလေသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာသွားရာ မိမိတို့လည်း နောက်မှ လိုက်ခဲ့လေသည်။ ထိုနေ့ရာသည်ကား ဆရာတော်ကြီး၏ မြတ်ပန်းဝတ်မှုံခန်းမဆောင်ဟု သိရသည်။ ယင်းနေရာတွင် စစ်ရှောင်ပြည်သူတော်တော်များများကို တွေ့ရလေသည်။ မုခ်ဦးကို စတင်ဝင်လိုက်သည်နှင့် လက်ယာဘက်ရှိ အဆောင်တစ်ဆောင်တွင် အဖြူရောင်မီးအိမ် ပညာရေးအထောက်အကူပြု ပရဟိတအသင်းက စစ်ရှောင်ပြည်သူများကို ကြီးငယ် ယုတ်လတ်အမြတ်မရွေး ဆံပင်ညှပ်ပေးနေသည်ကို တွေ့ရသည်။ ယင်းအဆောင်တွင်ပင် မူကြိုအရွယ် ကလေးငယ်များကို ဆရာမလေးများက ကစားစရာလေးများဖြင့် ထိန်းကျောင်းနေသည်ကို တွေ့ရသည်။ ထိုမှဆက်၍ အဆောင်များတွင် ထမင်းချက်သူကချက်၊ ဟိုသည်သွားသူကသွားဖြင့် ပျားပန်းခပ်မျှ စည်ကားနေလေသည်။

မကြာမီတွင် ဝန်ကြီးချုပ်က ပြည်သူများကို အားပေးစကားပြောကြားပြီး ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းက ပြည်သူများကို အစားအသောက်နှင့်အကျီင်္များ လာရောက်လှူဒါန်းတာဖြစ်ကြောင်း၊ အားမငယ်ကြစေလိုကြောင်း၊ မိမိတို့လည်း အဖက်ဖက်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ လှူဒါန်းသော ခေါက်ဆွဲခြောက်များ၊ အနွေးထည်အကျီင်္အထည် ၃၀၀၀၊ ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသော ဆန်၊ သက်သတ်လွတ်အစားအသောက်များ၊ ပဲများ၊ ကလေးကစားစရာ များ အဝတ်အထည်များကို အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့်အတူ ပြည်သူများထံ ပေးအပ်လှူဒါန်းကြလေသည်။ အခြားသော ပရဟိတအသင်းအဖွဲ့များ၏ လှူဒါန်းမှုများကိုလည်း မှတ်တမ်းတင်နိုင်ခဲ့လေသည်။ သို့သော် မည်မျှကြာအောင် လှူဒါန်းနိုင်ကြမည်နည်း၊ မည်သည့်ကာလအထိတိုင်အောင် ပြည်သူတွေကို ပံ့ပိုးနိုင်ကြမည်နည်းဆိုသည်ကား မည်သူမှသိနိုင်မည်ဟု မထင်မိပါချေ။

ကရင်တိုင်းရင်းသားတစ်ဦးက မြန်မာစကား မပီတပီဖြင့် မပျော်ဘူး အိမ်ပြန်ချင်တယ်ဟု ရင်ဖွင့်လာသည်။ အိမ်မှာ ကျွဲတွေနွားတွေ ကျန်ခဲ့တယ်။ ပြန်လဲ မယူရဲဘူး။ စိတ်လဲမချဘူးဟု ကရင်သံဝဲဝဲကို မျက်ရည်ဝဲဝဲဖြင့် ဆိုလေသည်။ ကျွန်တော့်သမီးလေးက ခုမှ နှစ်လပဲ ရှိသေးတယ်။ မိသားစု ငါးယောက်လုံး ဒီမှာလာနေရတယ်။ အိမ်ပဲ ပြန်ချင်တယ်ဗျာဟု ကြေကွဲစွာဆိုလာသည်။

စစ်ပွဲရှောင်ပြည်သူများသည် ကရင်တိုင်းရင်းသားပြည်သူများပင်ဖြစ်လေသည်။ ၉၀ ရာခိုင်နှုန်းခန့်သည်၊ မြန်မာစကားကိုပင် ရေလည်အောင် မပြောနိုင်ကြချေ၊ အလှူများ လက်ခံရယူသည့် အချိန်တွင် လက်ခုပ်သာတီးနေကြသော်လည်း မျက်ဝန်းများသည် ပြုံတော့မည့် မိုးနှယ် မှိုင်းညို့နေကြလေသည်။ သူတို့၏ အနာဂတ်ကို သူတို့ကိုယ်တိုင်သော်လည်းကောင်း၊ အခြားမည်သူတစ်ဦးမျှသော်လည်းကောင်း ဖန်တီးဆုံးဖြတ်ပေးနိုင်မည် မဟုတ်ချေ. . ။ သို့သော်. . . သူတို့၏ အနာဂတ်ကို ဆုံးဖြတ်ပေးနိုင်မည့် အရာသည် စစ်ပွဲများ ချုပ်ငြိမ်းမှုသာလျှင်ဖြစ်ချေလိမ့်မည်။ မိမိ၏ အပြန်ခရီးသည် စစ်ရှောင်ပြည်သူများနည်းတူ မျက်ဝန်းအိမ်တွင် မှိုင်းမို့လျက် နေပေတော့သည်။

အိမ်ရှင်တိုင်းစိတ်ချမ်းသာစေရမည်

# ပါကေးဦးထွန်းမိသားစု

## မွေးနေ့ရှင်၏ ဆုတောင်း

ကျွန်တော်တို့ကို အစဉ်တစိုက် ယုံကြည်စွာ အားပေးအလုပ်အပ်နှံကြသော
မြန်မာနိုင်ငံတစ်ဝန်းရှိ "ကျွန်းပါကေး" ချစ်သူ မိဘပြည်သူများနှင့် မိတ်ဟောင်းမိတ်သစ်များအားလုံး
ကျွန်တော်၏ "၁၃၇၈၊ တော်သလင်းလဆုတ်(၃)ရက်" မွေးနေ့မှသည်
ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကောင်းကျိုးလိုရာဆန္ဒပြည့်ဝပြီး
စီးပွားဥစ္စာများ ဆထက်ပွား တိုးတက်ပါစေကြောင်း "ပါကေးဦးထွန်းမိသားစု" မှ
လှိုက်လှဲစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။



ပါကေးမှာဆရာလေးဦးညွန့်ဖုန်း(၀၉-၅၀၀၄၀၃၆)
Tel: 01-229547, 0951 30155, 0951 25253, 09788 299655

ဆိုင်-နေ့ကလေးထိန်းကျောင်းဝင်း(အလုံမီးသတ်အနီး)၊ကမ်းနားလမ်း၊အလုံ၊ရန်ကုန်မြို့။ စက်ရုံ-၄၇၂၊ပတ္တမြားလမ်း၊စက်မှုဇုန်အပိုင်း(၅)၊လှိုင်သာယာ၊ရန်ကုန်မြို့။

(၁) နမော သတ္တန္နံ သမ္မာ သမ္ဗုဒ္ဓါနံ။
(၂) သုခိနော၀ ခေမိနော ဟောန္တု သဗ္ဗသတ္တာ
ဘ၀န္တု သုခိတတ္တာ။
(၃) အဌာနမေတံ ဘိက္ခဝေ အန၀ကာ သောယံ ပစ္ဆပက္ကမေန
တထာဂတံဇီဝိတာ ဝေါရော ပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

**အိပ်ရာဝင်-အိပ်ရာထ ရွတ်ပါ။**

**လက်တွေ့အကျိုးထူးရပါလိမ့်မည်။**

၁။ ပါတိက ၀ဂ္ဂပါဠိတော် စာမျက်နှာ (၁၅၉)၊ စူဠ၀ဂ္ဂပါဠိတော် (နှာ) ၂၄၅၊ ဇာတက ပါဠိတော်(နှာ)၊ ပ-၅၃-၅၄ အင်္ဂုတ္တိုရ်ပါဠိတော် (နှာ) ပ-၃၈၄
၂။ သုတ္တနိပါဠိတော် (နှာ)-၃၀၁
၃။ စူဠ၀ဂ္ဂပါဠိတော် (နှာ)၃၅၇။ တမာခါးကျောင်း၊ ကျမ်းပြုအကျော်-ဆရာတော် ဦးပရမကျောင်း ၌သရောက်ပုဂံ
- ဘုရားဟောပါဠိတော်အုပ်ရေ(၄၀)
- အဋ္ဌကထာအုပ်ရေ(၅၁)
- ဋီကာအုပ်ရေ(၂၆)

ဓမ္မဒါန အလှူရှင်များအား ဂုဏ်ပြုပါသည်။

**ရွှေမန်းဆရာတော်-၀၉-၇၉၃၂၈၄၇၇၀**




**Capital Hypermarket (Dawbon Branch)**
No.14-E, Min Nandar Road, Dawbon Township, Yangon.
Ph : (01) 551 533 (Ext-116)

**Capital Hypermarket (Nay Pyi Taw Branch)**
No.2, Yarzathingaha Rd., Deckkhina Thiri Tsp (Hotel Zone-1), Nay Pyi Taw.
Ph : (067) 422070

**Capital Supermarket (North Dagon Branch)**
No.(1+2), Corner of Pinlon & Thinwin St, 33 Qtr, North Dagon Tsp, Yangon.
Ph : (01) 581 797

**Capital Supermarket (Htee Dan Branch)**
No. 74/82, Strand Rd., Zaylay Yard, Kyi Myin Daing Tsp, Yangon.
Ph: (01) 221 005

**Capital Supermarket (Aung San Branch)**
No. 4/5/6/7, Aung San Stadium Str, Pha Sa Pala Yard, Mingalar Taung Nyunt Tsp. Yangon. Ph : (01) 255 866

**Capital Express (North Okkala Branch)**
Thudhamma Road & Corner of Sapal 3rd Street, Hta Won Ba' Yard,
North Okkala Tsp, Yangon. Ph: (01) 969 1639

## ရေနံလုပ်ကွက်အမှတ်- အေ-၆ ဆိုင်ရာ
## နယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအစီရင်ခံစာအတွက်ကြေညာချက်

Woodside Energy (Myanmar) Pte Ltd (Woodside) သည် မြန်မာနိုင်ငံ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကမ်းလွန်ဒေသတွင် တည်ရှိသည့် ရေနံလုပ်ကွက်အမှတ် အေ-၆ တွင် ရေနံတွင်းတူးဖော်မည့် အစီအစဉ်တစ်ရပ်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရေနံတွင်းတူးဖော်ခြင်းအား တိကျစွာနေရာယူနိုင်သည့် ရွေ့လျားကမ်းလွန်ရေနံတွင်းတူးယူနစ် (MODU) အားအသုံးပြု၍ ၂၀၁၇ခုနှစ် အစောပိုင်းကာလတွင် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ တွင်းတူး ဆောင်ရွက်မည့် နေရာသည် အနီးဆုံးကမ်းခြေမှ အနည်းဆုံး (၂၀) မိုင် အကွာတွင် တည်ရှိပါသည်။

မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနည်းဥပဒေများအရ အဆိုပြုလုပ်ငန်းစဉ်အတွက် Woodside မှ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၅)အရ Woodside မှ စီမံကိန်းဆိုင်ရာ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအား Environmental Resources and Management (ERM) နှင့် E Guard Environmental Services (E Guard) တို့မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာအများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းအား အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့်အဖြစ် ရန်ကုန်၊ နေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။

အဆိုပြု လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက်များနှင့် Woodside ၏ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအား သိရှိလိုပါက Woodside ၏ အင်တာနက် ဝက်ဘ်ဆိုဒ် woodside.com.au/myanmar-consultation တွင်လေ့လာဖတ်ရှုနိုင်ပါသည်။ အကြံပြု သုံးသပ်ချက်များနှင့် မေးမြန်းလိုသည်များရှိပါက feedback@woodside.com.au နှင့် info@eguardservices.com သို့ (၂၁-၁၀-၂၀၁၆) ရက်နေ့ နောက်ဆုံးထား၍ စာရေးသား ပေးပို့နိုင်ပါသည်။

**YCI ရောင်ခြည်သစ်** (ထပ်)
**အိမ်ပြောင်း၊အိမ်ရွှေ့**
**ဝန်ဆောင်မှုကုမ္ပဏီ**
Office: 09 450454771,
09 450454772,
09 450454773

**ခက်ုံမြို့ညစ်**
အရှေ့ပိုင်း
သီဝကမ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားဖြစ်သူ မောင်တင်မောင်စိုး(PZDG-၀၀၈၉၆၄) သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏ ဆန္ဒအလျောက်ပြုမူလုပ်ဆောင်နေပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ၎င်းအားလက်ခံထားသူ၏ တာဝန်သာဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ခင်အေး[၁၂/ဗဟန(နိုင်)၀၉၀၁၂၆]**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၁)လမ်း၊ အမှတ်(၆၄ က+ခ)၊ မြေပေါ်တွင် ဆောက်လုပ်ထားသော ၂-ခန်းတွဲ (၆)ထပ်တိုက်၏ လက်ဝဲဘက်ခြမ်း၊ ခေါင်းရင်း(၆-လွှာ)၊ (၁၈. ၅×၅၄)ပေ အကျယ်အဝန်းရှိ နေအိမ်တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်တင်ရီ[၁၂/ဥကတ(နိုင်)၀၁၆၀၃၇]၊ ဦးရဲမြင့်အောင် [၁၂/ဥကတ(နိုင်)၀၁၆၀၃၈]တို့က မိမိတို့ပိုင်မြေပေါ်တွင် ကိုယ်တိုင်ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရာမှ ဖြစ်ထွန်းလာသော အခန်းဖြစ်ကြောင်း ဝန်ခံ၍ လက်ရောက်လွှဲပြောင်း ရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ဇော်မြတ် (LL.B)** | **ဒေါ်စုသန္တာဝင်း (LL.B.,LL.M)** |
| **(စဉ်-၈၅၀၉)** | **(စဉ်-၃၅၂၉၇)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**မြင့်မိုရ်တံခွန်(Law Firm)**
**ဖုန်း-၀၉-၇၃၀၅၄၃၃၉၊ ၀၉-၅၄၀၂၇၅၂၊ ၀၉-၄၃၀၃၁၁၅၀**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၇ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁၉-၉-၂၀၁၆ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၃-၁၁-၂၀၁၆ ရက်နေ့မှ ၃-၁၂-၂၀၁၆ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။
(င) မိဘအုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်ပါရှိရမည်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ် လစာ ၁၂၀၀၀၀ိ /- ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၁၂၅၀၀၀ိ/- ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၁၇၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၈၄၀၀၀ |
| (ခ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၁၇၀၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၈၆၀၀၀ |
| (ဂ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၁၇၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၁၈၈၀၀၀ |
| (ဃ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၀၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၁၈၀၀၀ |
| (င) | အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၁၅၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၃၃၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀၀ိ/- နှုန်းဖြင့် ၁၀၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထား နိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ် ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင် နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
# အင်ဂျင်နီယာသင်တန်းသားများ
# အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၂-၉-၂၀၁၆** ရက်နေ့မှ စတင်၍ **၂၆-၁၁-၂၀၁၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၁-၁-၂၀၁၇** မှ **၂-၁-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း။** အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း။** တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်။** ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

**BASIC ENGLISH SPEAKING**
10-11:30 (Mon ~ Thurs) 26 Sep
1 - 2:30 (Mon~Thurs) 3,24 Oct
3:30 - 5 (Mon ~ Thurs) 11 Oct

**BASIC FOUR SKILLS ENGLISH**
9 - 12:00 (Sat + Sun) 17 Sep
7:30 - 9 (Mon ~ Thurs) 19 Sep
3:30 - 5 (Mon ~ Thurs) 19 Sep
6 - 7:30 (Mon ~ Thurs) 20 Sep
1 - 4:00 (Sat + Sun) 24 Sep
1 - 2:30 (Mon ~ Thurs) 26 Sep
10-11:30 (Mon ~ Thurs) 27 Sep

**BASIC WRITING**
10-11:30 (Mon ~ Thurs) 3 Oct
1 - 4:00 (Sat + Sun) 29 Oct

**PRE-INTERMEDIATE (4-SKILL ENGLISH)**
1 - 2:30 (Mon ~ Thurs) 26 Sep
3:30 - 5 (Mon ~ Thurs) 3 Oct
10-11:30 (Mon ~ Thurs) 10 Oct
9 - 12:00 (Sat + Sun) 23 Oct
7:30 - 9 (Mon ~ Thurs) 24 Oct

**INTERMEDIATE (ACADEMIC ENGLISH)**
10-11:30 (Mon ~ Thurs) 14 Sep
1 - 2:30 (Mon ~ Thurs) 27 Sep
10-11:30 (Mon ~ Thurs) 10 Oct
1 - 4:00 (Sat + Sun) 15 Oct

**VOCAB ENRICHMENT**
7:30 - 9 (Mon ~ Thurs) 17 Oct
9 - 12:00 (Sat + Sun) 23 Oct

**BASIC GRAMMAR**
1 - 4:00 (Sat + Sun) 18 Sep
10 -11:30 (Mon ~ Thurs) 10 Oct

**BASIC ENGLISH SPEAKING**
3:30 - 5 (Mon~Thurs) 26 Sep
7:30-10:30 (Sat + Sun) 1 Oct
6 - 7:30 (Mon~Thurs) 10 Oct

**BASIC FOUR SKILLS ENGLISH**
9 - 12:00 (Sat + Sun) 24 Sep
3:30 - 5 (Mon~Thurs) 26 Sep
6 - 7:30 (Mon~Thurs) 3 Oct
10-11:30 (Mon~Thurs) 10 Oct

**IELTS (Preparation)**
7:30-9:30 (Mon~Thurs) 12 Sep
1 - 3:30 (Mon~Thurs) 26 Sep

**IELTS (Speaking + Vocab)**
7:30 - 9 (Mon~Thurs) 17 Oct

**IELTS (Reading + Vocab)**
10-11:30 (Mon~Thurs) 3 Oct

**BASIC GRAMMAR**
7:30-10:30 (Sat + Sun) 25 Sep

**PRE-INTERMEDIATE (4-SKILL ENGLISH)**
7:30 - 9 (Mon ~ Thurs) 26 Sep
6 - 7:30 (Mon ~ Thurs) 3 Oct
9 - 12:00 (Sat + Sun) 22 Oct

**INTERMEDIATE (ACADEMIC ENGLISH)**
7:30 - 9 (Mon ~ Thurs) 19 Sep

**IELTS (Preparation)**
4:30-7:30 (Sat + Sun) 24 Sep

**IELTS (Writing+Grammar)**
12:30-3:30 (Sat + Sun) 24 Sep

**IELTS (Grammar + Vocab)**
10-11:30 (Mon~Thurs) 24 Oct

**IELTS (Writing+Grammar)**
7:30 - 9 (Mon~Thurs) 26 Sep

APM Group (Car Rental)
မြို့တွင်း/နယ်ဝေး/လချုပ် ကားလေးမျိုးစုံ
ဈေးနှုန်းချိုသာစွာဖြင့် အငှားလိုက်သည်။
၀၉-၉၆၀၀၂၇၇၆၆၊ ၀၁-၅၄၆၇၈၈

"ဝမ်းတော်ပြည့်ပညာဒါန"
E.P.S-TOPIK (2015သင်ရိုးညွှန်းတမ်းအသစ်)
E.P.S-TOPIK စာမေးပွဲကို အလွယ်ကူဆုံး၊ အရှင်းဆုံးနည်းဖြင့် ဖြေဆိုအောင်မြင်အောင်သင်ကြားပေးမည်။
နေ့ရက် - Mon, Tue, Wed
အချိန် - (A) 2:00 - 3:30 (B) 3:30 - 5:00
သင်တန်း(အမှတ်စဉ်-၁) - (၃-၁၀-၂၀၁၆)ဖွင့်မည်။
နေရာ - ဝမ်းတော်ပြည့်ကျောင်းတိုက်၊ ပင်းယမှတ်တိုင်၊ တောင်ဥက္ကလာပမြို့နယ်။
Ph. 09-254259734 , 09-795625290

မာ် SEVEN စံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်။
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

ဦးဝင်းကို
B.Com(Q), CPA , ACCA
Accounting Gold Medalist
LCCI LEVEL 4
• LEVEL 4 (၁)ဘာသာအောင်မြင်ရုံဖြင့်
• ACCA - Part (1)(၃)ဘာသာ
ကင်းလွတ်ခွင့်ရမည့် အခွင့်အရေး
ကျောင်းအပ်လက်ခံပြီ
အမှတ်(၂၃-B)ပထမထပ် ၊ လှည်းတန်းလမ်းမ ၊ ကမာရွတ် ။
Tel: 09 550 7139, 09 511 8648




vietjetAIR.com

ဗိုး.....Vietjetဖြင့် ဗီယက်နမ် သို့လွယ်ကူစွာ ပျံသန်းနိုင်ပါပြီ!

၂၀၁၆ စက်တင်ဘာ ၂၁၊၂၂၊၂၃၊ Vietjetမှ ထောင်ပေါင်းများစွာသော အထူးအရောင်းမြှင့်တင်ရေးလက်မှတ်များကို "0" ကျပ်ဖြင့် ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ထို "0" ကျပ်လက်မှတ်များဖြင့် ရန်ကုန်မှ ဟိုချီမင်းအပါအဝင် အခြား ဗီယက်နမ်မြို့များသို့ သွားရောက်နိုင်မည် ဖြစ်ပြီး ထိုပရိုမိုးရှင်း လက်မှတ်များကို ပရိုမိုးရှင်းကာလအတွင်း နေ့စဉ် www.vietjetair.com ဝက်ဘ်ဆိုက်တွင် မနက် ၁၁ : ၃၀မှ နေ့လည် ၁ : ၃၀အတွင်း ဝယ်ယူ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ခရီးသွားရက်တွေကတော့ ၂၀၁၆ အောက်တိုဘာလ ၁ရက်နေ့မှ ၂၀၁၇ မတ်လ ၃၁ရက်နေ့ထိ ဖြစ်ပါတယ်။

နွေးထွေးပျူငှာပြီး အပြုံးများဝေဆာနေသော ဗီယက်နမ်နိုင်ငံ၏ အလှတရားများကို ခံစားဖို့အတွက် လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ချင်ပါသည်။ နိုင်ငံ၏ အံ့အားသင့်ဖွယ်ကောင်းသော အမွေအနှစ်များဖြစ်တဲ့ ကမ္ဘာ့အကြီးဆုံး သဘာဝလိုဏ်ဂူ Son Doong, Ha Long Bayကိုလှေလှော်ခြင်း ဒါမှမဟုတ် Hanoi မြို့ရှိ ရှေးဟောင်းရပ်ကွက်များတွင်လည်ပတ်ရင်း စိတ်ကူးယဉ်ဆန်သော ဆောင်းဦးရာသီ၏ အလှများကို ခံစားလေ့လာနိုင်မည်ဖြစ်သည်။

မနက်၁၁နာရီခွဲပြီ၊ Vietjetရဲ့အချိန်ရောက်ပြီ။
Vietjetနှင့်အတူ ပျံသန်းရင်း လုံခြုံစိတ်ချရပြီး ခေတ်မီအထက်တန်းကျတဲ့ လေယာဉ်ထိုင်ခုံတွေနဲ့ စတိုင်ကျကျပျံသန်းသော ဝန်ဆောင်မှုမျိုးကို ခံစားရမည်ဖြစ်သည်။ အံ့ဩဖွယ်ရာဖျော်ဖြေမှုများနဲ့အတူ ရင်းနှီးပျူငှာတဲ့ လေယာဉ်အမှုထမ်းများထံမှ အရသာရှိသော အစားအသောက်များကို ပူပူနွေးနွေးမှာယူစားသောက်ကာ စိတ်လှုပ်ရှားဖွယ်ကောင်းသော လေယာဉ်တွင်းဖျော်ဖြေမှုများကို ခံစားနိုင်မှာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့၏နေ့စဉ်ထူးခြားသည့်ပရိုမိုးရှင်းများအား www.vietjetair.com တွင်နေ့စဉ် မနက် ၁၁:၃၀ မှ နေ့လည် ၁:၃၀နာရီ အတွင်းရယူ၍ Vietjet ဖြင့်ပျော်ရွှင်စွာပျံသန်းလိုက်ပါ။

လက်မှတ်အရောင်းဌာနများ
Website: www.vietjetair.com
Mobile: https://m.vietjetair.com
Facebook: www.facebook.com/vietjetvietnam Tab "Booking"

AVIAREPS MYANMAR
အခန်းနံပါတ် ၀၁-၀၆ ၊ Yuzana Business Tower
အမှတ် ၂၅ ၊ မွေစေတီလမ်း၊ မြေနီကုန်းမြို့နယ်
ရန်ကုန်၊ မြန်မာ။
ဖုန်း - ၀၁ ၅၁၃၉ ၄၈၄
ဖက်စ် - ၀၁ ၅၁၃၉ ၄၈၄
Hotline - ၀၉ ၇၈၉ ၃၂၃၈၂၈




DONGFENG MOTOR
DRIVING SUCCESS
24 ROAD ASSISTANCE
2 YEARS WARRANTY
YANGON SHOWROOM
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304802, 2304801
www.Dongfeng-Myanmar.com
DFM-Myanmar
DFM

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# အထူးကျေးဇူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန်၊ တံတား၊ အလှူ့ဒါယကာကြီး

## ဦးမင်းလွင် အသက် (၈၁)နှစ် (ဦးမင်းလွင် စတိုး– ဘီးလင်းမြို့)

မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက် (၇)၊ မြို့ပတ်လမ်း၊ အမှတ် (၃) နေအိမ်၌ (၁၀–၉–၂၀၁၆)ရက်၊ (စနေ)နေ့တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားသော ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေကန်၊ တံတား အလှူ့ဒါယကာကြီး ဦးမင်းလွင် အသက် (၈၁)နှစ်၏ ဈာပန ကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြပါသော ဘီးလင်းမြို့မှ ရပ်မိရပ်ဖများနှင့် မြို့သူမြို့သားများ၊ ငှက်ပျောတောကျောင်းတိုက် ပဓာန နာယက ဆရာတော်၊ မြင်သာထေရဝါဒ စာသင်တိုက်ကျောင်း ဆရာတော်နှင့် ကျောင်းတိုက်အသီးသီးမှ ဆရာတော်/သံဃာတော်များ၊ မွန်ပြည်နယ် ဝန်ကြီးချုပ်နှင့် တကွ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်မှ ကိုယ်စားလှယ်များ၊ ပြည်နယ်/ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများနှင့် မိသားစုများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မိသားစုများ၊ မြို့နယ်ရှင်သန်ရေးနှင့် နာရေးကူညီမှုအသင်း၊ နှလုံးလှလူငယ် ပရဟိတအဖွဲ့သားများ၊ CB ဘဏ် (ဘီးလင်းဘဏ်ခွဲ) မိသားစုများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ အဖွဲ့ချုပ်ရပ်/ကျေးအသီးသီးမှ မိသားစုများ၊ သာရေး/နာရေးအဖွဲ့ဝင်များ၊ ရပ်နီးရပ်ဝေးမှ ကြွရောက်၍ ဝမ်းနည်းစကားဆိုခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း၊ လူမှုကွန်ရက်စာမျက်နှာများပေါ်မှလည်းကောင်း၊ သတင်းစာများမှလည်းကောင်း ဝမ်းနည်းစကားပြောပြီး သတင်းမေးမြန်း နှစ်သိမ့်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

သမီးကြီး–ဒေါ်ခင်ခင်မော်(ဦးမင်းလွင်–စတိုး) ၊ သမီး–ဦးမျိုးမြင့်+ဒေါ်အေးအေးမော်(ဧရာဝတီကားပစ္စည်းဆိုင်)၊
သား–ဦးဘုန်းနိုင်ဦး ၊ သမီး–ဒေါ်သီရိရတနာ(အမျိုးသားလွှတ်တော်ကိုယ်စားလှယ်)၊
မြေး–ဒေါ်ဖွန့်ဇော်မျိုးမြင့်(လက်ထောက်ညွှန်မှူး) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။







သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးထွန်းသီ

**လ/၄၈၃၄၈ မြို့နယ်ရဲတပ်ဖွဲ့မှူး(ငြိမ်း) လှိုင်လင်**

**အသက်(၉၃)နှစ်**

ဗိုလ်ချုပ်သန်းအောင်(ငြိမ်း) (ကျန်းမာရေးဝန်ကြီး-ငြိမ်း)-ပါမောက္ခ ဒေါက်တာဝင်းဝင်းမြတို့၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၄-၉-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီး ဒေါ်မြသဂီ မိသားစု**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊
မြေဒါယိကာမကြီး

### ဒေါ်ကျင်မြင့်

**အသက်(၇၇)နှစ်**

မုံရွာမြို့၊ ဗိုလ်ချုပ်လမ်း၊ အောင်မင်္ဂလာရပ်နေ ဟောင်ကောင်မိုဘိုင်း(ဦးတင်စိန်)၏ဇနီး ဒေါ်ကျင်မြင့် အသက်(၇၇) နှစ်သည် ၁၆-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကွမ်ရင်ဘုရားကျောင်း(မုံရွာ)**
**တရုတ်နွယ်ဖွား လူမှုကူညီရေးအသင်း**
**ဟုတ်ကြူးအမျိုးသား လူမှုကူညီရေးအသင်း**
**ဖုကျန့်အမျိုးသားလူမှုကူညီရေးအသင်း**
**ကွမ်တုံးအမျိုးသား လူမှုကူညီရေးအသင်း**
**ရွှင်ပျော်ပျော်တရုတ်စာသင်ကျောင်း**

## ဦးဟန်ဝင်း(ဆင်ပေါင်ဝဲ) ပါရမီရိပ်သာ (၉၃)နှစ်

**သမဝါယမ ဦးစီးဌာန(ငြိမ်း) (ရုံးချုပ်)**

ဆင်ပေါင်ဝဲမြို့နေ (သမာဓိမြို့ဝန် ဦးစိုး-ဒေါ်ကျင်မိ)တို့၏ သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ ပါရမီရိပ်သာ၊ စည်ပင်သာယာလမ်း၊ အမှတ် (35/N)နေ ဒေါ်မာမာခင်၏ ခင်ပွန်း၊ ဦးမင်းမော်-ဒေါ်ခင်မေဝင်း (USA)၊ ဦးသင်းဇော်-ဒေါ်ချိုချိုအုန်း၊ ဒေါ်ညိမ်းညိမ်းဝင်း (ဦးစီးအရာရှိ-ငြိမ်း၊ ပျားလုပ်ငန်းဌာန)၊ ဒေါ်အေးအေးဝင်း၊ ဒေါက်တာဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဝင်း (USA)တို့၏ဖခင်၊ ကိုမျိုးမင်းဝင်း-မစုစန္ဒာလွင် (USA)၊ ကိုအောင်အောင်ဇော်-မအိန္ဒြာဇော်၊ မအဥ္စလီဝင်းမြင့် (USA)တို့၏အဘိုး၊ မဆုန်လပြည့်ဇော် (Brain Work Parami)၊ မထက်ဝင်းရတီ(USA)တို့၏ ဘိုးဘိုးကြီးသည် ၁၇-၉-၂၀၁၆ (စနေနေ့) နံနက် ၆း၄၅ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ကာယကံရှင်၏ ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

### ဒေါ်ကြည်ကြည်ဝင်း(ခ)နန့်ခမ်းကြည် (၈၃)နှစ်

**(ကျုံပျော်-ချောင်းစောက်ရွာ)**

အုတ်ဖိုမြို့၊ မြို့မ(၁)လမ်းနေ ဒေါက်တာဦးလှမောင် (ဆေးရုံအုပ်ကြီး-ငြိမ်း၊ အရိုးအထူးကုဆေးရုံကြီး၊ ကြည့်မြင်တိုင်)၏ဇနီး၊ ရန်ကုန်မြို့၊ လမ်း(၄၀)၊ အမှတ်(၁၁၅)နေ ဒေါ်ကြည်သန်း၊ [ဒေါ်မြင့်မြင့်သန်း (ပါမောက္ခ၊ သမိုင်းဌာန၊ မော်လမြိုင်တက္ကသိုလ်)]၊ ဒေါက်တာကျော်ထင်မောင်(UK)-မအဲလစ်ဆိုင်ရော်၊ ဒေါက်တာအောင်မျိုးမောင်-ဒေါက်တာမေနွယ်ထွန်း(Malaysia)၊ ဒေါ်သန္တာမိုး-ဦးညီညီသက်မြင့်၊ ဒေါက်တာတင်ထွဋ်မောင်-မစန္ဒာသင်း(Malaysia)၊ ဒေါ်နွယ်နီမိုး-ဦးကျော်ဦးလွင်တို့၏ မွေးသမိခင်ကြီး၊ ဒေါက်တာထင်အောင်မောင်(UK)၊ ဒေါက်တာခိုင်စန္ဒာမောင်(Malaysia)၊ မျိုးသူရမောင်(Malaysia)၊ နှစ်သက်မြင့်မြတ်(ခ) (Juve ILBC)၊ ဝေယံကျော်လွင် (TTC)၊ သော်လင်းထက်လွင် (TTC)၊ ထူးမြတ်ကျော်လွင် (TTC)၊ မင်းဟိန်းခန့် (Malaysia)၊ Ethan မောင်(UK)တို့၏အဘွားသည် ၁၇-၉-၂၀၁၆ (စနေနေ့) ည ၈း၀၃ နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်ကြည်ဝင်း

**အသက်(၅၈)နှစ်**

သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် (၄/ခ)နေ (ဦးဝင်းမောင်-ဒေါ်သင်းကြည်)၏သမီးကြီး၊ (ဦးမြင့်သိန်း)-ဒေါ်ခင်စန်းတိုး၊ ဦးအောင်ကျော်ဝင်း (M.O.G.E)-ဒေါ်နုနုဝေ၊ ဦးမျိုးကြည် (M.O.G.E)-ဒေါ်ယဉ်ယဉ်စိုး၊ ဒေါ်ရီရီဝင်း(ဆေးသုတေသန)တို့၏ အစ်မ၊ ဒဂုံမြို့နယ်၊ ဦးဝိစာအိမ်ရာ၊ တိုက်(၂)၊ အခန်း (၁၅)နေ (ဦးစံထွေးအောင်-ဒေါ်ခင်ကြည်)တို့၏သမီးချွေးမ၊ ဦးခင်မောင်ထွေး(ခ)ဦးတွတ်၏ဇနီး၊ မိုးကျော်စွာ-ဖူးပွင့်အောင်တို့၏ မွေးသမိခင်၊ မခေတ်သစ်ကို၏အဘွားသည် ၁၇-၉-၂၀၁၆ (စနေနေ့) ညနေ ၄း၄၀နာရီတွင် ဦးဝိစာရအိမ်ရာ၊ တိုက်(၂)၊ အခန်း(၁၅)၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) [၂၃-၉-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ကိုစိုးမိုးအောင်

**အသက် (၃၆)နှစ်**

**General Manager**
**(Golden Eleven Group Service)**
**BBM,BA(German)**

သန်လျင်မြို့နေ ဦးစိန်ဝင်း-ဒေါ်ရှုယဉ်တို့၏သားငယ်၊ ပဲခူးတိုင်းဒေသကြီး၊ ထုံးကြီးမြို့နယ်နေ ဦးစိန်ဝင်း-ဒေါ်ခင်ဝင်းတို့၏ သားသမက်၊ မောင်ညွန့်ဝေ-မဖြိုးပပခိုင်တို့၏မောင်၊ ရန်ကုန်မြို့၊ အမှတ် (၁၂၂-A)၊ ပထမထပ်၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်နေ မအိမွန်သင်း၏ခင်ပွန်း ကိုစိုးမိုးအောင်သည် ၁၈-၉-၂၀၁၆ရက် နံနက် ၅း၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၆ (စနေနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အနိစ္စ

## ဒေါ်ကင်ပို့(ခ)အောင်ကင်ပို့

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂၄) လမ်း၊ အမှတ် (၆၄)၊ ပထမထပ်နေ ဦးအောင်မြင့်၏ဇနီး၊ ဦးဟန်သိန်း-ဒေါ်ခင်ခင်မြင့်၊ ဦးစိုးအောင်-ဒေါ်အေးအေးမြင့်၊ဦးမောင်မင်း-ဒေါ်မာမာ၊ ဒေါက်တာဒေါ်သိန်းသိန်းမြင့်၊ ဦးမျိုးလွင်-ဒေါ်မိုးမိုးမြင့်၊ ဒေါ်သန်းသန်းမြင့်တို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်တို့၏အဘွား ဒေါ်ကင်ပို့သည် ၁၇-၉-၂၀၁၆ (စနေနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ပုစိန် (၇၈)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဆင်ကူးလမ်းရပ်ကွက်နေ (ဦးကျော်ဇံ-ဒေါ်မစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ အမှတ် (၁၅၆၉/ခ)နေ ဦးစောထွန်း-ဒေါ်သိန်းမေဦး၊ ဒေါ်သိန်းနု၊ ဦးကျော်ခင်-ဒေါ်နှင်းရွှေတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ (မောင်ဇော်နိုင်ထွန်း)၊ မစောလှသီဂီ၊ မနန်းမြတ်သန္တာ၊ မောင်မျိုးမင်းထွန်း-မလင်းလင်း၊ မမျိုးသန္တာကျော်၊ မောင်ကျော်လင်းမောင်တို့၏ ချစ်လှစွာသောအဘွား၊ (ဦးကျော်ရင်)၏ ချစ်လှစွာသောဇနီးသည် ၁၈-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၃း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၆ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ကျန်စစ်သားလမ်း နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားခြင်း**

## ဒေါ်ဖရီဒါဘီဘီမာရကံ(ခ) ဒေါ်လှခင် (စစ်တွေ)

**အသက်(၆၅)နှစ်**

စစ်တွေမြို့၊ မင်းဘာကြီးလမ်း၊ အောင်မင်္ဂလာရပ်ကွက်နေ (ဦး S.D. မာရကံ-ဒေါ်တာဟေရာ @ ဒေါ်ခင်စော)တို့၏ သမီး၊ [ဦးအေရာဟိမ်း @ ဦးမောင်ဖြူ (SDO)-ဒေါ်မရိယမ် @ ဒေါ်မြရီ]တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၂၄) လမ်း၊ လေးလွှာ၊ အမှတ် (၅၂)နေ [ဦးဖာရိဒ်အာလာမ်@ ဦးတင်အောင် (လေတပ်-ငြိမ်း)]၏ ဇနီး၊ ဦးကျော်လှ-ဒေါ်ခင်ဆွေအောင်၊ ဟာဂျီ ဦးဝင်းမောင် - ဟာဂျီမ ဒေါ်သူဇာအောင်၊ ဦးသန်းစိုး - ဒေါ်ချယ်ရီအောင်၊ ဦးအောင်လင်းဇော်-ဒေါ်ခင်နု (ခေတ္တကနေဒါ)၊ ဦးအောင်ထွန်းလင်း-ဒေါ်စုမြတ်ထွန်း၊ ဦးကျော်လှဝင်း-ဒေါ်ခင်မို့မို့အောင်တို့၏ ကျေးဇူးရှင်မိခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ဖရီဒါဘီဘီမာရကံ @ ဒေါ်လှခင်သည် ၁၂-၉-၂၀၁၆ရက် ည၇း၁၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားပါသဖြင့် ၁၃-၉-၂၀၁၆ ရက် ညနေ ၄း၄၅နာရီတွင် ရေဝေး ကဘာရ်ရတန်၌ အဆွာရ်ဆွာလာသ်အပြီး ဒါဖနာပြုလုပ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## နန့်ဘဲနဒီး

**အသက်(၅၅)နှစ်**

**တပ်မတော်၊ ချည်မျှင်နှင့် အထည်စက်ရုံ- သမိုင်း**

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အမှတ် (၅၅/က)၊ ရှမ်းကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်နေ (ဆရာမန်း စိန်သန်း၊ နော်လူးစေ)တို့၏သမီး၊ (ဦးစောခင်မောင်၊ ဒေါ်နော်မူစေး)တို့၏သမီးချွေးမ၊ (စောဟဲထူး)၏ဇနီး၊ သိက္ခာတော်ရ ဆရာတော် မန်းစောလူးသယ်-နော်နိုးနိုတို့၏ ညီမ၊ စောဒေါနယ်မင်း-နော်မွေးကျင်တို့၏အစ်မ၊ တူ/တူမ နှစ်ယောက်တို့၏ အဒေါ် နန့်ဘဲနဒီးသည် ၁၇-၉-၂၀၁၆ (စနေနေ့) ည ၉း၅၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၉ နာရီတွင် တောင်သူကုန်းကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုပြီး ထိန်ပင် (ရန်ကုန်၊ ကရင်နှစ်ခြင်း ခရစ်ယာန်)သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

### ဒေါ်အေးမြင့် (သစ်စက်) မြို့လှမြို့

**အသက် (၈၂) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ မြို့လှမြို့၊ မြို့မြေရပ်ကွက်နေ (ဦးညီပု-ဒေါ်သန်း)တို့၏သမီး၊ ဦးခင်မောင်လွင်-ဒေါ်တင်ထွေးတို့၏ အစ်မ၊ ဦးဝင်းမြင့်-ဒေါ်ဆန်းဆန်းဦး(ဒုတိယညွှန်ကြားရေးမှူး၊အသံလွှင့်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊နေပြည်တော်)၊ ဦးစိုးဝင်း-ဒေါ်စမ်းသန္တာချို၊ ဦးစည်သူ-ဒေါ်သီတာ (မိဘမေတ္တာသစ်စက်)၊ ဦးနေဝင်းစိုး-ဒေါ်လွင်လွင်မာ၊ ဦးဖုန်းတင့်-ဒေါ်ခိုင်ဇင်ဝင့်(သစ်စက်)တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မဝင်းလဲ့လဲ့ဦး၊မရည်လွင်ချို၊ မမြတ်သဥ္ဇာမော်၊ မသဲနေနွယ်စိုး၊ မဇာယဉ်လဲ့နှင်း၊ မအေးချမ်းပြည့်စုံ၊ မသန္တာလင်းခိုင်၊ မစုယဉ်နွေးတို့၏ ချစ်လှစွာသောအဘွား၊ မောင်ခန့်ညားထွန်း၏ ဘေးဘေးကြီးသည် ၁၇-၉-၂၀၁၆(စနေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် မြို့လှမြို့၊ မြောက်ပိုင်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးသောင်းရွှေ အသက် (၈၀)

**ဆ-သ-ရ (မြန်မာ့မီးရထား-ငြိမ်း)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ရောဝတီလမ်း(၈၆)၊ သုံးလွှာ (B)နေ (ဦးလှဖေ-ဒေါ်မြညွန့်)တို့၏သား၊ (ဒေါ်ဝင်းကြည်)၏ခင်ပွန်း၊ ဦးကုလားလေး-ဒေါ်အုံးသီ၏မောင်၊ ဦးခင်ညို-ဒေါ်မြတင်တို့၏ ညီ/မောင်၊ ဒေါ်လှလှပို၊ ဦးသန့်ဇော်-ဒေါ်မြမြမော်၊ ဦးနေလင်းအောင်တို့၏ဖခင်၊ မစိမ့်ရွှန်းလဲ့ဇော်၊ မောင်ဇော်လင်းထွဋ်တို့၏ အဘိုးသည် ၁၈-၉-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၆ (စနေနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးမြင့်ဆွေ(ခ)ဦးညိုထွန်းဖြူ (၇၈)နှစ်

**တပ်ကြပ်ကြီးစာရေး(ငြိမ်း) ကာကွယ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၈)လမ်း၊ အမှတ်(၉၂၀/ခ)နေ (ဦးပိန်-ဒေါ်မြဒါ)တို့၏ သား၊ (ဦးစံအောင်-ဒေါ်ဖြူဖြူ)တို့၏ သားသမက်၊ ဒေါ်သိန်း၏ ခင်ပွန်း၊ (ဦးမြင့်ဇော်)-ဒေါ်ဆွေဆွေသိန်း၊ ဦးဆွေဝင်း-ဒေါ်အေးအေး၊ ဦးအေးနိုင်ဦး-ဒေါ်ခင်ဆွေယု၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ဆွေနု၊ ဦးဆွေလင်းတို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၁၈-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၆ (စနေနေ့) တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်ကျော်ဝင်း (၇၁)နှစ်

**မြန်မာ့လက်ရွေးစင်ဘောလုံးကစားသမားဟောင်း**
**(၁၉၆၉-၁၉၇၂)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ တိုက်(၂၅)၊ အခန်း (၅၄)၊ ခြောက်လွှာနေ (ဦးတင်ဝင်း-ဒေါ်သန်းစိန်)တို့၏ သားကြီး၊ (ဦးချစ်မောင်-ဒေါ်မမလေး)တို့၏ သားသမက်၊ ဒေါ်အမာနီ (ဌာနခွဲမှူး၊ စည်ပင်-ဈေးများဌာန)၏ချစ်လှစွာသောခင်ပွန်း၊ ဦးနန္ဒမာလာ၊ ဦးညွန့်သိန်း-ဒေါ်ဘက်စီဝင်း၊ ဦးခင်ဇော်-ဒေါ်နယ်လီဝင်း၊ ဦးခင်မောင်ရီ-ဒေါ်ဝင်းဝင်းမြင့်၊ ဦးခွန်ထွန်းသာ-ဒေါ်ခင်လှလှဝင်း၊ ဦးအောင်လွင်-ဒေါ်ခင်ရီရီဝင်းတို့၏ အစ်ကိုကြီး၊ ဦးမျိုးဝင်းနိုင်-ဒေါ်ခင်သီရိကျော်၊ ဦးဝဏ္ဏကျော်-ဒေါ်ရွှေဝါလင်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မဆုလဲ့ဝင်းနိုင်၊ မခင်ချောဆုသွယ်၊ မောင်ထူးအံ့ဝင်း၊ မောင်ရဲထက်ကျော်၊ မောင်မြတ်ကောင်းထက်ကျော်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၇-၉-၂၀၁၆ (စနေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးလှဌေး(ခ)ဖိုးကျော် (၅၉)နှစ်

**(ရေနံ သယ်/ပို့ ငြိမ်း)**

သထုံမြို့၊ ပေါ်တော်မူရပ်နေ (ဦးလှအောင်-ဒေါ်စိန်သန်း)တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးခင်မောင်-ဒေါ်အုန်းမေ)တို့၏ သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၅)ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၉၁၆)နေ ဒေါ်ခင်အုန်းမြင့် (၉ မိုင်၊ စက်မှုလယ်ယာ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဆန်းဝင်းဦး-မခင်မြတ်လတ်၊ မောင်ထင်ကျော်လတ်-ဒေါ်ဝေဇင်လှိုင်၊ မောင်နောင်ရဲမာန်လတ် (Myint Associates)-မကြည်ပြာလင်း(Union Daily)တို့၏ ချစ်လှစွာသောဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၁၇-၉-၂၀၁၆ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## မောင်သန့်ပြည့်စုံ

**အသက်(၁)နှစ် (၁၀)လ**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ် (၆၄၂)နေ ဦးဝင်းကြည်-ဒေါ်ရီရီနုတို့၏ ချစ်လှစွာသောမြေး၊ ဦးဆွေသန့်လင်း (ခေတ္တ-စင်ကာပူ)-ဒေါ်ကြည်ကြည်နု (TMW Enterprise co., Ltd.)တို့၏ သားထွေး၊ မောင်အောင်ကောင်းသန့်၏ ညီ၊ မောင်ကျော်ဝင်းထွန်း (ခေတ္တ-စင်ကာပူ)-မသက်မွန်လှိုင် (ဓာတ်မှန်ဌာန-သင်္ဃန်းကျွန်း၊ စံပြဆေးရုံကြီး)၊ မောင်ခိုင်လင်းသူ (Win Sammering Co., Ltd.)- မထက်ထက်စိုး (Melia Hotel Yangon)တို့၏တူ မောင်သန့်ပြည့်စုံသည် ၁၇-၉-၂၀၁၆ (စနေနေ့) နံနက် ၉း၃၀ နာရီတွင် ရန်ကုန်ကလေးဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၁၅နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

### ဘဒ္ဒန္တ တိက္ခ

**သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်**

**ဆည်ပေါက်ရွာဟောင်း၊ ကျောင်းကြီးကျောင်း**
**ကျောက်ပန်းတောင်းမြို့နယ်**

ကျောက်ပန်းတောင်းမြို့နယ်၊ ဆည်ပေါက်ရွာဟောင်း (မူလ)ကျောင်းကြီးကျောင်းဆရာတော် ဘဒ္ဒန္တ တိက္ခ၊ သိက္ခာတော်(၇၅)ဝါ၊ သက်တော်(၉၅)နှစ်သည် (၁၃၇၈ ခု၊ တော်သလင်းလပြည့်ကျော် ၁ ရက်) နံနက် ၁၁း၁၁ နာရီတွင် မကွေးမြို့၊ ကောင်းမွန် အထွေထွေအထူးကုဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ကလာပ်တော်ကို (တော်သလင်းလပြည့်ကျော် ၅ရက်) မွန်းလွဲ ၁နာရီတွင် အန္တိမအဂ္ဂိဈာပနကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ
ဆည်ပေါက်ကျေးရွာ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း**
**ကျောင်းအုပ်ဆရာတော်**

### ဘဒ္ဒန္တ ကဝိန္ဒ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)သာသနဓဇ

**ဓမ္မာစရိယ၊ B.Sc (Physics)**

**သိက္ခာတော်(၄၆)ဝါ၊ အသက်တော်(၆၆)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၈)ရပ်ကွက်၊ မဟာရံသီ ပရိယတ္တိပဋိပတ္တိကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်၊ သံဃသမ္မုတိရ သံဃာကိုယ်စားလှယ်၊ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ပုသိမ်မြို့ ဘဝတန်ဆောင် အဘိဓမ္မာပြန့်ပွားရေးအသင်း စတင်တည်ထောင်သူ၊ ပုသိမ်မြို့ သုဓမ္မာဂိုဏ်း တွဲဖက်အတွင်းရေးမှူး၊ ထေရဝါဒဗုဒ္ဓသာသနာပြုရဟန်းတော်၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇ ဓမ္မာစရိယ၊ [B.Sc (Physics)] ဘဒ္ဒန္တကဝိန္ဒ မဟာထေရ်မြတ် သက်တော် (၆၆)နှစ်၊ သိက္ခာတော် (၄၆)ဝါသည် (၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ရက်) ၁၇-၉-၂၀၁၆ (စနေနေ့) နံနက် ၀၀း၅၅ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင်ကို (၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ရက်) ၂၃-၉-၂၀၁၆ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ပုသိမ်မြို့ မဟာရံသီ ပရိယတ္တိ ပဋိပတ္တိကျောင်း၌ ဆင်ယင်ကျင်းပပြုလုပ်ပြီး သရောင်းချောင်း မီးသင်္ဂြိုဟ်စက်သို့ ပင့်ဆောင်ကာ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
မဟာရံသီ ပရိယတ္တိပဋိပတ္တိကျောင်းတိုက်(ပုသိမ်မြို့)

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

### ဆရာဦးမြတင်(ရေးမြို့) (၉၆)နှစ်

**ရေးမြို့နယ်အသင်းနာယက**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၁/၄)၊ ညောင်တုန်းလမ်းနေ [ဒေါ်အိမ်ခင်(ရေးမြို့)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်စင် (ကုန်သွယ်/လယ်ယာ)-ဒေါ်ဝင်းဝင်းမြ၊ ဒေါ်ခင်နွယ်နွယ် (ဆေးနှင့်ဆေးပစ္စည်းကော်ပိုရေးရှင်း)၊ ဒေါ်ခင်မျိုးညွန့်(ပြည်တွင်းအခွန်)၊ [ဦးသီ(တရားသူကြီး)]-ဒေါ်ခင်ဆွေဌေး၊ ဒေါ်ခင်သီဆန်း(ပညာရေးဌာန)၊ ဦးတင့်လွင်(ပညာရေးဌာန)-ဒေါ်သန်းညွန့်၊ ဒေါ်ခင်ချိုချို (စိုက်ပျိုးရေး)၊ ဒေါ်ခင်ဝင်းသန့် (ဗိုလ်ကြီး-ငြိမ်း)၊ (အမှတ်-၂၊ စစ်ဆေးရုံ)တို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၉-၂၀၁၆ (စနေနေ့) ည ၁၀း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

### ဆရာဦးမြတင်(ရေးမြို့) (၉၆)နှစ်

**ရေးမြို့နယ်အသင်းနာယက**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် (၁/၄)၊ ညောင်တုန်းလမ်းနေ [ဒေါ်အိမ်ခင်(ရေးမြို့)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသန့်စင် (ကုန်သွယ်/လယ်ယာ)-ဒေါ်ဝင်းဝင်းမြ၊ ဒေါ်ခင်နွယ်နွယ် (ဆေးနှင့်ဆေးပစ္စည်းကော်ပိုရေးရှင်း)၊ ဒေါ်ခင်မျိုးညွန့် (ပြည်တွင်းအခွန်)၊ [ဦးသီ(တရားသူကြီး)]-ဒေါ်ခင်ဆွေဌေး၊ ဒေါ်ခင်သီဆန်း (ပညာရေးဌာန)၊ ဦးတင့်လွင် (ပညာရေးဌာန)-ဒေါ်သန်းညွန့်၊ ဒေါ်ခင်ချိုချို (စိုက်ပျိုးရေး)၊ ဒေါ်ခင်ဝင်းသန့် (ဗိုလ်ကြီး-ငြိမ်း)၊ (အမှတ်-၂၊ စစ်ဆေးရုံ)တို့၏ ဖခင်၊ မြေးရှစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၇-၉-၂၀၁၆ (စနေနေ့) ည ၁၀း၄၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၆ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ရေးမြို့နယ်အသင်း

## ဦးအောင်ခင် (ခတ္တိယ/ကျွန်းဦး) (၉၄)နှစ်

**လ/ထ ငွေစာရင်းမှူး(ငြိမ်း)၊ မြန်မာ့မီးရထား**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ်(၂၆)နေ (ဦးပု-ဒေါ်အိ)တို့၏ သား၊ (ဒေါ်ထွေးရင်)၏ ခင်ပွန်း၊ ဒေါ်စန်းစန်းနွယ် (ဒု-ညွှန်မှူး-ငြိမ်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်သန်းသန်းစု (ဦးစီးအရာရှိ-ငြိမ်း၊ လူမှုဖူလုံရေးအဖွဲ့)၊ ဦးချိုထွန်း (ညွှန်မှူး-လဝက၊ နေပြည်တော်)-ဒေါ်ချိုချိုဝင်း၊ ဒေါ်ချယ်ရီအောင် (အထက-၄၊ အလုံ)၊ ဦးသော်ဇင်-နော်မျိုးမျိုးထိုက်တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဦးအောင်ခင်သည် ၁၈-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ် အမိန့်တော်ခံယူခြင်း

### ဒေါ်ဖြူဖြူ(ခ)ရမ်ဇန်ဘီဘီ (၆၆)နှစ်

ပျဉ်းမနားမြို့၊ ရန်အောင်(၂)၊ (၈/၅၁)နေ (ဟာဂျီ ဦးသိန်းမောင်-ဒေါ်နုမေ)တို့၏ ချစ်လှစွာသော သမီး၊ (ဦးတင်ဦး)၊ ဦးဘိုကျော်-ဒေါ်အမာနီ၊ ဒေါ်တင်ရီတို့၏ ချစ်လှစွာသော ညီမ၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်ရီရီမြင့်၊ ဒေါ်ကြည်ကြည်မြင့်၊ ဒေါ်ချစ်ချစ်၊ ဒေါ်ခင်စန်းမာတို့၏ ချစ်လှစွာသော အစ်မကြီး၊ ကိုမျိုးခင်-မမြတ်နှင်းမာ၊ ကိုအောင်စိုးကျော်၊ မထူးထူးကျော်၊ ကိုကြည်သာမောင်မောင်တို့၏ ချစ်လှစွာသောအဒေါ်၊ မသက်နှင်းထိုက်၊ မထက်နှင်းစုဝေတို့၏ ချစ်လှစွာသောအဘွားသည် ၁၆-၉-၂၀၁၆ (သောကြာနေ့) နံနက် ၉နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့တွင်ပင် အစွာရ်နမာဇ်အပြီး ကွေ့ကြီးကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

# မျိုးဆက်သစ် ရိုးရာလက်ဝှေ့ပွဲများယှဉ်ပြိုင်၊ တွဲဆိုင်းအများစု ဒိုင်ပွဲရပ်ဖြင့်နိုင်

**ရန်ကုန် စက်တင်ဘာ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်)ကစီစဉ်သည့် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့အားကစားရုံ၌ ကျင်းပရာ ပွဲစဉ်အများစု ဒိုင်ပွဲရပ်အနိုင်ရလဒ်များဖြင့် အဆုံးသတ်ခဲ့သည်။

ယခုယှဉ်ပြိုင်ထိုးသတ်သည့်ပွဲစဉ်များတွင် သုံးချီမျိုးဆက်သစ်ပွဲ ငါးပွဲ၊ လေးချီနှစ်ပွဲနှင့် အမျိုးသမီးလက်ရည်စစ်ပွဲစဉ် တစ်ပွဲတို့ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမပွဲစဉ်တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးကြေးတံဆိပ်ဆုရှင် ကောင်းထက်(သထုံ)နှင့် စောအိုကေ တို့တွဲဆိုင်း ပထမအချီမှာပင် စောအိုကေ၏ ပါဝါအားမြင့်သည့် ထိုးသတ်ချက်များကြောင့် ကောင်းထက်လဲကျပြီး စောအိုကေကို အရှုံးပေးလိုက်ရသည်။ စစ်ထန်(နဂါးမာန်)နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးငွေတံဆိပ်ဆုရှင် ဝဏ္ဏ(ဝင်းက)တို့ ပွဲစဉ်ပထမအချီမှာပင် စစ်ထန်အနားတောင်းလိုက်ရသည်။ သို့သော် ဒုတိယ အချီ ပြန်အတည်တွင် တိုက်ရည်တက်လာသည့်စစ်ထန်ပြိုင်ဘက် ဝဏ္ဏကို အလဲထိုးဖြင့် ဒုတိယအချီမှာပင် အနိုင်ရလိုက်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✱**

စာမျက်နှာ ၉ ကော်လံ ၁ သို့




မြေများဖို့ထားသည့် စီမံကိန်းနေရာကို တွေ့ရစဉ်။



# ဝက်ဖို့ဒ်အသင်းအား ထပ်မံရှုံးနိမ့်၍ မန်ယူအသင်း သုံးပွဲဆက်ရှုံး

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၅)တွင် ဝက်ဖို့ဒ်အသင်းအား သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲဆက်တိုက်ရှုံးပွဲကြုံခဲ့ရသည့်ပြင် ကြားပွဲစဉ်ဖြစ်သည့် ယူရိုပါလိဂ်တွင်လည်း ဖီယင်နူအသင်းကို ရှုံးနိမ့်ခဲ့ခြင်းကြောင့် သုံးပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

မန်ယူအသင်းသည် ပွဲစဉ်(၄)တွင် မန်ချက်စတာမြို့ခံပြိုင်ဘက် မန်စီးတီးအသင်းအား ရှုံးနိမ့်ခဲ့ပြီး ဖီယင်နူအသင်းအား ထပ်မံရှုံးပွဲကြုံခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် ယခု ဝက်ဖို့ဒ်အသင်းနှင့် ပွဲစဉ်တွင်လည်း ပထမပိုင်းပွဲကစားချိန်အစောပိုင်းမှာပင် ဂိုးသမား ဒေးဗစ်ဒီဂီယာ၏ အမှားမှတစ်ဆင့် ဦးဆောင်ဂိုးပေးရမည့်အနေအထားတွင် ရှိနေခဲ့သော်လည်း ဝက်ဖို့ဒ်အသင်းအနေဖြင့် အဆုံးသတ်မသေချာမှုကြောင့် ဦးဆောင်ဂိုးနှင့် လွဲခဲ့ရသည်။

ယင်းပွဲစဉ်တွင် ဝက်ဖို့ဒ်အသင်းသည် ပွဲကစားချိန် ၃၄ မိနစ်တွင် ကာပူး၏သွင်းဂိုးဖြင့် ဦးဆောင်ဂိုးပြန်လည်ရရှိခဲ့ပြီး ပထမပိုင်းပွဲကစားချိန်အပြီးတွင် ဝက်ဖို့ဒ်အသင်းက ဧည့်သည်မန်ယူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

သို့ရာတွင် မန်ယူအသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးပြန်လည်ရရှိရေးအတွက် အကြိတ်အနယ်ကစားခဲ့ရာ ပွဲကစားချိန် ၆၂ မိနစ်တွင် ရက်ရှ်ဖို့ဒ်၏ သွင်းဂိုးဖြင့် ချေပဂိုးပြန်လည်ရရှိခဲ့သော်လည်း ပွဲကစားချိန် ၈၃ မိနစ်နှင့် နာကျင်အချိန်ပိုတို့တွင် ဇူနီဂါနှင့် ဒီနေးတို့က တစ်ဂိုးစီသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဝက်ဖို့ဒ်အသင်းက မန်ယူအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဝက်ဖို့ဒ်အသင်းသည် မန်ယူအသင်းနှင့် အမှတ်ပေးဇယားတွင် နှစ်မှတ်ကွာအနေအထားသို့ ရောက်ရှိသွားခဲ့သည်။**(ငွေကြယ်)**

# မြန်မာ ယူ-၁၉ အသင်း ကမ္ဘောဒီးယားကို ဂိုးပြတ်သွင်း

**ရန်ကုန် စက်တင်ဘာ ၁၈**

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၆ အာဆီယံယူ-၁၉ ပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ကျင်းပရာ မြန်မာယူ-၁၉ အသင်း နိုင်ပွဲပြန်ရခဲ့သည်။

**စာမျက်နှာ ၉ ကော်လံ ၄ သို့ ○**

စာမျက်နှာ ၉ ကော်လံ ၄ သို့



မြန်မာအသင်းနှင့် ကမ္ဘောဒီးယားအသင်းယှဉ်ပြိုင်နေစဉ်။ *(ဓာတ်ပုံ-MFF)*

